# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ နတ်တော်လပြည့်ကျော် (၁၀) ရက် ၊ တနင်္ဂနွေနေ့ ၊ (18-12-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၂၃၂)


### ဒို့တာဝန်အရေးသုံးပါး

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိ ရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေး လုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက် ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ် နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီး ကိုးထပ်ကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနားကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီး ကိုးထပ်ကုသဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီး ကိုးထပ်ကုသဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါဆေးရုံ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ ဌာနဆိုင်ရာမှတာဝန်ရှိသူများ၊ ဆေးရုံအထောက်အကူပြု အဖွဲ့ဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ဆေးကုသဆောင်သစ်ကို ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ **စာမျက်နှာ ၁၇ ကော်လံ ၁ သို့**

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဗိုလ်လုပွဲ၊ ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကျင်းပပုံများကို ယင်းနေ့မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV-HD၊ MRTV Sports Channel၊ MWD HD Channel၊ MWD Variety HD Channel၊ MRTV Web & App နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း မိဘပြည်သူများကို လေးစားစွာကြိုတင် အသိပေးအပ်ပါသည်။

**(သတင်းစဉ်)**

**အချိုးကျကိုယ်စားပြုစနစ် Proportional Representation System(PR) အကြောင်းသိကောင်းစရာ စကားဝိုင်းဆွေးနွေးပွဲ ဆောင်းပါး** စာမျက်နှာ - ၂၀

**မြန်မာအမျိုးသားလေကြောင်းလိုင်းက ရန်ကုန်-ချင်းမိုင်-ရန်ကုန် တိုက်ရိုက်ပျံသန်းမှုခရီးစဉ် ဒီဇင်ဘာ ၂၁ ရက်မှစ၍ တစ်ပတ်လျှင် သုံးကြိမ်ထိ တိုးချဲ့ပျံသန်းပြေးဆွဲပေးသွားမည်** စာမျက်နှာ - ၅




ရတနာပုံ
၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်
အယ်ဒီတာ့အာဘော်

# သက်ကြီးစာပေပညာရှင်ကြီးများကို ပူဇော်ကန်တော့

"စာပေမြင့်မှ လူမျိုးတင့်မည်"ဆိုသည့်အတိုင်း စာပေသည် လူသားတိုင်းအတွက် အရေးပါပေသည်။ ထို့ပြင် စာပေသည် လူမျိုး၏အသက်ပင်ဖြစ်သည်။ ထို့ကြောင့် စာပေကွယ်ပျောက်လျှင် လူမျိုးလည်း ကွယ်ပျောက်တတ်ပေသည်။ စာပေတွင် သုတ၊ ရသ စာပေဟူ၍ ရှိသည်။ အဆိုပါ စာပေတို့သည် နိုင်ငံနှင့်လူမျိုးတို့အတွက် အရေးပါသောအခန်းကဏ္ဍ တစ်ရပ်ပင်ဖြစ်ပေသည်။

သုတစာပေကိုဖတ်လျှင် နိုင်ငံနှင့်လူမျိုး၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများ၊ စီးပွားရေးဆိုင်ရာ အချက်အလက်များ၊ ခေတ်မီတိုးတက်လာသော ခေတ်အခြေအနေများကို စုံလင်စွာသိရှိနိုင်သည်။ ရသစာပေကို ဖတ်ရှုလျှင် လူ့သဘာဝ၊ လူ့လောက၏ အဆိုးအကောင်း၊ အကျိုးအပြစ်တို့ကို သိမြင်နိုင်မည်ဖြစ်သည်။ စာပေသည် မျိုးချစ်စိတ်ဓာတ်ရှင်သန်ခြင်း၊ အမျိုးသားယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုရှိစေခြင်း၊ အကျင့်စာရိတ္တကောင်းမွန်စေခြင်း စသည့်ကောင်းကျိုးဟူသမျှကို ပေးစွမ်းနိုင်သောဂုဏ်ရည်နှင့် ပြည့်ဝပေသည်။

ထို့ကြောင့် သုတ၊ ရသ စာပေတို့ကို ရေးသားခဲ့ကြသော သက်ကြီးစာပေပညာရှင်ကြီးများကို ပူဇော်ကန်တော့ခဲ့ကြသည်။ ထိုသို့ ကန်တော့ခဲ့ရာတွင် စာပေလုပ်သားအဖွဲ့က ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၈ ခုနှစ်ထိ ရှစ်ကြိမ်၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ၁၉၉၄ ခုနှစ်မှ ၂၀၁၁ ခုနှစ်ထိ ၁၈ ကြိမ်၊ စာရေးဆရာအသင်းက ၂၀၁၂ ခုနှစ်မှ ၂၀၁၉ ခုနှစ်ထိ ရှစ်ကြိမ် စုစုပေါင်း ၃၄ ကြိမ် ရှိခဲ့ပြီဖြစ်သည်။ ကိုဗစ်-၁၉ ကာလတွင် သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို ရပ်နားခဲ့ရသော်လည်း ယခု ၂၀၂၂ ခုနှစ်တွင် ၃၅ ကြိမ်မြောက်အဖြစ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲကို ကျင်းပခြင်းဖြစ်သည်။

ပထမအကြိမ်အဖြစ် ၁၉၈၀ ပြည့်နှစ်တွင် သက်ကြီးစာပေပညာရှင် (ရန်ကုန်တိုင်းဒေသကြီးအတွင်း)က ၁၀ ဦးနှင့် စတင်ခဲ့သော သက်ကြီးစာပေ ပညာရှင်များပူဇော်ကန်တော့ပွဲသည် တစ်နိုင်ငံလုံးရှိ သက်ကြီးစာပေပညာရှင်ကြီးများ ပါဝင်လာသော ၂၀၁၉ ခုနှစ် ၃၄ ကြိမ်မြောက် ပူဇော်ကန်တော့ပွဲ၌ ၂၇၆ ဦးထိ ရှိလာခဲ့သည်။ သို့သော် ကိုဗစ်-၁၉ ကာလအတွင်း နှစ်နှစ်ရပ်နားခဲ့ရချိန်တွင် ကန်တော့ခံသက်ကြီးစာပေပညာရှင် ၉၅ ဦး ကွယ်လွန်ခဲ့သောကြောင့် ၁၈၁ ဦးသာ ကျန်ရှိခဲ့သည်။ ယခုနှစ် ၃၅ ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲတွင် ၆၆ ဦးတိုးလာခဲ့ရာ စုစုပေါင်း ၂၄၇ ဦးကို ကန်တော့ကြခြင်းဖြစ်သည်။

စာပေမြင့်မားရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိပေသည်။ ပညာခေတ်တွင် စာပေသည် လူသားတို့နှင့် ကင်းကွာ၍မရဘဲ ခေတ်အဆက်ဆက်ပြောင်းလဲတိုးတက်လာသော စာပေမှသည် မျက်မှောက်ခေတ်စာပေရေးရာများကို လိုအပ်သလို လေ့လာမှတ်သားကြရမည်ဖြစ်သည်။ ခေတ်စနစ်ပြောင်းလဲလာသော်လည်း မပျောက်ပျက်အောင် ထိန်းသိမ်းရမည့်ဓလေ့ထုံးစံများ၊ သမိုင်းအမွေအနှစ်များသည် စာပေပညာရှင်ကြီးများရေးသားထားသော သမိုင်းမှတ်တမ်းစာပေများတွင်သာ လေ့လာသိရှိနိုင်မည်ဖြစ်ပေသည်။

သို့ဖြစ်ရာ စာပေဖတ်ရှုလေ့လာကြသူများကို စာပေဗဟုသုတများရရှိစေရန်၊ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုရှင်သန်လာစေရန်အတွက် မြန်မာ့အမွေ၊ သမိုင်းအမွေဖြစ်သော သုတ၊ ရသစာပေတို့ကို နိုင်ငံအကျိုးရှေးရှု၍ ရေးသားခဲ့ကြသော သက်ကြီးစာပေပညာရှင်ကြီးများ၏ စာပေဂုဏ်ကျေးဇူးကို ရည်မှတ်ကာ ပူဇော်ကန်တော့ကြသည့်ယဉ်ကျေးမှု အစဉ်အလာကောင်းများကျင့်သုံးကြခြင်းကို ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဒီဇင်ဘာ ၁၇**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေဠုဝန်စနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၁၃၅၃၂၈ ဦးလာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"ဝေဠုဝန်စနကျောက်စိမ်းစေတီတော်ကို နယ်စုံက ဘုရားဖူးတွေ လာရောက် ဖူးမြော်ကြပါတယ်။ ဒီနေ့ဟာ ရုံးတွေ၊ ကျောင်းတွေ ပိတ်တော့ ဘုရားဖူးဦးရေတိုးပြီး စည်ကားနေပါတယ်။ ဘုရားဖူးတွေဟာ နားနေဆောင်မှာ အနားယူပြီး အပန်းဖြေကြတာ တွေ့ရပါတယ်။ သနပ်ခါးကျောက်ပျဉ်ကြီးတွေလဲ ထားရှိပေးထားပြီး ဝင်ရောက်လိမ်းခြယ်ကြသူတွေနဲ့ စည်ကားနေပါတယ်။ လိုဏ်ဂူအတွင်းကိုလဲ ဝင်ရောက်လေ့လာကြပါတယ်။ အမှတ်တရပစ္စည်းအရောင်းဆိုင်တွေလဲ ဖွင့်လှစ်ရောင်းချကြတာကို တွေ့ရပါတယ်" ဟု ဝေဠုဝန်စနကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ဝေဠုဝန်စနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ ညနေထိ ဘုရားဖူး ၁၄၈၁ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ ညနေထိ ဘုရားဖူး ၁၃၃၁၁၅ ဦး လာရောက် ဖူးမြော်ကြောင်း၊ ဘုရားကို နံနက် ၄ နာရီ မိနစ် ၃၀ မှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများ အနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၇၃၂ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်တွင် ပဲတီစိမ်းအရောင်းအဝယ်ကောင်းလာမှုကြောင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၈၀၀၀ ဖြင့် ဈေးကောင်းရရှိ

**မန္တလေး ဒီဇင်ဘာ ၁၇**

မန္တလေးဈေးကွက်တွင် ပဲတီစိမ်းအရောင်းအဝယ်ကောင်းလာမှုကြောင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၈၀၀၀ ဖြင့် ဈေးကောင်းရရှိနေကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိ ပဲတီစိမ်းကို ပြည်တွင်းဈေးကွက်အတွင်းက ဝယ်ယူမှုများပြားလာကြောင်း၊ ဒီဇင်ဘာလ ဒုတိယပတ်မှစ၍ ပဲတီစိမ်းများ အရောင်းအဝယ် ကောင်းမွန်လာခြင်းကြောင့် မန္တလေးဈေးကွက်တွင် ဈေးကောင်းရရှိလာကြောင်း သိရသည်။

"အခုလက်ရှိ ပဲတီစိမ်းအသစ်တွေ မန္တလေးဈေးကွက်အတွင်း ဝင်မလာသေးတာကြောင့် လက်ကျန်အဟောင်းတွေကိုပဲ ဈေးကွက်ထဲ အရောင်းအဝယ် လုပ်နေတယ်။ တရုတ်ဘက်ကို အဓိကထားတင်ပို့တဲ့ ပဲတီစိမ်းတွေကို ပြည်တွင်းမှာ ဝယ်ယူမှုများတာကြောင့် အခုလတ်တလော ပြန်ပြီးဈေးနှုန်းကောင်းလာပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ဒီဇင်ဘာလ ပထမပတ်အတွင်းက ပဲတီစိမ်းဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၀၀၀၀ သာရှိခဲ့သော်လည်း ဒီဇင်ဘာ ၁၆ ရက်တွင် ပဲတီစိမ်း သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၈၀၀၀ ပေါက်ဈေးရှိပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

"ကုန်စည်ဒိုင်အတွင်းမှာ ပဲတီစိမ်းအရောင်းအဝယ်လုပ်တဲ့ ကုန်သည်တွေ အခုလတ်တလောပြန်ပြီး များလာတယ်။ ပဲတီစိမ်းအပြင် အချို့ကုန်စည်တွေလဲ အရောင်းအဝယ်ဖြစ်ပါတယ်။ အခုကတော့ ပဲတီစိမ်းက အဝယ်လိုက်နေတာကြောင့် ဈေးကောင်းပြန်ရနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေး-တကောင်း ရေလမ်းကြောင်းတစ်လျှောက်တွင် ရေလမ်းညွှန်အမှတ်အသား အခုရေ ၂၈၀ စိုက်ထူမှုပြီးစီး

**မန္တလေး ဒီဇင်ဘာ ၁၇**

မန္တလေး-တကောင်း ရေလမ်းကြောင်းတစ်လျှောက်တွင် ဒီဇင်ဘာလအတွက် ရေပေါ်ပြ၊ ကမ်းပေါ်ပြ ရေလမ်းညွှန်အမှတ်အသားအခုရေ ၂၈၀ စိုက်ထူမှုလုပ်ငန်း ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ယခုလက်ရှိ ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ကာလ၌ သင်္ဘောများအဆင်ပြေစွာသွားလာနိုင်ရေး မန္တလေး-တကောင်း ရေလမ်းကြောင်း တစ်လျှောက်တွင် ယခုနှစ် ဒီဇင်ဘာ ၄ ရက်မှစ၍ ရေပေါ်ပြရေလမ်းညွှန် အမှတ်အသားအခုရေ ၁၃၀ နှင့် ကမ်းပေါ်ပြရေလမ်းညွှန်အမှတ်အသား အခုရေ ၁၅၀ စုစုပေါင်း ရေလမ်းညွှန်အမှတ်အသားအခုရေ ၂၈၀ ကို စိုက်ထူပြသပေးကြောင်း သိရသည်။

"မန္တလေး-တကောင်း ရေလမ်းကြောင်းတစ်လျှောက်မှာ ဒီဇင်ဘာ ၄ ရက်ကနေစပြီးတော့ ရေပေါ်ပြရေလမ်းညွှန်အမှတ်အသားနဲ့ ကမ်းပေါ်ပြရေလမ်းညွှန်အမှတ်အသား စိုက်ထူပြသပေးတဲ့ လုပ်ငန်းတွေ ဆောင်ရွက်ခဲ့ပါတယ်။ ဒီဇင်ဘာလ ဒုတိယပတ်ထဲမှာတော့ ရေပေါ်ပြရေလမ်းညွှန်အမှတ်အသား အခုရေ ၁၃၀ နဲ့ ကမ်းပေါ်ပြရေလမ်းညွှန်အမှတ်အသားအခုရေ ၁၅၀ ကို စိုက်ထူပြသပေးနိုင်ခဲ့ပါတယ်။ လုပ်ငန်းပြီးစီးမှုကတော့ ရာနှုန်းပြည့် ပြီးစီးသွားပါပြီ"ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

မန္တလေး-တကောင်း ရေလမ်းကြောင်းတစ်လျှောက် သွားလာကြမည့်ခရီးသည်တင်သင်္ဘောများနှင့် ကုန်တင်သင်္ဘောများ ယခု ရေနည်းချိန်ကာလတွင် သောင်တင်မှုများ မရှိစေရေးနှင့် ရေလမ်းကြောင်းမမှားစေရေးအတွက် ရေလမ်းညွှန်အမှတ်အသားများကို ဂရုပြုသွားလာကြရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဥတ္တရခရိုင်၌ ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေး ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

နေပြည်တော်ပြည်ထောင်စုနယ်မြေ ဥတ္တရခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၁၆ ရက် မွန်းလွဲ ၂ နာရီက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးမျိုးက သင်တန်းဆင်းအမှာစကားပြောကြားသည်။

ဆက်လက်၍ ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးလင်းက သင်တန်းသား၊ သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ရာ သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးနှင့် သင်တန်းသူတစ်ဦးက လက်ခံရယူကြသည်။

အဆိုပါသင်တန်းကို ခရိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ ဝန်ထမ်း ၁၅ ဦးတက်ရောက်ကြပြီး သင်တန်းတွင် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေများကို စီမံခန့်ခွဲသုံးစွဲရာ၌ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲခြင်း၊ ငွေစာရင်းများစနစ်တကျ ထိန်းသိမ်းရေးသွင်းခြင်း၊ စာရင်းစစ် အကြံပြုချက်များလျော့နည်းစေရေးအတွက် ဘဏ္ဍာရေးဆိုင်ရာ ညွှန်ကြားချက်များကို သင်တန်းနည်းပြများက စာတွေ့၊လက်တွေ့ဖြင့် ဒီဇင်ဘာ ၁၂ ရက်မှ ဒီဇင်ဘာ ၁၆ ရက်ထိ ငါးရက်ကြာ အခမဲ့ပို့ချပေးခဲ့ကြောင်း ခရိုင်ဦးစီးမှူး ဦးမျိုးမျိုးက ပြောပြ၍ သိရသည်။ **သူသူ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ထားဝယ်မြို့နယ် တောင်ပို့ကျေးရွာနေ ဆရာတော် ဘဒ္ဒန္တကောဝိဒ၊ ဒေါ်တင်ကြည် မောင်နှမမိသားစုက မိဘ၊ အစ်ကို၊ အစ်မ၊ ညီမတို့အားရည်စူး၍ ဆေးပဒေသာပင်အတွက် ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ တာဝန်ကျဆရာဝန် ဒေါက်တာ ဒေါ်ခင်ဦးကြည်က လက်ခံရယူစဉ်။

# ယခုနှစ်ထွက်ရှိသည့် ဟက်(စ်)ထောပတ်သီးများ ပြည်တွင်းဈေးကွက်၌ အရောင်းအဝယ်ကောင်းနေ



**မြင်ဦးလှိုင် ဒီဇင်ဘာ ၁၇**

ယခုနှစ်ထွက်ရှိသည့် ဟက်(စ်)ထောပတ်သီးများကို ပြည်တွင်းဈေးကွက်သို့ အဓိကတင်ပို့၍ ဖြန့်ဖြူးရောင်းချပေးနေရပြီး ပြည်တွင်းဈေးကွက်၌ အရောင်းအဝယ်ကောင်းနေကြောင်း မြန်မာနိုင်ငံထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (မြင်ဦးလှိုင်မြို့)မှ ဒုတိယဥက္ကဋ္ဌ ဦးမျိုးညွန့်က ပြောပြသည်။

အဆိုပါ ဟက်(စ်)မျိုး ထောပတ်သီးများသည် နိုဝင်ဘာလမှ စတင်ထွက်ရှိလာကာ ပြည်တွင်းဈေးကွက်သို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် ပြည်တွင်းဈေးကွက်၌ ရောင်းချရာတွင် ၁၀၀ ဂရမ်မှ ၂၂၀ ဂရမ်ကြား ရောရာပါတစ်ကီလိုဂရမ်လျှင် လက်ကားဈေး ငွေကျပ် ၃၀၀၀ နှင့် အရွယ်အစားခွဲပါက A-Grade တစ်ကီလိုဂရမ်လျှင် ငွေကျပ် ၇၀၀၀ နှင့် B-Grade တစ်ကီလိုဂရမ်လျှင် ငွေကျပ် ၅၀၀၀ ဈေးနှုန်းဖြင့် ရောင်းချပေးကြောင်း၊ ထောပတ်သီးမျိုးကွဲများစွာ ရှိသည့်အနက် ပြည်ပပို့ကုန်တန်းဝင် ဟက်(စ်)ထောပတ်မျိုးများကို လူကြိုက်များကာ ဝယ်ယူစားသုံးမှုများနေခြင်းကြောင့် အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

"အရောင်းအဝယ်ကတော့ ပြည်တွင်းဈေးကွက်ထဲကိုပဲ ရောင်းချနေရပါတယ်။ အနာအစာကင်းပြီး အသီးအရွယ်အစားရောရာပါ လက်ကားဈေးအနေနဲ့ တစ်ကီလိုဂရမ်ကို ငွေကျပ် ၃၀၀၀ နဲ့ရောင်းချပေးနေတာပါ။ အလုံးအရွယ်အစားခွဲရင် လက်ကားဈေး တစ်ကီလိုဂရမ်ကို ငွေကျပ် ၅၀၀၀ ကနေ ငွေကျပ် ၇၀၀၀ ဈေးနဲ့ ရောင်းချပါတယ်။ ဒီနှစ်က အသီးထွက်တာလဲ စောပါတယ်။ ဝယ်ယူစားသုံးသူတွေ များနေတာကြောင့် အရောင်းအဝယ်တွေ ကောင်းနေပါတယ်" ဟု ဦးမျိုးညွန့်က ပြောပြသည်။

ဟက်(စ်)မျိုးထောပတ်သီးများကို ပြည်တွင်းဈေးကွက်သို့ အဓိကထား ဖြန့်ဖြူးရောင်းချရာတွင် ရန်ကုန်ဈေးကွက်၊ မန္တလေးဈေးကွက်သို့ တင်ပို့ရောင်းချပေးနေကြောင်း၊ မူဆယ်ဈေးကွက်၊ လားရှိုးဈေးကွက်နှင့် မုံရွာဈေးကွက်များသို့ အနည်းငယ်တင်ပို့ရောင်းချခြင်းများလည်းရှိပြီး အခြားဈေးကွက်များမှလည်း ကမ်းလှမ်းမှုများရှိလာပါက တင်ပို့ရောင်းချပေးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

# ကြာအင်းဆိပ်ကြီးမြို့နယ် ခလယ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ကြာအင်းဆိပ်ကြီး ဒီဇင်ဘာ ၁၇**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ခလယ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဒေါ်အေးစုမွန်နှင့် မြို့နယ်တာဝန်ရှိသူများက သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ခလယ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တခရိုင်ဦးစီးမှူးက လုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ခလယ်ကျေးရွာ၌ လမ်းအရှည် ၃ ဒသမ ၅ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၆၁ ဒသမ ၁၃ သန်းဖြင့် မြလင်းအေးကုမ္ပဏီက အောက်တိုဘာလ ပထမပတ်က ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် ခလယ်ကျေးရွာရှိ အိမ်ခြေ ၁၁၂၄ အိမ်၊ လူ ၅၄၈၃ ဦးတို့၏ စိုက်ပျိုးမြေလယ်ယာဧက ၆၀၀ မှ ထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ခေတ္တခရိုင်ဦးစီးမှူး ဒေါ်အေးစုမွန်က ပြောပြ၍ သိရသည်။ **ကျော်ဦး**

# မကွေးမြို့နယ် ဘုရားပြို(တ)ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မကွေး ဒီဇင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုရားပြို(တ)ကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီး၊ မကွေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်စိုးနှင့် ဝန်ထမ်းများက သက်ဆိုင်ရာ ကုမ္ပဏီတာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ဘုရားပြို(တ)ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

ဘုရားပြို(တ)ကျေးရွာ၌ လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မရှိ မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းကို တိုင်းဒေသကြီးအစိုးရရန်ပုံငွေကျပ်သန်း ၃၀ ဖြင့် Dears Brain ကုမ္ပဏီက ဇွန်လစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးပြီဖြစ်သဖြင့် ဘုရားပြို(တ)ကျေးရွာရှိ အိမ်ခြေ ၂၁၇ အိမ်၊ လူ ၇၄၆ ဦးတို့၏ စိုက်ပျိုးမြေလယ်ယာဧက ၈၅၀ မှထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် အလွယ်တကူသယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီးက ပြောပြ၍ သိရသည်။ **ဖြူလေး**



# ဆရာကြီးဦးလတ်၏ ကလောင်စွမ်း

**ပုသိမ်အောင်သန်းဦး**

ဆရာကြီးဦးလတ်ကို ၁၈၆၆ ခုနှစ်တွင် ဖွားမြင်ခဲ့သည်။ ဆရာကြီးဦးလတ်ဖွားမြင်ချိန်သည် မန္တလေးနေပြည်တော်၌ မင်းတုန်းမင်းတရားကြီး နန်းစံနေသည့်ကာလဖြစ်သည်။ ဦးလတ်ကွယ်လွန်သည့်နှစ်မှာ ၁၉၂၁ ခုနှစ်ဖြစ်သောကြောင့် ထိုအချိန်သည် မြန်မာနိုင်ငံတွင် ဝံသာနုစိတ်ဓာတ်များပြင်းထန်နေသည့်ကာလဖြစ်သည်။

ဝိုင်အမ်ဘီအေအသင်းကြီး၏ အဋ္ဌမမြောက်ကွန်ဖရင့်ကို ၁၉၂၀ ပြည့်နှစ်တွင် ပြည်မြို့၌ ကျင်းပခဲ့သည်။ ၁၈၉၇ ခုနှစ်ကစပြီး မော်လမြိုင်၊ မြင်းခြံ၊ မန္တလေး၊ ပခုက္ကူ၊ အစရှိသည့်မြို့ကြီးများတွင် ဘာသာရေးကို အခြေခံပြီးဖွဲ့စည်းထားသည့် အသင်းအဖွဲ့များရှိနေကြပြီးဖြစ်သည်။

၁၉၀၆ ခုနှစ်ကစပြီး ရန်ကုန်မြို့တွင်လည်း ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဝိုင်အမ်ဘီအေ)ကို စတင်ဖွဲ့စည်းနေပါပြီ။ ၁၉၁၀ ပြည့်နှစ်တွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းချုပ်ကြီးကို ဖွဲ့စည်းကာ ဗြိတိသျှနယ်ချဲ့၏လက်အောက်ခံသူကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် နိုင်ငံရေးလှုပ်ရှားမှု၊ စည်းရုံးမှုများ၊ လူထုတိုက်ပွဲများကို ဆင်နွှဲနေသည့်ကာလလည်းဖြစ်သည်။

၁၉၂၀ ပြည့်နှစ်တွင် ပထမကျောင်းသားသပိတ်ကြီးပေါ်ပေါက်ခဲ့ပြီး အမျိုးသားကျောင်းများကို တည်ထောင်ဖွင့်လှစ်နေကြသည့်အချိန်လည်းဖြစ်သည်။ ထိုခေတ်ထိုကာလကို ဆရာကြီး ဦးလတ် ဖြတ်သန်းခဲ့ရသည်။ ထို့ကြောင့် ဆရာကြီးဦးလတ်၏ အတွင်းစိတ်သန္တာန်တွင် ဝံသာနုစိတ်ဓာတ်ပြင်းထန်ပြီး မျိုးချစ်စိတ်ဓာတ်ရှိသူဖြစ်ကြောင်း သူ့စာများကိုလေ့လာအကဲခတ်ခြင်းဖြင့် သိရှိနိုင်သည်။

ဤတွင် ဆရာကြီးရေးသားခဲ့သော "ရွှေပြည်စိုး" ဝတ္ထုကြီးထဲမှ ဇာတ်လမ်းလေးတစ်ကွက်ကို ဖော်ပြချင်ပါသည်။ ဦးရာကျော်၊ ဒေါ်ဇာယု သမီး မသောင်းမေ၊ သား ဝတ်လုံတော်ရ မောင်သောင်းဖေတို့၏ လူ့သဘာဝအဖွဲ့ ဖွဲ့နွဲ့ရာတွင် ပီပြင်လွန်းလှသည်ကို တွေ့မြင်ရသည်။

အထူးသဖြင့် ထိုခေတ်က ဘိလပ်ပြန်တို့ကို သရော်ထားချက်သည်လည်း ထိမိလှသည်။ ဖခင်ဖြစ်သည့် ဦးရာကျော်နှင့်ဇနီးဒေါ်ဇာယုတို့သည် သားလေးမောင်သောင်းဖေကို ပညာတတ်ဝတ်လုံကြီးဖြစ်စေချင်လွန်း၍ လယ်များကို ချစ်တီးထံပေါင်နှံပြီး သားကို ဘိလပ်သို့ပို့ကာ ပညာသင်စေခဲ့သည်။ သားကြီးမောင်သောင်းဖေ ဘိလပ်ကပြန်လာလျှင်ထိုင်ရန် ငွေ ၁၃ ကျပ်ပေးပြီးဝယ်ထားသည့် ကတ္တီပါကွပ်သင်ဖြူးဖျာကိုလည်း အသင့်စီမံထားသည်။

ဘိလပ်က မောင်သောင်းဖေပြန်လာကာ သင်္ဘောပေါ်မှဆင်းပြီးနောက် မိဘများနှင့်သင်္ဘောဆိပ်တွင် တွေ့ကြသည်။

"ဘေဘေမာရဲ့လား၊ မေမေမာရဲ့လား၊ နှမလေးသောင်းမေပါရဲ့လား"ဟု နှုတ်ဆက်ကာ သူ့သူငယ်ချင်းများထံသွား၍ နှုတ်ဆက်သည်။

အိမ်သို့ပြန်ရောက်သောအခါ ဖခင်ဦးရာကျော်က သူ ငွေ ၁၃ ကျပ်ပေးပြီးဝယ်ထားသည့် သင်ဖြူးဖျာကို ခင်းပေးသည့်အခါ မောင်သောင်းဖေက-

"ကျွန်တော့်မှာ ဘောင်းဘီနှင့်ဖျာပေါ်မှာထိုင်ရန် အလွန်ခက်ခဲပါလိမ့်မည်။ ကျေးဇူးပြု၍ ကုလားထိုင်ပေါ်မှာထိုင်နိုင်ရန် ကျွန်တော့်ကို ခွင့်ပေးပါ"

စာဖတ်သူတွေးကြည့်ပါ။ မောင်သောင်းဖေ စကားပြောဟန်သည် အင်္ဂလိပ်စကားကို မြန်မာဘာသာပြန်ဆိုထားသည်နှင့်တူမနေဘူးလား။ ဆရာကြီးဦးလတ်က ဘိလပ်ပြန်မြန်မာအရာရှိများအား အထက်ပါအတိုင်း သရော်ခဲ့သည်ကို တွေ့ရသည်။

ဆက်၍ မောင်သောင်းဖေက ဆိုပြန်သည်။

❖ ရွှေပြည်စိုးဝတ္ထုကြီးမှာ ဘိလပ်ပြန်မြန်မာတို့၏ မြန်မာ့ရိုးရာယဉ်ကျေးမှု၊ မြန်မာ့စိတ်ပျောက်နေပြီး နိုင်ငံခြားယဉ်ကျေးမှုများကို အထင်ကြီးအလွှမ်းမိုးခံကာ ပြုမူကျင့်ကြံနေထိုင်ကြပုံများကို သရော်ချက်မိမိဖြင့် ထိထိရောက်ရောက်တင်ပြထားသည်ကို တွေ့ရှိရသည်။ ဆရာကြီးဦးလတ်သည် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် ဝံသာနုရက္ခိတတရားများကို အလေးထားချစ်မြတ်နိုးသူပီပီ သူ့ဇာတ်ကောင်ဝတ်လုံတော်ရ မောင်သောင်းဖေကို သရော်ပြက်ရယ်ပြုကာ နိုင်ငံခြားပြန်များကိုလည်း ဝေဖန်ထောက်ပြထားပါသည်။ ❖

"ဘုရားသခင်၏ဂုဏ်ကျေးဇူးတော်မြတ်ကြောင့် လှိုင်းလေများသည် အလွန်တရာငြိမ်သက်ပါပေသည်။ ဒါကြောင့် ကျွန်တော်သည် ကောင်းမွန်ချမ်းသာစွာနှင့် ဤနေရာသို့ရောက်ရှိလာခဲ့ပြီ။ ဘိလပ်မှာ ဤအချိန်အလွန်အေးသည်။ မြန်မာပြည်မှာ ညအချိန် ဒီလောက်ပူလျှင် မွန်းတည့်သောအခါ အဘယ်သို့ဆိုဖွယ်ရာရှိတော့မည်နည်း။ အို. . . ချစ်လှစွာသော နှမကလေး၊ ယပ်တောင်ရှိလျှင် တစ်ခုပေးလိမ့်မည်ဟု ကျွန်ုပ်ယုံကြည်မိပါသည်။"

မောင်သောင်းဖေ၏ ပြောဟန်ဆိုဟန်တို့မှာ ထိုခေတ်က ဘိလပ်ပြန်တို့၏ စရိုက်သဘာဝကို ပုံဖော်ထားဟန်တူပါသည်။ ထိုသူတို့၏အမူအကျင့်တို့ကို ဆရာကြီးအမြင်ကတ်ဟန်လည်းတူပါသည်။ ဆရာကြီးဦးလတ်ရေးတတ်လှပါပေသည်။

ဤတွင် ဖခင်ဦးရာကျော်က သူ့သားမောင်သောင်းဖေကိုကြည့်ကာ စိတ်မသက်သာဟန်နှင့်-

"မောင် ပုဆိုးလုံချည်တွေလဲပါအုံး"ဟုဆိုလေရာ

"ကျေးဇူးပြု၍ လဲရန်အဝတ်ကိုပေးပါလျှင် ဘေဘေတို့နှင့်အတူ ဖျာပေါ်မှာထိုင်၍ စကားပြောနိုင်ပါလိမ့်မည်"

ဘိလပ်ပြန်များအပေါ် သရော်ချက်က ထိမိသည်။ ဆက်ပြီး ဆရာကြီးဦးလတ်က မောင်သောင်းဖေကို သရော်ပြန်ပါသည်။

မောင်သောင်းဖေက သူ့ညီမကို မျက်နှာသစ်ရန် ရေတစ်ခွက် သူ့ထံယူလာရန်ပြောဟန်ကိုကြည့်လိုက်ကြပါဦး။

"အို. . . ချစ်လှစွာသော နှမကလေး၊ ကျွန်ုပ်မျက်နှာနှင့်လက်ကိုဆေးရအောင် ရေဇလုံတစ်ခုနှင့် ရေ. . ." စကားပြောရင်းရပ်သွားသည်။ မောင်သောင်းဖေ စကားလုံးရွေးနေပုံရသည်။ ရေအေးအေးတစ်ခွက်ပြောရမလား၊ ရေသန့်သန့်တစ်ခွက်ပြောရမလား သူစဉ်းစားရခက်နေဟန်ရှိသည်။ သူမြန်မာစကားဝေါဟာရတွေမေ့နေပြီလား။ သို့ဖြင့် ဆက်ပြီးပြောလိုက်သောစကားကြောင့် လူရယ်စရာဖြစ်သွားပါတော့သည်။ သူပြောလိုက်ပုံက-

"အို. . . ချစ်လှစွာသော နှမကလေး ကျွန်ုပ်မျက်နှာနှင့်လက်ကိုဆေးရအောင် ဇလုံတစ်ခုနှင့် ရေ. . . ချမ်းချမ်းတစ်ခွက် ယူခဲ့စေချင်ပါသည်" တဲ့. . .။

မြန်မာမိသားစုအတွင်း မိမိညီမကို မည်သူမျှ ချစ်လှစွာသောနှမလေးဟု မသုံးပါ။ အင်္ဂလိပ်လို My Dear Sister ကို မြန်မာစကားအဖြစ် ပြောင်းလဲအသုံးပြုလိုက်သည့်အခါ လူရယ်စရာဖြစ်ပါတော့သည်။

ရွှေပြည်စိုးဝတ္ထုထဲတွင် မောင်သောင်းဖေ ဘိလပ်မှပြန်ရောက်ပြီး မကြာမီ မန္တလေးက အကောက်ဝန်မင်း၏သမီးနှင့် လက်ထပ်လိုက်ပါသည်။ ဖခင်ဦးရာကျော်က ချစ်တီးကြွေးကိစ္စကြောင့် သူ့သားမောင်သောင်းဖေနှင့်တိုင်ပင်ရန် သားအိမ်အသွား လှေကားနှစ်ထစ်သာနင်းမိသေးသည် ဒရဝမ်ကုလားက ရှေ့ကဆီး၍ တားပါသည်။

"အဘေကြီး ခဏနေပါအုံး"

"ငါ ဝတ်လုံတော်ရမင်းတို့သခင်ရဲ့အဘေပါ"

ဒရဝမ်ကုလားက-

"အဘေကြီးမှာ ဝတ်လုံတော်ရသခင်၏အဘေဖြစ်ကြောင်း ကျွန်တော်ကောင်းကောင်းသိပါသည်။ ကျွန်တော့်မှာ လခစားကျေးကျွန်ဖြစ်၍ သခင်၏အမိန့်ကို ကောင်းစွာနားထောင်ရပါမည်။ အဘေကြီး ဒီမှာခဏထိုင်နေပါ။ ကျွန်တော်သခင့်ထံသွား၍ ခွင့်တောင်းပါအုံးမည်"ဟုဆိုကာ တားပါသည်။ ဒရဝမ်ကုလား၏ အမိန့်အတိုင်း ဖခင်ဦးရာကျော်မှာ အပြင်တွင်ထိုင်စောင့်နေရပါသည်။

ကုလားက "သခင်နှင့်သခင်မတို့ ကော်ဖီသောက်နေကြပါသေးသည်။ အဘေကြီး ခဏစောင့်ပါဦး"

ဘိလပ်ပြန်သားသည် ဘိလပ်တွင် ဝတ်လုံပညာကိုသာသင်ယူခဲ့သည်မဟုတ်ပါ။ အနောက်တိုင်း၏ ဓလေ့ယဉ်ကျေးမှုကိုပါသင်ယူခဲ့ကြောင်း တွေ့မြင်ရပါသည်။ အဖေနှင့်သားသမီးတို့၏ ဆက်ဆံရေးပျက်ယွင်းပြီး မြန်မာ့ယဉ်ကျေးမှုကိုဆန့်ကျင်ကာ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများ ပျောက်ဆုံးနေပြီဖြစ်ကြောင်း ကွက်ကွက်ကွင်းကွင်းတင်ပြထားပါသည်။

ဆယ့်ငါးမိနစ်မျှကြာမှ ဒရဝမ်ကုလားကို လွှတ်လိုက်ရန် အမိန့်ပေးလိုက်သည့်အတွက် ဦးရာကျော် အိမ်ပေါ်သို့တက်ခွင့်ရပါသည်။

"အဘေ ဒီကိုကြွပါ။ ဘာကိစ္စနဲ့ကြွလာပါသလဲ"ဟု မေးရာ ဦးရာကျော်က ဒါးပိန်ရှိလယ်မြေကို ချစ်တီးထံပေါင်နှံထားရာ လစဉ်အတိုးပေးနေရကြောင်း၊ ယခုအတိုးပေးရန်ပျက်ကွက်တယ်ဆိုပြီး ချစ်တီးက တရားစွဲဖို့ပြင်ဆင်နေကြောင်းပြောပြရာ ဝတ်လုံတော်ရ မောင်သောင်းဖေက-

"ဒီအကြောင်းများကို ကျွန်တော် ကောင်းကောင်းကြီးစဉ်းစားထားလိုက်ပါ့မည်။ ဥပဒေများကိုလည်း ရှာလိုက်ပါဦးမည်။ ရှေ့လာလတ္တံ့သော တနင်္ဂနွေနေ့ကို အဘေလာပါဦး"ဟုဆိုကာ ဘွိုင်ကုလားကိုခေါ်ပြီး ရထားပြင်ဖို့ ဆိုက်ကုလားကိုပြောလိုက်လို့ အမိန့်ပေးလိုက်ပါသည်။ ရွှေပြည်စိုးဝတ္ထုကြီးမှာ ဘိလပ်ပြန်မြန်မာတို့၏ မြန်မာ့ရိုးရာယဉ်ကျေးမှု၊ မြန်မာ့စိတ်ပျောက်နေပြီး နိုင်ငံခြားယဉ်ကျေးမှုများကို အထင်ကြီးအလွှမ်းမိုးခံကာ ပြုမူကျင့်ကြံနေထိုင်ကြပုံများကို သရော်ချက်မိမိဖြင့် ထိထိရောက်ရောက်တင်ပြထားသည်ကို တွေ့ရှိရသည်။

ဆရာကြီးဦးလတ်သည် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် ဝံသာနုရက္ခိတ တရားများကို အလေးထားချစ်မြတ်နိုးသူပီပီ သူ့ဇာတ်ကောင်ဝတ်လုံတော်ရ မောင်သောင်းဖေကို သရော်ပြက်ရယ်ပြုကာ နိုင်ငံခြားပြန်များကိုလည်း ဝေဖန်ထောက်ပြထားပါသည်။

ဦးလတ်၏ "ရွှေပြည်စိုး"ဝတ္ထုကြီးတွင် ဆရာကြီး၏ ကလောင်စွမ်းကို အံ့မခန်းတွေ့မြင်ဖတ်ရှုကြရမည်ဖြစ်ပါသည်။

# မိုင်းပန်မြို့နယ် ကန်မောက်လျှံကျေးရွာ၌ ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိုင်းပန် ဒီဇင်ဘာ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကန်မောက်လျှံကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အိအိခင်၊ မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်းနှင့် တာဝန်ရှိသူများက ကန်မောက်လျှံကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်အိအိခင်က လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မိုင်းပန်မြို့နယ် ကန်မောက်လျှံကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၉ ဒသမ ၁၂၂ သန်းဖြင့် အနက်ပေ ၄၀၀ ရှိ လေးလက်မ စက်ရေတွင်းတူးဖော်ခြင်း၊ ရေစက်ရုံနှင့် ဂါလန် ၂၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ရွှေမိုးထက်ယံ ကုမ္ပဏီက ဇွန်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် ကန်မောက်လျှံကျေးရွာနေ ပြည်သူများအတွက် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိနိုင်တော့မည်ဖြစ်ကြောင်း လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အိအိခင်က ပြောပြ၍ သိရသည်။ **အေးသူ**

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိတို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျော့ချပေးနိုင်ပါတယ်။

# မြန်မာအမျိုးသားလေကြောင်းလိုင်းက ရန်ကုန်-ချင်းမိုင်-ရန်ကုန် တိုက်ရိုက်ပျံသန်းမှုခရီးစဉ် ဒီဇင်ဘာ ၂၁ ရက်မှစ၍ တစ်ပတ်လျှင် သုံးကြိမ်ထိ တိုးချဲ့ပျံသန်းပြေးဆွဲပေးသွားမည်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) က ရန်ကုန်-ချင်းမိုင်-ရန်ကုန် တိုက်ရိုက်ပျံသန်းမှုခရီးစဉ်ကို ဒီဇင်ဘာ ၂၁ ရက်မှစ၍ တစ်ပတ်လျှင် သုံးကြိမ်ထိ တိုးချဲ့ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာအမျိုးသားလေကြောင်းလိုင်း၏ ထုတ်ပြန်သတင်းများအရ သိရသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) သည် ဒီဇင်ဘာ ၉ ရက်မှစ၍ ရန်ကုန်- ချင်းမိုင်-ရန်ကုန်တိုက်ရိုက်ပျံသန်းမှုခရီးစဉ်ကို ပြန်လည်ပျံသန်းပြေးဆွဲပေးခဲ့ကြောင်း၊ ထိုသို့ ပျံသန်းပြေးဆွဲပေးရာတွင် အပတ်စဉ် သောကြာနှင့် တနင်္ဂနွေနေ့များတွင် တစ်ပတ်လျှင် နှစ်ကြိမ် ပျံသန်းပြေးဆွဲပေးခဲ့ရာ ရန်ကုန်မှ ညနေ ၅ နာရီ ၁၀ မိနစ်တွင် ထွက်ခွာကာ ချင်းမိုင်သို့ ဒေသစံတော်ချိန် ည ၇ နာရီတွင် ဆိုက်ရောက်မည်ဖြစ်ပြီး ချင်းမိုင်မှ ဒေသစံတော်ချိန် ည ၈ နာရီတွင် ပြန်လည်ထွက်ခွာကာ ရန်ကုန်သို့ ည ၈ နာရီ မိနစ် ၅၀ တွင် ပြန်လည်ဆိုက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ မြန်မာအမျိုးသားလေကြောင်းလိုင်းအနေဖြင့် အဆိုပါ ရန်ကုန်-ချင်းမိုင်-ရန်ကုန် ခရီးစဉ်ကို ခရီးသည်များ၏တောင်းဆိုမှုများအရ ဒီဇင်ဘာ ၂၁ ရက်မှစတင်၍ တစ်ပတ်လျှင် သောကြာနှင့် တနင်္ဂနွေ နှစ်ရက်သာ ပျံသန်းပြေးဆွဲပေးနေရာမှ ဗုဒ္ဓဟူးနေ့တွင် တစ်ကြိမ် ထပ်မံတိုးချဲ့ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် မြန်မာအမျိုးသားလေကြောင်းလိုင်းသည် ရန်ကုန်-ချင်းမိုင်-ရန်ကုန်ခရီးစဉ်ကို ဒီဇင်ဘာ ၂၁ ရက်မှစ၍ အပတ်စဉ် ဗုဒ္ဓဟူး၊ သောကြာနှင့် တနင်္ဂနွေ တစ်ပတ်လျှင် သုံးကြိမ်ထိ ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း၊ ထပ်မံတိုးချဲ့ ပျံသန်းပြေးဆွဲပေးမည့် ဗုဒ္ဓနေ့ခရီးစဉ်တွင် ရန်ကုန်မြို့မှ နံနက် ၆ နာရီ မိနစ် ၃၀ တွင် ထွက်ခွာကာ ချင်းမိုင်သို့ ဒေသစံတော်ချိန် နံနက် ၈ နာရီ ၁၀ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်ပြီး ချင်းမိုင်မှ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၁၅ မိနစ်တွင် ပြန်လည်ထွက်ခွာကာ ရန်ကုန်သို့ နံနက် ၁၀ နာရီ ၅ မိနစ်တွင် ပြန်လည်ဆိုက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရန်ကုန်-ချင်းမိုင်-ရန်ကုန်ခရီးစဉ်တွင် One Way ခရီးစဉ်အတွက် လက်မှတ်ခနှုန်းထားမှာ အမေရိကန်ဒေါ်လာ ၈၅ ဒေါ်လာဖြစ်ပြီး Round Trip ခရီးစဉ်အတွက် လက်မှတ်ခနှုန်းထားမှာ အမေရိကန်ဒေါ်လာ ၁၆၀ ဖြစ်ကြောင်း မြန်မာအမျိုးသားလေကြောင်းလိုင်း၏ ထုတ်ပြန်သတင်းများအရ သိရသည်။ (၃၃၆)




# လားရှိုးမြို့နယ် ကျေးရွာသုံးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လားရှိုး ဒီဇင်ဘာ ၁၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဟူးမွန်ကျေးရွာအုပ်စု ခေးခမ်း၊ တောင်နောက်နှင့် ဂျန်မိုင်ကျေးရွာတို့တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက ခေးခမ်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်သီရိမမစိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ချစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး စီမံကိန်းရန်ပုံငွေကျပ်သိန်း ၅၅၀ ကို စီမံကိန်းကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ခေးခမ်းကျေးရွာ၊ တောင်နောက်ကျေးရွာနှင့် ဂျန်မိုင်ကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦးအတွက် ငွေကျပ် ၂၃၂ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးအတွက် ငွေကျပ် ၁၉၂ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးအတွက် ငွေကျပ် ၁၂၆ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၆၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၅၅၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်သီရိမမစိုးနှင့် တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ကိုမြည်**

# ပန်းသစ်ကယ်ဝေ

- နိုဝင်ဘာလ သာယာလှသည့်
ဆောင်းလတစ်ရက် ထိုနံနက်တွင်
အချက်အချာ ရက်ရာဇာမို့
ပညာခွင့်လမ်း မောင်မယ်လှမ်းရန်
ထီးနန်းစိုက်ရာ မန္တလာမှ
တမာထနောင်း အရိပ်ကောင်းသည့်
တို့ကျောင်းသီလာ မြကျွန်းသာကို
တစ်ခါတစ်ခေါက် အလည်ရောက်၏။

- အလည်ရောက်တုန်း သည်မောင်ဘုန်းမှာ
တွေးဆုံးမမြင် သည်းဘဝင်ဝယ်
ငယ်စဉ်ကျောင်းသား ချစ်သက်ထားနှင့်
တစ်သားတည်းထိုင် လက်ချင်းကိုင်၍
တူပြိုင်ကျီစား မိန်းလေ့ကားတွင်
အနားယူကာ ကျောင်းရပ်လွှာကို
သေချာသတိ ပြုမိ၏။

- သည်နံနက်တွင် ကျွန်ုပ်မြင်သည်
ယခင်နှစ်များ ငါးဆယ်လားသို့
မခြားတူညီ အလီလီသော
ဖြူနီပြာဝါ ရောင်စုံဖြာသည့်
ပမာပန်းခင်း သည်မြင်ကွင်းမှာ
ကျောင်းတွင်းရွှေရောင် သစ်လွင်မောင်နှင့်
ကျောင်းဆောင်ထိပ်ဝယ် သစ်လွင်မယ်တို့
ရှုဖွယ်မကုန် ပညာစုံအောင်
ခုံခုံမင်မင် ပညာသင်သည့်
အစဉ်ကြိုးစား မောင်မယ်များကို
ငါကားမြင်မိလေးစား၏။

- နှစ်သစ်ခါသစ် မင်္ဂလာနှစ်တွင်
ပွင့်သစ်ဝေကုန် ပန်းရဂုံဝယ်
တစ်ငုံနှစ်ငုံ ပန်းအငုံတို့
ငုံရာမှပွင့် ပွင့်ရာမှမွှေး
မွှေးရာမှကြူ တလူလူဖြင့်
မဥ္ဇူသက နတ်ပန်းလှသို့
ပွင့်ကြစုံလင် ပန်းဥယျာဉ်နှင့်
အသွင်မခြား ကျောင်းသူများနှင့်
ကျောင်းသားစုံညီ ပညာမှီသည့်
နဒီသောင်ကမ်း တမာတန်းမှ
မန်းတက္ကသိုလ် မြကျွန်းညိုသည်
ရွှေကိုယ်အနှစ် ပန်းတစ်ဖြစ်ကြောင့်
ပန်းသစ်ကယ်ဝေ အလှရွှေတည့်။ ။

**မန္တလာပြေ**


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# နိုင်ငံတကာ သတင်းများ

## ရုရှားသမ္မတနှင့် အိန္ဒိယဝန်ကြီးချုပ်တို့ ဖုန်းခေါ်ဆိုဆွေးနွေး

**မော်စကို ဒီဇင်ဘာ ၁၇**

ရုရှားသမ္မတ ပူတင်နှင့် အိန္ဒိယဝန်ကြီးချုပ် မိုဒီတို့သည် ဒီဇင်ဘာ ၁၆ ရက်တွင် ဖုန်းခေါ်ဆိုဆွေးနွေးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါဖုန်းခေါ်ဆိုဆွေးနွေးပွဲတွင် ရုရှားသမ္မတ ပူတင်သည် ယူကရိန်းစစ်ရေးပဋိပက္ခနှင့် ပတ်သက်၍ အခြေခံအကဲဖြတ်သုံးသပ်ချက်များကို အသိပေးပြောကြားခဲ့ကြောင်း ရုရှားအစိုးရက သတင်းထုတ်ပြန်ထားသည်။

ဒီဇင်ဘာ ၁၆ ရက် ဖုန်းခေါ်ဆိုဆွေးနွေးပွဲတွင် ယူကရိန်းပြဿနာအတွက် ဆွေးနွေးရေးလမ်းစဉ်၊ သံတမန်လမ်းစဉ်များဖြင့် အဖြေရှာရန် အိန္ဒိယဝန်ကြီးချုပ်က သမ္မတပူတင်ကို တိုက်တွန်းခဲ့ကြောင်း သိရသည်။

သို့သော် နှစ်နိုင်ငံကြားပူးပေါင်းဆောင်ရွက်မှု မြင့်မားလာခြင်းအတွက် ကျေနပ်အားရကြောင်းကို အဆိုပါ ဖုန်းခေါ်ဆိုဆွေးနွေးပွဲ၌ သမ္မတပူတင်နှင့် ဝန်ကြီးချုပ် မိုဒီတို့နှစ်ဦးစလုံးက ထုတ်ပြောခဲ့ကြသည်။

သမ္မတပူတင်အနေဖြင့် အိန္ဒိယဝန်ကြီးချုပ် မိုဒီ ကိုယ်တိုင်၏ တောင်းဆိုချက်အရ ယူကရိန်းစစ်ရေးပဋိပက္ခ အခြေခံအကဲဖြတ်သုံးသပ်ချက်များကို အသိပေးခဲ့ခြင်းဖြစ်ကြောင်း ကရင်မလင်နန်းတော် သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံသည် အနောက်အုပ်စုနိုင်ငံများက ယူကရိန်းပြဿနာကို အကြောင်းပြု၍ ရုရှားနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ပြုလုပ်ခဲ့ပြီးနောက် ရုရှားရေနံများ အများဆုံးဝယ်ယူသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့ကြောင်း သိရသည်။

KKO

## နိုင်ဂျီးရီးယားတွင် ငွေစက္ကူသစ်များ ထုတ်ဝေသည့်နေ့မှာပင် ပြတ်လပ်မှုဖြစ်ခဲ့

**အဘူဂျာ ဒီဇင်ဘာ ၁၇**

နိုင်ဂျီးရီးယားနိုင်ငံသည် ၂၀၀ တန်၊ ၅၀၀ တန်နှင့် ၁၀၀၀ တန် ငွေစက္ကူသစ်များကို ဒီဇင်ဘာ ၁၅ ရက်တွင် စတင်ထုတ်ဝေခဲ့ရာ ထုတ်ဝေသည့်နေ့မှာပင် ငွေစက္ကူပြတ်လပ်မှုဖြစ်ခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ငွေစက္ကူသစ်များ စတင်ထုတ်ဝေသည့်နေ့မှာပင် နိုင်ဂျီးရီးယားနိုင်ငံသားများက ဘဏ်များ၌ တန်းစီ၍ ငွေစက္ကူသစ်များ ထုတ်ယူရန် ကြိုးစားခဲ့ကြသည်။

သို့သော် ငွေစက္ကူသစ်များမှာ ပြတ်လပ်မှုဖြစ်ခဲ့ရပြီး ဘဏ်ဖောက်သည်များထံထုတ်ပေးသည့် ငွေစက္ကူအများစုမှာ တစ်ဆင့်ချင်း ဖျက်သိမ်းတော့မည့်ငွေစက္ကူဟောင်းများသာဖြစ်ကြောင်း သိရသည်။

နိုင်ဂျီးရီးယား ဗဟိုဘဏ်သည် နိုင်ငံရာငွေကြေးတန်ဖိုး ဖောင်းပွမှုကို ထိန်းချုပ်ရေးနှင့် ငွေစက္ကူသုံးရန် မလိုသည့်စီးပွားရေးပုံစံတည်ဆောက်ရေးအတွက် အဆိုပါနိုင်ငံရာငွေစက္ကူသစ်များကို စတင်ထုတ်ဝေခဲ့ခြင်းဖြစ်သည်။

သို့သော် ဗဟိုဘဏ်ငွေစက္ကူသစ်များမှာ နိုင်ငံတစ်ဝန်းရှိ ဘဏ်များသို့အနည်းငယ်မျှသာ ရောက်လာခဲ့ကြောင်း ဘဏ်စာရင်းကိုင်များ၏အဆိုအရ သိရသည်။

နိုင်ဂျီးရီးယား နိုင်ငံသည် အသစ်ထုတ်ထားသော နိုင်ငံရာငွေစက္ကူသစ်များနှင့်တန်ဖိုးတူသည့် နိုင်ငံရာ ငွေစက္ကူဟောင်းများကို လာမည့်နှစ် ဇန်နဝါရီ ၃၁ ရက်မှစ၍ သုံးစွဲမှုစတင်ရပ်ဆိုင်းမည်ဖြစ်ကြောင်း သိရသည်။ KKO



## ယူကရိန်း၌ပြုလုပ်နေသည့် စစ်ဆင်ရေးများအတွက် တပ်မှူးများ၏အမြင်ကို ရုရှားသမ္မတ တောင်းခံ



**မော်စကို ဒီဇင်ဘာ ၁၇**

ယူကရိန်းနိုင်ငံအတွင်း၌ပြုလုပ်နေသော စစ်ဆင်ရေးလှုပ်ရှားမှုများနှင့်ပတ်သက်၍ လက်နက်ကိုင်တပ်ဖွဲ့ တပ်မှူးများ၏ အမြင်ကို ရုရှားသမ္မတပူတင်က တောင်းခံထားသည်ဟု ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

ပူးတွဲတပ်များ စစ်ဌာနချုပ်၌ ပြုလုပ်သည့် တပ်မှူးများ အစည်းအဝေးတစ်ခုတွင် ရုရှားသမ္မတပူတင်က စစ်ဆင်ရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ တပ်မှူးများ၏ အမြင်နှင့် အဆိုပြုချက်များကို တောင်းခံခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ရုရှားသမ္မတ ပူတင်နှင့် ယူကရိန်းစစ်မြေပြင် တပ်မှူးများ၏ အစည်းအဝေးကို ဒီဇင်ဘာ ၁၆ ရက်တွင် ပူးတွဲတပ်များဌာနချုပ်၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

ရုရှားသမ္မတ ပူတင်သည် အဆိုပါစစ်ဌာနချုပ်၌ ဒီဇင်ဘာ ၁၆ ရက် တစ်ရက်လုံးရှိနေခဲ့ကြောင်း ကရင်မလင်နန်းတော် ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

သို့သော် သမ္မတပူတင်၏ ခရီးစဉ်အသေးစိတ်အချက်အလက်များနှင့် စစ်ဌာနချုပ်တည်ရှိရာ နေရာတို့ကို ဒီမီထရီပက်စကော့ဗ်က ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ကြောင်း သိရသည်။

မိမိအနေဖြင့် စစ်ဆင်ရေးရည်မှန်းချက်တိုင်းတွင် တပ်မှူးများ၏ အမြင်ကို နားထောင်မည်ဖြစ်ကြောင်း တပ်မှူးကြီးများ အစည်းအဝေး၌ သမ္မတပူတင်က ပြောကြားခဲ့ကြောင်း သိရသည်။

KKO

## အဲအိန္ဒိယလေကြောင်းလိုင်းက ဘိုးအင်းခရီးသည်တင် လေယာဉ်အစင်း ၂၀၀ ကျော်ဝယ်ယူရန် သဘောတူညီချက်ရယူ

**ဒေလီ ဒီဇင်ဘာ ၁၇**




အဲအိန္ဒိယ လေကြောင်းလိုင်းသည် အမေရိကန်အခြေစိုက် ဘိုးအင်းကုမ္ပဏီထံမှ ဘိုးအင်းခရီးသည်တင်လေယာဉ်အစင်း ၂၀၀ ကျော် ဝယ်ယူရေးအတွက် သဘောတူညီချက်တစ်ရပ်ရယူရန် နီးစပ်နေပြီဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဒီဇင်ဘာ ၁၆ ရက်တွင် ဖော်ပြခဲ့သည်။

အဲအိန္ဒိယလေကြောင်းလိုင်းက ဝယ်ယူမည့် ဘိုးအင်းလေယာဉ်များထဲတွင် ဘိုးအင်း-၇၃၇ မက်စ် အမျိုးအစားလေယာဉ်အစင်း ၁၉၀ နှင့် ဘိုးအင်း-၇၈၇ အစင်း ၃၀တို့ ပါဝင်ကြောင်း သိရသည်။

ထို့ပြင် အဲအိန္ဒိယလေကြောင်းလိုင်းသည် ဘိုးအင်း-၇၇၇ အိတ်စ်တာဝေးပျံခရီးသည်တင် လေယာဉ်များလည်း ဝယ်ယူမည်ဖြစ်ပြီး အရေအတွက် အတိအကျမသိရသေးကြောင်း လေကြောင်းစက်မှုလောက သတင်းအရင်းအမြစ်များက ပြောကြားခဲ့သည်။

ထို့အတူ ဥရောပအခြေစိုက် အဲဘတ်စ်လေယာဉ်ကုမ္ပဏီကလည်း အဲအိန္ဒိယ လေကြောင်းလိုင်းသို့ အေ-၃၂၀ အမျိုးအစား ခရီးသည်တင်လေယာဉ် အနည်းဆုံး အစင်း ၂၀၀ ရောင်းချရေးအတွက် ညှိနှိုင်းနေကြောင်း သိရသည်။

အဲအိန္ဒိယ လေကြောင်းလိုင်းသည် စုစုပေါင်း ခရီးသည်တင် လေယာဉ်အစင်း ၅၀၀ထိ ဝယ်ယူရန်စီစဉ်ထားရာ အဲဘတ်စ်ကုမ္ပဏီနှင့် ဘိုးအင်းကုမ္ပဏီတို့အတွက် အမေရိကန်ဒေါ်လာ ဘီလီယံပေါင်းများစွာတန်ဖိုးရှိမည့် သဘောတူညီချက်များဖြစ်လာနိုင်သည်။

လက်ရှိအချိန်တွင် အဲအိန္ဒိယ လေကြောင်းလိုင်းသည် ကမ္ဘာ့အဓိကလေကြောင်းလိုင်းကြီးတစ်ခုအဖြစ် ပြန်လည်ရပ်တည်ရေးအတွက် ကြိုးစားလျက်ရှိကြောင်း သိရသည်။ KKO

## အိန္ဒိယနိုင်ငံ ဂျမ္မူးနှင့်ကက်ရှ်မီးယားဒေသကိုဖြတ်သန်းနေသော အဝေးပြေးလမ်းကို ဆန္ဒပြသမားများ ပိတ်ဆို့

**ဒေလီ ဒီဇင်ဘာ ၁၇**

အိန္ဒိယနိုင်ငံ ဂျမ္မူးနှင့် ကက်ရှ်မီးယားဒေသကို ဖြတ်သန်းနေသော အဓိက အဝေးပြေးလမ်းတစ်ခုကို ဆန္ဒပြသမား ရာပေါင်းများစွာတို့က ဒီဇင်ဘာ ၁၆ ရက်တွင် ပိတ်ဆို့ထားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အိန္ဒိယကြည်းတပ် စစ်စခန်းတစ်ခု၌ အလုပ်သမားများအဖြစ် အလုပ်လုပ်နေသူအမျိုးသား နှစ်ဦး အသတ်ခံခဲ့ရပြီးနောက်ကက်ရှ်မီးယားဆန္ဒပြသမားများကအဝေးပြေးလမ်းကို ပိတ်ဆို့ထားကြခြင်းဖြစ်သည်။

အဆိုပါ အလုပ်သမားနှစ်ဦးကို ရာဂျာရီမြို့စစ်စခန်းတစ်ခုမှ အိန္ဒိယဂိတ်စောင့်တပ်ဖွဲ့ဝင်များကပစ်ခတ်သတ်ဖြတ်ခဲ့ခြင်း ဖြစ်ကြောင်း ဒေသခံဆန္ဒပြသမားများက ပြောကြားထားသည်။

သို့သော် ၎င်းအမျိုးသားနှစ်ဦးကို ရာဂျီရီစစ်ဆေးရုံပြင်ပ၌ စစ်သွေးကြွများက ပစ်သတ်ခဲ့ခြင်းဖြစ်ကြောင်းအိန္ဒိယစစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

ဂျမ္မူးနှင့် ကက်ရှ်မီးယားဒေသသည် မွတ်စလင်အများစုနေထိုင်ရာဒေသဖြစ်ပြီး အိမ်နီးချင်းပါကစ္စတန်နိုင်ငံကလည်း ပိုင်ဆိုင်ခွင့်တောင်းဆိုထားသည့်ဒေသဖြစ်သည်။

၂၀၁၉ ခုနှစ်တွင် အိန္ဒိယအစိုးရသည် ဂျမ္မူးနှင့် ကက်ရှ်မီးယားပြည်နယ်ကို ဖက်ဒရယ်အစိုးရထိန်းချုပ်မှုအောက်ရှိ နယ်မြေနှစ်ခုအဖြစ် ခွဲထုတ်ခဲ့ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## DART အာကာသယာဉ်ဝင်တိုက်ခဲ့စဉ်က ဒီမောဖော့စ်ဂြိုဟ်သိမ်မှ ကျောက်စကျောက်န ပေါင်ချိန်နှစ်သန်းကျော် အာကာသဟင်းလင်းပြင်အတွင်း လွင့်မျောခဲ့




**ဝါရှင်တန် ဒီဇင်ဘာ ၁၇**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ DART အာကာသယာဉ် ဝင်တိုက်ခဲ့စဉ်က ဒီမောဖော့စ်ဂြိုဟ်သိမ်မှ ကျောက်စကျောက်န ပေါင်ချိန်နှစ်သန်းကျော်ထိ အာကာသဟင်းလင်းပြင်အတွင်းသို့ လွင့်မျောထွက်ခဲ့ရကြောင်း The Daily Mail သတင်းစာက ဒီဇင်ဘာ ၁၆ ရက်က ရေးသားတင်ပြထားသည်။

DART အာကာသယာဉ် ဝင်တိုက်ချိန်တွင် ကျောက်စကျောက်နများ လွင့်မျောထွက်လာမှုကြောင့် ဒီမောဖော့စ်ဂြိုဟ်သိမ်၏ နောက်ပိုင်း၌ မိုင်ထောင်နှင့်ချီ ရှည်လျားသည့် အမြီးတန်းပေါ်ထွက်လာခဲ့ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

နာဆာ၏ ဂြိုဟ်သိမ်လမ်းကြောင်း လွှဲပြောင်းရေးနည်းပညာ စမ်းသပ်မှုမစ်ရှင်အရ DART အာကာသယာဉ်က ဒီးဒီးမော့စ်အမည်ရှိ ဂြိုဟ်သိမ်ကြီးတစ်စင်းကို လှည့်ပတ်နေသော ဒီမောဖော့စ်ဂြိုဟ်သိမ်ကို ယခုနှစ် စက်တင်ဘာ ၂၇ ရက်က ဝင်တိုက်ခဲ့သည်။

DART အာကာသယာဉ်ဝင်တိုက်ပြီးနောက် ဒီးဒီးမော့စ်ဂြိုဟ်သိမ်ကို ဗဟိုပြုလှည့်ပတ်နေသော ဒီမောဖော့စ်ဂြိုဟ်သိမ်၏ ပတ်လမ်းမှာ ၃၃ မိနစ်ထိ ပိုမိုတိုတောင်းခဲ့ရာ DART မစ်ရှင်မှာ မျှော်လင့်ထားသည်ထက် ပို၍အောင်မြင်ခဲ့သည်ဟု နာဆာကကြေညာထားသည်။

ကမ္ဘာမြေအတွက် အန္တရာယ်ရှိသည့် ဂြိုဟ်သိမ်များကိုလမ်းကြောင်းလွှဲပေးခြင်းဖြင့် ကမ္ဘာကိုကာကွယ်ရေးအတွက် နာဆာအဖွဲ့က DART မစ်ရှင်ကို အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

## Insight အင်္ဂါဂြိုဟ်ဆင်းယာဉ်က စံချိန်တင်ပြင်းထန်သော အင်္ဂါဂြိုဟ်လျှင်လှိုင်းများကို ထောက်လှမ်းပေးနိုင်ခဲ့

**ဝါရှင်တန် ဒီဇင်ဘာ ၁၇**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ Insight အင်္ဂါဂြိုဟ်ဆင်းယာဉ်သည် စံချိန်တင်ပြင်းထန်သော အင်္ဂါဂြိုဟ်ငလျင်လှိုင်းများကို ယခုနှစ် မေလအတွင်း ထောက်လှမ်းပေးနိုင်ခဲ့ကြောင်း Phys.org သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၁၆ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါ အင်္ဂါဂြိုဟ်မြေငလျင်သည် ယခင်ထောက်လှမ်းတွေ့ရှိခဲ့ဖူးသည့် အင်အားအပြင်းဆုံးအင်္ဂါဂြိုဟ်ငလျင်ထက် အနည်းဆုံးငါးဆပိုပြင်းထန်ကြောင်း ဆွစ်ဇာလန်နိုင်ငံ ဘွန်ဖက်ဒရယ်နည်းပညာအင်စတီကျုမှ သိပ္ပံပညာရှင်များက ပြောကြားသည်။

သိပ္ပံပညာရှင်များ၏ တွက်ချက်မှုအရ မေ ၄ ရက် အင်္ဂါဂြိုဟ်ငလျင်သည် လှုပ်ခတ်ချိန် ၁၀ နာရီထိ ကြာမြင့်ခဲ့ကြောင်း သိရသည်။



ထို့ပြင် အဆိုပါမြေငလျင်က ထုတ်လွှတ်ခဲ့သည့် စွမ်းအင်ပမာဏမှာလည်း ယခင်ထောက်လှမ်းတွေ့ရှိခဲ့ဖူးသော အင်္ဂါဂြိုဟ်မြေငလျင်အားလုံး ထုတ်လွှတ်ခဲ့သည့်စွမ်းအင်ပမာဏစုစုပေါင်းနှင့် ညီမျှကြောင်း ဆွစ်ဇာလန် သိပ္ပံပညာရှင်များက ပြောကြားသည်။

အင်အားအပြင်းဆုံး အင်္ဂါဂြိုဟ်ငလျင်အဖြစ် ယခင်စံချိန်တင်ခဲ့သော ငလျင်မှာ ၂၀၂၁ ခုနှစ် ဩဂုတ်လအတွင်း ထောက်လှမ်းတွေ့ရှိခဲ့သောငလျင်ဖြစ်ပြီး အင်အား ရစ်ချ်တာစကေး ၄ ဒသမ ၂ အဆင့်ရှိသည်။

ယခုနှစ် မေ ၄ ရက်က Insight အင်္ဂါဂြိုဟ်ဆင်းယာဉ် ထောက်လှမ်းတွေ့ရှိခဲ့သောငလျင်မှာ ရစ်ချ်တာစကေး ၄ ဒသမ ၇ ထိရှိကြောင်း သိရသည်။

KKO

## Space-X ကုမ္ပဏီက အကြိမ် ၂၀၀ မြောက် အာကာသမစ်ရှင်အဖြစ် ဆက်သွယ်ရေးဂြိုဟ်တုသစ် နှစ်စင်း လွှတ်တင်

**ဝါရှင်တန် ဒီဇင်ဘာ ၁၇**

Space-X အာကာသ နည်းပညာကုမ္ပဏီသည် ၎င်း၏အကြိမ် ၂၀၀ မြောက် အာကာသမစ်ရှင်အဖြစ် ဆက်သွယ်ရေးဂြိုဟ်တုသစ် နှစ်စင်းကို ဒီဇင်ဘာ ၁၆ ရက်က လွှတ်တင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ယနေ့ ရေးသားတင်ပြထားသည်။

03bmpower - 1 နှင့် 2 အမည်ရှိ အဆိုပါဆက်သွယ်ရေး ဂြိုဟ်တုနှစ်စင်းကို သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ကိုးမိနစ်မျှအကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့်ဒုံးယာဉ် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့တွဲသင်္ဘောပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

နောက် နှစ်နာရီခန့်ကြာချိန်တွင် ဖယ်လ်ကွန်-၉ ထိပ်ပူးအဆင့် ဒုံးယာဉ်သည် အထက်ပါဆက်သွယ်ရေးဂြိုဟ်တုနှစ်စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

Space-X အာကာသ နည်းပညာကုမ္ပဏီသည် ယခုနှစ်တစ်နှစ်တည်းမှာပင် လက်ရှိအချိန်ထိ အာကာသမစ်ရှင်ပေါင်း ၅၇ ခုထိ စံချိန်တင် လွှတ်တင်ခဲ့သည်။

Space-X အာကာသ နည်းပညာကုမ္ပဏီသည် ယနေ့တွင်လည်း စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုသစ်များ လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

KKO

# HEALTH

## သက်လတ်ပိုင်းအရွယ်၌ ကိုယ်အလေးချိန်ကျဆင်းမှုက Dementia ဖြစ်နိုင်ခြေမြင့်တက်မှုနှင့်ဆက်စပ်နိုင်

**နယူးယောက် ဒီဇင်ဘာ ၁၇**

သက်လတ်ပိုင်းအရွယ်၌ ကိုယ်အလေးချိန် ကျဆင်းလာမှုသည် ဦးနှောက်စွမ်းဆောင်ရည် ပျက်စီးယိုယွင်းမှုရောဂါ (Dementia) ဖြစ်နိုင်ခြေ မြင့်တက်လာမှုနှင့်ဆက်စပ်နေနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက ဒီဇင်ဘာ ၁၆ ရက်က ရေးသားတင်ပြထားသည်။

အဝလွန်မှု သို့မဟုတ် ကိုယ်အလေးချိန် လွန်ကဲမှုတို့ကြောင့် Dementia ဖြစ်နိုင်ခြေ မြင့်မားလာတတ်သည်ဖြစ်ရာ သက်ကြီးပိုင်းများအနေဖြင့် Dementia ဖြစ်နိုင်ခြေကို လျှော့ချရေးအတွက် ကိုယ်အလေးချိန်လျှော့ချရန် ဆေးပညာရှင်များက အကြံပြုထားသည်။

သို့ရာတွင် အမေရိကန်နှင့် တရုတ် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သက်လတ်ပိုင်းအရွယ်၌ ကိုယ်အလေးချိန် ကျဆင်း သွားသူများတွင်လည်း Dementia ဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သိရသည်။

အမေရိကန်နှင့် တရုတ်သုတေသနပညာရှင်များသည် ကိုယ်အလေးချိန် လျှော့ချထားသူ၊ ကျဆင်းသွားသူများနှင့် ကိုယ်အလေးချိန် ပုံမှန်ထိန်းထားနိုင်သူ သက်လတ်ပိုင်းများကြား Dementia ရောဂါဖြစ်ပွားမှုနှုန်းကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ သက်လတ်ပိုင်းအရွယ် ကိုယ်အလေးချိန် ကျဆင်းသွားသူများ၌လည်း Dementia ဖြစ်နိုင်ခြေ မြင့်မားနေတတ်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ရသည်။

Dementia ရောဂါသည် ကမ္ဘာ့ကျန်းမာရေးပြဿနာတစ်ရပ်ဖြစ်ပြီး လက်ရှိတွင် တစ်ကမ္ဘာလုံးအတိုင်းအတာအရ ၎င်းရောဂါခံစားနေရသူ သန်း ၅၀ ထိရှိကြောင်း သိရသည်။ KKO

## ခေါင်းတစ်ခြမ်းကိုက်ဝေဒနာ ခံစားနေရသူများ နောက်ဆက်တွဲကျန်းမာရေးပြဿနာ ရှိလာနိုင်

**တော့ဟမ်း ဒီဇင်ဘာ ၁၇**

နေ့ရက်အတန်ကြာ သို့မဟုတ် သီတင်းပတ်နှင့်ချီ၍ ခေါင်းတစ်ခြမ်းကိုက်ဝေဒနာ (Cluster Headaches) ခံစားနေရသူများ၌ အခြားနောက်ဆက်တွဲ ကျန်းမာရေးပြဿနာများ ရှိလာနိုင်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၁၆ ရက်က ရေးသားတင်ပြထားသည်။

ခေါင်းတစ်ခြမ်းကိုက် ဝေဒနာသည် နာကျင်ကိုက်ခဲမှုအလွန်ပြင်းထန်တတ်ပြီး တစ်ကြိမ်ဖြစ်ပွားလျှင် ၁၅ မိနစ်မှ ၃ နာရီထိ ဝေဒနာခံစားရတတ်သည်။

ဆွီဒင်နိုင်ငံ ကာရိုလင်စကာအင်စတီကျုမှ သုတေသနပညာရှင်များ၏အဆိုအရ ခေါင်းတစ်ခြမ်းကိုက်ဝေဒနာ ရှိနေသူများသည် နှလုံးရောဂါများနှင့် စိတ်ကျန်းမာရေးပြဿနာများကဲ့သို့ နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများနှင့် ရင်ဆိုင်ရနိုင်ခြေ ပုံမှန်ထက် သုံးဆ မြင့်မားနေတတ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ခေါင်းတစ်ခြမ်းကိုက် ဝေဒနာကြောင့် အခြားနောက်ဆက်တွဲ ကျန်းမာရေးပြဿနာများ ပေါ်ထွက်လာနိုင်သည်ဖြစ်ရာ စီးပွားရေးအရရော၊ လူမှုရေးအရပါ လူနာများ၏ ဘဝရှင်သန်နိုင်မှုအရည်အသွေးအပေါ် ဆိုးကျိုးသက်ရောက်မှု ရှိလာနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ဆွီဒင်သုတေသနပညာရှင်များသည် အသက် ၁၆ နှစ်နှင့် ၆၄ နှစ်ကြား ခေါင်းတစ်ခြမ်းကိုက်လူနာ ၃,၂၀၀ ကျော်တို့ကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။ KKO



# နိုင်ငံတကာ အားကစားသတင်းများ

## Most Improved Player of the Year ဆုကို ကားလို့စ်အယ်ကာရက် ဆွတ်ခူး

**လန်ဒန် ဒီဇင်ဘာ ၁၇**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် အခြေစိုက်သည့် ATP Tour က ၂၀၂၂ ခုနှစ်အတွင်း တိုးတက်မှု အရှိဆုံး ကစားသမားဆုဖြစ်သည့် Most Improved Player of the Year ဆုကို စပိန်တင်းနစ်ကစားသမား ကားလို့စ်အယ်ကာရက်အား ရွေးချယ်လိုက်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု Ubitennis သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကားလို့စ်အယ်ကာရက်သည် ဆယ်ကျော်သက်အရွယ် ဖြစ်သော်လည်း ၂၀၂၂ ခုနှစ်အတွင်း အောင်မြင်မှုများစွာ ဆွတ်ခူးခဲ့သကဲ့သို့ ကမ္ဘာ့အဆင့်(၁) နေရာကိုလည်း ရယူနိုင်ခဲ့သည်။

၂၀၂၂ ခုနှစ် ဂေါက်သီးရိုက်ရာသီအား ကမ္ဘာ့အဆင့်(၁) နေရာဖြင့် အဆုံးသတ်ခွင့်ရထားသည့် ကားလို့စ်အယ်ကာရက်၏ ယခုနှစ်အတွင်း တိုးတက်လာမှုမှာ စီနီယာကစားသမားများအတွက် အံ့အားသင့်ဖွယ်ရာဖြစ်သလို ကမ္ဘာ့အဆင့် (၁) နေရာကို ရယူနိုင်ခဲ့သည့် အသက်အငယ်ဆုံး ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ထားသူဖြစ်သည်။

ကားလို့စ်အယ်ကာရက်က "၂၀၂၂ ခုနှစ်ရဲ့ အတိုးတက်ဆုံး ကစားသမားဆုကို ဆွတ်ခူးခဲ့လို့ ဝမ်းမြောက်ဂုဏ်ယူပါတယ်။ ဒီဆုအတွက် ကျွန်တော့်ကို မဲပေးရွေးချယ်ခဲ့ကြတဲ့ တင်းနစ်ကစားသမားအားလုံးကိုလဲ ကျေးဇူးတင်ပါတယ်။ ဒီဆုဟာ ကျွန်တော့်အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ဆုတစ်ဆုဖြစ်ပါတယ်။ ဒီနှစ်တင်းနစ်ရာသီဟာ ကျွန်တော့်အတွက် အမှတ်ရစရာအကောင်းဆုံး တင်းနစ်ရာသီတစ်ခု ဖြစ်သလို အိပ်မက်တွေ တကယ်ဖြစ်လာခဲ့တဲ့ နှစ်တစ်နှစ်လဲဖြစ်ပါတယ်။ လာမဲ့နှစ် ၂၀၂၃ ခုနှစ်မှာလဲ စွမ်းဆောင်ရည်တွေ ဒီထက်ပိုပြီးတော့တိုးတက်လာအောင်ကြိုးစားသွားမယ်။ ဒီနှစ်ထက်ပိုပြီးတော့ အမှတ်ရစရာကောင်းတဲ့ နှစ်တစ်နှစ်ဖြစ်လာအောင်လဲ ကြိုးစားသွားမယ်" ဟု ပြောကြားခဲ့သည်။

ကားလို့စ်အယ်ကာရက်သည် ၂၀၂၂ ခုနှစ် တင်းနစ်ရာသီအတွင်း မက်ဒရစ်မြို့နှင့် ဘာစီလိုနာမြို့တို့တွင် ကျင်းပခဲ့သော တင်းနစ်ပြိုင်ပွဲများတွင်လည်း ချန်ပီယံဆုကို ဆွတ်ခူးခဲ့ပြီး စပိန်မြေတွင်ကျင်းပသည့် ပြိုင်ပွဲများအားလုံးတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည့် ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။ AZL



## အားကစားသတင်း အတိုအထွာများ

- လာမည့်ရက်သတ္တပတ်တွင် မန်စီးတီးအသင်းနှင့်ကစားရမည့် ကွာရာဘောင်းဖလားပွဲစဉ်တွင် ခံစစ်ကစားသမား ဗန်ဒိုက် အနေဖြင့် ပါဝင်နိုင်ရန်မသေချာကြောင်း လီဗာပူးအသင်း နည်းပြကလော့ဂ်က ထုတ်ဖော်ပြောကြားခဲ့သည်။
- ပြီးခဲ့သည့် ဒီဇင်ဘာ ၁၆ ရက်က ကစားခဲ့သည့် ပီအက်စ်ဂျီအသင်းနှင့် ပဲရစ်အသင်းတို့ပွဲစဉ်တွင် အသက် ၁၅ နှစ်အရွယ် အမ်ဘက်ပီ၏ ညီဖြစ်သူ အီသန်အနေဖြင့် ပီအက်စ်ဂျီအသင်းနှင့် ပထမဆုံးပွဲထွက်ကစားခွင့်ရရှိခဲ့ကြောင်း သိရသည်။
- အသက် ၅၃ နှစ်ရှိ ဆားဘီးယားနိုင်ငံသား နည်းပြ မီဟာဂျေလိုဗစ်သည် သွေးကင်ဆာရောဂါကြောင့် ဒီဇင်ဘာ ၁၆ ရက်က ကွယ်လွန်ခဲ့ကြောင်း သိရသည်။ ML

**ကမ္ဘာ့ဖလား တတိယလုပွဲစဉ် ရလဒ်**

မော်ရိုကို ၁ - ၂ ခရိုအေးရှား (၀၄၀)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၁၇**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌဖလားဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲအုပ်စုပတ်လည် ပွဲစဉ်များကို ယနေ့တွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ် (၁) နှင့် (၃) တို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ ဘောလုံးအားကစားဝါသနာရှင်များ ကြည့်ရှုအားပေးခဲ့ကြသည်။

ယနေ့နံနက်ပိုင်းတွင် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် လေ့ကျင့်ရေးကွင်း အမှတ် (၃) ၌ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် လည်းကောင်း၊ ညနေ ၃ နာရီတွင် လေ့ကျင့်ရေးကွင်းအမှတ် (၁) ၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာန အသင်းကို ငါးဂိုး ဂိုးမရှိဖြင့် လည်းကောင်း၊ လေ့ကျင့်ရေးကွင်းအမှတ် (၃) ၌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို သုံးဂိုး တစ်ဂိုးဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြကြောင်း သိရသည်။ STA

# LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲသို့ ကူးပြောင်းလာရန် ဂျက်စတင်သောမတ်စ်နှင့် ဆွေးနွေးမှု အဆင်မပြေကြောင်း ဂရေ့နော်မန်း ပြောကြား

**ရိုယာ့ဒ် ဒီဇင်ဘာ ၁၇**

LIV Golf ဂေါက်သီးရိုက်အဖွဲ့ချုပ်၏အမှုဆောင်ချုပ်ဖြစ်သူ ဂရေ့နော်မန်းသည် ဂျက်စတင်သောမတ်စ်ကို PGA Tour မှ စွန့်ခွာ၍ LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် လာရောက်ယှဉ်ပြိုင်ရန် ဆွေးနွေးမှုပြုလုပ်ခဲ့သော်လည်း အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဂျက်စတင်သောမတ်စ်က PGA Tour အပေါ် သစ္စာစောင့်သိလိုသည့်အတွက် ဆွေးနွေးမှုအဆင်မပြေဖြစ်ခဲ့ပြီးနောက် ၎င်းက ကမ္ဘာ့အဆင့် (၁) ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်းအား LIV Golf အဖွဲ့ချုပ်နှင့် လာရောက်ပူးပေါင်းရန် ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်ဟု GM သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၂၃ ခုနှစ် ဂေါက်သီးရိုက်ရာသီအတွက် LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲများအတွက် ပွဲစဉ်ဇယားရေးဆွဲထားပြီးဖြစ်သလို ပါဝင်ယှဉ်ပြိုင်လိုသည့် ကစားသမားတိုင်းအား တံခါးဖွင့်ထားကြောင်းလည်း ဂရေ့နော်မန်းက ပြောကြားခဲ့သည်။

ဂရေ့နော်မန်းသည်LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲများ အရှိန်အဝါရှိလာစေရန်အတွက် PGA Tour ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နေသည့် နာမည်ကြီး ဂေါက်သီးရိုက်ကစားသမားများအား အဓိကပစ်မှတ်ထားနေသော်လည်း နာမည်ကြီး ဂေါက်သီးရိုက်ကစားသမားအများစုက PGA Tour ကို စွန့်ခွာရန် ဆန္ဒမရှိဘဲ ဖြစ်နေကြသည်။

သို့သော်လည်း ကမ္ဘာ့အဆင့် (၁) ဂေါက်သီးရိုက်ကစားသမားဟောင်း သောမတ်စ်ဂျွန်ဆင်အပါအဝင် နာမည်ကြီး ဂေါက်သီးရိုက်ကစားသမားတချို့မှာ LIV Golf ဂေါက်သီးရိုက် ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

ယင်းကစားသမားများကိုလည်း PGA Tour က ၎င်းတို့၏ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်မပြုတော့ပဲ အရေးယူမှုပင် ပြုလုပ်သွားရန် စီစဉ်နေသည်။

LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲများသည် ဆုကြေးငွေမြင့်မားသည့် ပြိုင်ပွဲများဖြစ်သော်လည်း LIV Golf ပြိုင်ပွဲများကို ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် ထည့်သွင်းတွက်ချက်မည်မဟုတ်သည့်အတွက် အဆိုပါ ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နေသည့် ကစားသမားအနေဖြင့်ကမ္ဘာ့အဆင့်ကောင်းရန် မျှော်လင့်၍ မရနိုင်တော့ကြောင်း သိရသည်။ AZL

# အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ၌ ပီအက်စ်ဂျီကို ရှုံးနိမ့်ခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်းအုပ်စုမှထွက်ခွာခဲ့ရ

**မက်ဒရစ် ဒီဇင်ဘာ ၁၇**

လက်ရှိယှဉ်ပြိုင်နေသည့် အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် ရီးရဲလ်မက်ဒရစ်အမျိုးသမီးအသင်းနှင့် ပီအက်စ်ဂျီအမျိုးသမီးအသင်းတို့ပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် လက်ကျန် တစ်ပွဲအလိုတွင် အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲအုပ်စု (A) တွင် ချဲလ်ဆီးအသင်း၊ ပီအက်စ်ဂျီအသင်း၊ ဗီလာဇနီးယားအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့သော်လည်း အုပ်စုအဖွင့်ပွဲစဉ်တွင် ဗီလာဇနီးယားကို အဝေးကွင်းတွင် နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သော်လည်း ပီအက်စ်ဂျီအသင်းကို အိမ်ကွင်းတွင် သရေ၊ အဝေးကွင်းတွင် နှစ်ဂိုး တစ်ဂိုးရှုံးနိမ့်ခဲ့ပြီး ချဲလ်ဆီးအသင်းကို အိမ်ကွင်းတွင် သရေ၊ အဝေးကွင်းတွင် နှစ်ဂိုး ပြတ်ဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် လက်ကျန် တစ်ပွဲကစားရန် ကျန်ရှိနေသော်လည်း အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရကြောင်း သိရသည်။

အုပ်စု (A) ငါးပွဲကစားအပြီးတွင် ချဲလ်ဆီးအသင်းက လေးပွဲနိုင်၊ တစ်ပွဲသရေ ရမှတ် ၁၃ မှတ်ဖြင့် အဆင့် (၁)၊ ပီအက်စ်ဂျီအသင်းက သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ၁၀ မှတ်ဖြင့် အဆင့် (၂)၊ ရီးရဲလ်မက်ဒရစ်က တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးရမှတ်ငါးမှတ်ဖြင့် အဆင့် (၃)၊ ဗီလာဇနီးယားအသင်းက ငါးပွဲစလုံး အရှုံးဖြင့် အုပ်စု နောက်ဆုံးတွင်ရပ်တည်နေပြီး ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် နောက်ဆုံးပွဲစဉ်ကို ဗီလာဇနီးယားအသင်းနှင့် ကစားရမည်ဖြစ်သော်လည်း ရမှတ်ငါးမှတ်သာ ရရှိခဲ့သောကြောင့် အုပ်စုအဆင့်မှ စောစီးစွာ ထွက်ခွာခဲ့ရသည်။



ရီးရဲလ်မက်ဒရစ် အမျိုးသမီးအသင်းသည် လာလီဂါချန်ပီယံဆုကိုသာ အာရုံစိုက်ရမည်ဖြစ်သော်လည်း လက်ရှိအမှတ်ပေးပြိုင်ပွဲ ၁၁ ပွဲကစားအပြီးတွင် အမှတ်ပေးဇယားထိပ်မှ ဘာစီလိုနာအသင်းနှင့် ရမှတ်ရှစ်မှတ်ထိ ကွာဟနေသောကြောင့် လာမည့်ပွဲစဉ်များကို အနိုင်ရရှိမှသာ ချန်ပီယံဆုကို စိန်ခေါ်နိုင်မည် ဖြစ်ကြောင်း သိရသည်။ ML

# Moment of the Year နှင့် Female Fight of the Year ဆု အိုင်ယာလန်လက်ဝှေ့မယ် ကေတီတေလာ ဆွတ်ခူး



**ဝါရှင်တန် ဒီဇင်ဘာ ၁၇**

အိုင်ယာလန် လက်ဝှေ့မယ် ကေတီတေလာသည် အမေရိကန်နိုင်ငံအခြေစိုက် ESPN သတင်းဌာနက ချီးမြှင့်သည့် အမျိုးသမီးလက်ဝှေ့လောက၏ Moment of the Year နှင့် Female Fight of the Year ဆုတို့ကို ဆွတ်ခူးခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကေတီတေလာသည် WBA၊ WBC၊ IBF၊ WBO လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်များကို ကာလရှည် ဆွတ်ခူးထားသူဖြစ်သကဲ့သို့ ၂၀၂၂ ခုနှစ်အတွင်း လိုက်ဝိတ်တန်း ပြိုင်ဘက်ကင်းချန်ပီယံ ကာကွယ်ပွဲစဉ် နှစ်ပွဲကိုလည်း အောင်မြင်စွာ ထိုးသတ်ကာကွယ်နိုင်ခဲ့သည့်အတွက် ESPN က ချီးမြှင့်သည့် Moment of the Year နှင့် Female Fight of the Year ဆုတို့ကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ကေတီတေလာသည် ၂၀၂၂ ခုနှစ် ဧပြီ ၃၀ ရက်က အမေရိကန်နိုင်ငံ နယူးယောက်တွင် ပွာတိုရီကိုလက်ဝှေ့မယ် အမန်ဒါဆာရန်နိုအား အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် Moment of the Year ဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အမန်ဒါဆာရန်နိုနှင့် ကေတီတေလာတို့၏ပွဲစဉ်မှာ ယခုနှစ် အမျိုးသမီးလက်ဝှေ့လောကအတွက် အကောင်းဆုံး စိန်ခေါ်ပွဲတစ်ပွဲလည်းဖြစ်ခဲ့သည်။

Moment of the Year ဆုအတွက် အမန်ဒါဆာရန်နိုနှင့် ကေတီတေလာတို့ပွဲစဉ်ကို ရွေးချယ်ခဲ့ခြင်းနှင့် ပတ်သက်ပြီး ESPN မှ တာဝန်ရှိသူတစ်ဦးက "၂၀၂၂ ခုနှစ်အတွင်း အမျိုးသမီးလက်ဝှေ့လောကဟာ အမျိုးသားလက်ဝှေ့လောကရဲ့ကျော်ကြားမှု ဆွဲဆောင်မှုတွေကို အမီလိုက်နိုင်ကြောင်း ပြသနိုင်ခဲ့တယ်။ အမန်ဒါဆာရန်နိုနဲ့ ကေတီတေလာတို့ ပွဲစဉ်ဟာ ၂၀၂၂ ခုနှစ်ရဲ့အကောင်းဆုံး စိန်ခေါ်ပွဲတစ်ပွဲဖြစ်ခဲ့ပါတယ်။ အမျိုးသမီးလိုက်ဝိတ်တန်းလောကရဲ့ အကောင်းဆုံး လက်ဝှေ့မယ် နှစ်ယောက် ထိုးသတ်ခဲ့တဲ့ပွဲစဉ်ဖြစ်သလို လက်ဝှေ့စွမ်းရည်ပြည့်ဝတဲ့ ပြိုင်ဘက်နှစ်ဦးရဲ့ ထိပ်တိုက်တွေ့ဆုံမှုဖြစ်ခဲ့တဲ့အတွက် ၂၀၂၂ ခုနှစ်ရဲ့ အကောင်းဆုံးစိန်ခေါ်ပွဲဖြစ်ခဲ့တယ်။ ပရိသတ်တွေကိုလဲ စိတ်လှုပ်ရှားမှုအပြည့်အဝပေးနိုင်ပြီးတော့ အဆုံးသတ်ရလဒ်ကလဲ မှုတတဲ့ရလဒ်မျိုးနဲ့ အဆုံးသတ်ခဲ့တယ်။ အမန်ဒါဆာရန်နိုနဲ့ကေတီတေလာတို့ရဲ့ စိန်ခေါ်ပွဲမှာ အားပေးခဲ့ကြတဲ့ ပရိသတ်တွေရဲ့ အသံကိုကြားရင် ဘယ်လောက်ကောင်းတဲ့ ပွဲဖြစ်ခဲ့သလဲဆိုတာကို ကောင်းကောင်းသိနိုင်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ဒီဇင်ဘာလလူထုစုပေါင်းလမ်းလျှောက်ပွဲများကို ပြည်နယ်နှင့်တိုင်းဒေသကြီးရှိ မြို့အသီးသီးတွင် ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရန်နှင့် မြန်မာ့အားကစားလောက အဆင့်အတန်းတိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ ဒီဇင်ဘာလ(တတိယအပတ်) လူထုစုပေါင်း လမ်းလျှောက်ပွဲများကို မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးရှိ မြို့အသီးသီး၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ နေပြည်တော်တွင်ကျင်းပခဲ့သည့် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေနေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပခဲ့ရာ ဗဟိုအဆင့် ပြည်ထောင်စုအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ စုစုပေါင်းအင်အား ဦးရေ ၃၇၀၀ ခန့် ပါဝင်ဆင်နွှဲခဲ့ကြသည်။

အဆိုပါ လူထုစုပေါင်းလမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကြသူများသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်းမှ သတ်မှတ်လမ်းကြောင်းများအတိုင်း စုပေါင်းလမ်းလျှောက်ခဲ့ပြီးနောက် စုပေါင်းကိုယ်လက်ကြံ့ခိုင်စုပေါင်းလှုပ်ရှားခဲ့ကြပြီး ပါဝင်ဆင်နွှဲကြသူများကို အားကစားနှင့်ကာယပညာဦးစီးဌာနက အာဟာရဖြည့် အချိုရည်များ၊ ရေသန့်ဘူးများ၊ မုန့်များဖြင့် ဧည့်ခံခဲ့ကြသည်။

အလားတူ မန္တလေးမြို့၊ ရမည်းသင်းမြို့၊ မိတ္ထီလာမြို့၊ မောင်တောမြို့၊ စစ်တွေမြို့၊ ဇလွန်မြို့၊ ကန်ကြီးထောင့်မြို့၊ ကျုံပျော်မြို့၊ ပုသိမ်မြို့၊ ပဲခူးမြို့၊ ဖြူးမြို့၊ ပြည်မြို့၊ မကွေးမြို့၊ မင်းဘူးမြို့တို့တွင်လည်း ဒီဇင်ဘာလ (တတိယအပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲများကို ကျင်းပခဲ့ကာ လမ်းလျှောက်ပွဲတွင်ပါဝင်ဆင်နွှဲကြသူများကို ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ စုပေါင်းလှုပ်ရှားခဲ့ကြကြောင်း သိရသည်။

STA

# ၂၀၂၆ ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၃၂ သင်းပါဝင်မည်ဟု ဖီဖာဥက္ကဋ္ဌ အင်ဖန်တီနို ပြောကြား




**ဇူးရစ် ဒီဇင်ဘာ ၁၇**

လာမည့် ၂၀၂၅ ခုနှစ်တွင် ကျင်းပမည့် ဖီဖာကမ္ဘာ့ကလပ်ချန်ပီယံပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၃၂ သင်းထိ တိုးမြှင့်၍ ယှဉ်ပြိုင်သွားမည်ဟု ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ အင်ဖန်တီနိုက အတည်ပြု ပြောကြားခဲ့ကြောင်း Dailycannon.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်သည် ဖီဖာကမ္ဘာ့ကလပ်ချန်ပီယံပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ခုနစ်သင်းဖြင့် နှစ်စဉ် ကျင်းပနေခြင်းဖြစ်သော်လည်း လာမည့် ၂၀၂၆ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၄၈ သင်းထိ တိုးမြှင့်ထားသောကြောင့် အဆိုပါ ပြိုင်ပွဲကို အထောက်အကူဖြစ်စေရန်နှင့် ရန်ပုံငွေတိုးတက်လာစေရန်အတွက် ၂၀၂၅ ခုနှစ်တွင် ကျင်းပမည့်ဖီဖာကမ္ဘာ့ကလပ် ချန်ပီယံပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၃၂ သင်းထိ တိုးမြှင့်ကျင်းပမည်ဖြစ်ကြောင်း ဥက္ကဋ္ဌ အင်ဖန်တီနိုက အတည်ပြုပြောကြားခဲ့ခြင်း ဖြစ်သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ အင်ဖန်တီနိုက "ဖီဖာကမ္ဘာ့ကလပ်ချန်ပီယံပြိုင်ပွဲကို အသင်း ၃၂ သင်းနဲ့ လေးနှစ်တစ်ကြိမ်ကျင်းပသွားမှာပါ။ ပထမဆုံးအကြိမ်အနေနဲ့ လာမဲ့ ၂၀၂၅ ခုနှစ် နွေရာသီတွင် အမေရိကန်နိုင်ငံမှာ ပြုလုပ်သွားမှာပါ။ ဒါ့ပြင် အမျိုးသမီးကမ္ဘာ့ဖူဆယ်ပြိုင်ပွဲကိုလဲ ထည့်သွင်းကျင်းပသွားမှာပါ။ ကမ္ဘာတစ်ဝန်းမှာရှိတဲ့ အကောင်းဆုံးကလပ်အသင်းတွေကိုလဲ ပါဝင်ဖို့ဖိတ်ခေါ်ပါတယ်" ဟု ပြောကြားခဲ့သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်အနေဖြင့် ဖီဖာကမ္ဘာ့ကလပ်ချန်ပီယံပြိုင်ပွဲများကို ၂၀၁၈ ခုနှစ် ကတည်းက ပြိုင်ပွဲဝင်အသင်း ၂၄ သင်းဖြင့် တိုးမြှင့်ကျင်းပရန် စီစဉ်ထားသော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါ အပါအဝင် အာဖရိကဖလားပြိုင်ပွဲ၊ ယူရိုချန်ပီယံရှစ် ပြိုင်ပွဲတို့ကြောင့် ရပ်ဆိုင်းခဲ့ရသော်လည်း လာမည့် ၂၀၂၅ ခုနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဖီဖာကမ္ဘာ့ကလပ်ချန်ပီယံပြိုင်ပွဲကို ကာတာကမ္ဘာ့ဖလားပြိုင်ပွဲကြောင့် ရွှေ့ဆိုင်းထားရသဖြင့် လာမည့် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် မော်ရိုကိုနိုင်ငံ၌ ပြန်လည်ကျင်းပမည်ဟု ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ML

# ရှန်ဒွန်နှင့် နှစ်ဖက်သဘောတူစာချုပ်ဖျက်သိမ်းကြောင်း အဲဗာတန်အသင်း ထုတ်ပြန်ကြေညာ

**လန်ဒန် ဒီဇင်ဘာ ၁၇**

အဲဗာတန် အသင်းသည် တိုက်စစ်မှူး ရှန်ဒွန်နှင့် ယခုနှစ်ဘောလုံးရာသီကုန်တွင် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သော်လည်း ယခုအခါ နှစ်ဖက်သဘောတူညီချက်အရ စာချုပ်ဖျက်သိမ်းခဲ့သည်ဟု ကြေညာခဲ့ကြောင်း 90 Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

တိုက်စစ်မှူးရှန်ဒွန်သည် ပြီးခဲ့သည့် ၂၀၂၀ ခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလက အဲဗာတန်အသင်းသို့ ရောက်ရှိခဲ့ပြီး နည်းပြ ဘင်နီတက်ဇ်လက်ထက်တွင် ပြိုင်ပွဲစုံ ၂၃ ပွဲပါဝင်ခဲ့ရာသွင်းဂိုး သုံးဂိုးသွင်းယူနိုင်ခဲ့သော်လည်း နည်းပြ လမ်းပတ်လက်အောက်တွင် အဓိကပြိုင်ပွဲ ရှစ်ပွဲသာ ပါဝင်ကစားခဲ့ရပြီး ဂိုးသွင်းယူနိုင်ခြင်း မရှိသဖြင့် အသင်းတာဝန်ရှိသူများက ကစားသမားနှင့် ဆွေးနွေးမှုပြုလုပ်ကာ နှစ်ဖက်သဘောတူစာချုပ်ဖျက်သိမ်းခဲ့ကြောင်း သိရသည်။

အဲဗာတန်အသင်း ဘုတ်အဖွဲ့က "ရှန်ဒွန်ကို တရုတ်ကလပ် ဒါလီယန်အသင်းကနေ ပြီးခဲ့တဲ့နှစ်က ခေါ်ယူခဲ့တာပါ။ သူ့အနေနဲ့ အသင်းအတွက် ပြိုင်ပွဲစုံ ၃၁ ပွဲ ကစားခွင့်ရခဲ့ပေမဲ့ သွင်းဂိုး သုံးဂိုးသာ သွင်းယူနိုင်ခဲ့ပါတယ်။ ရှန်ဒွန်ဟာ လာမဲ့ ၂၀၂၃ ခုနှစ် ဇွန်လမှာ စာချုပ်ကုန်ဆုံးမှာဖြစ်ပေမဲ့ သူ့ကိုပွဲထွက်ခွင့် အာမခံချက်မပေးနိုင်တာကြောင့် နှစ်ဖက်သဘောတူစာချုပ်ဖျက် သိမ်းခဲ့တာပါ။ ရှန်ဒွန်အနေနဲ့ အနာဂတ်မှာ အောင်မြင်မှုတွေ ရရှိပါစေလို့ အဲဗာတန်အသင်းအနေနဲ့ ဆုတောင်းပေးပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ ML

# ကမ္ဘာ့ဖလားဗိုလ်လုပွဲစဉ်ကို မတက်ရောက်ကြောင်း ပြင်သစ်အသင်း တိုက်စစ်မှူးဘင်ဇီးမားပြောကြား



**မက်ဒရစ် ဒီဇင်ဘာ ၁၇**

ရီးရဲလ်မက်ဒရစ် အသင်းနှင့် ပြင်သစ်အသင်း တိုက်စစ်ကစားသမား ဘင်ဇီးမားက လက်ရှိပြင်သစ်အသင်းနည်းပြ ဒက်ချမ့်နှင့် ဆက်ဆံရေး မပြေလည်မှုများကြောင့် ၂၀၂၂ ကမ္ဘာ့ဖလားဗိုလ်လုပွဲစဉ်တွင် ပါဝင်ကစားမည် မဟုတ်သည့်အပြင် အခမ်းအနားသို့လည်း တက်ရောက်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်ဟု The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘင်ဇီးမားသည် လက်ရှိ ၂၀၂၂ ကမ္ဘာ့ဖလား ပြိုင်ပွဲမစတင်မီက အသင်းကစားသမားစာရင်းတွင် ပါဝင်လာပြီး ကာတာနိုင်ငံသို့ လိုက်ပါခဲ့သော်လည်း ပြိုင်ပွဲမစတင်မီ ရက်ပိုင်းအလိုတွင် လေ့ကျင့်ရေးအစီအစဉ်၌ ဒဏ်ရာရရှိခဲ့သည့်အတွက် အသင်းကစားသမားစာရင်းမှ နုတ်ထွက်ခဲ့ရသည်။

ဘင်ဇီးမားသည် တစ်ပတ်ကြာ အနားယူပြီးလျှင် ပြန်လည်ကောင်းမွန်လာပြီး ပွဲစဉ်များကို ဆက်လက်ကစားနိုင်မည်ဖြစ်သော်လည်း နည်းပြဒက်ချမ့်က စောင့်ဆိုင်းခြင်းမရှိခဲ့ဘဲ အသင်းကစားသမားစာရင်းမှ ထုတ်ပယ်ခဲ့သည့်အတွက် ဘင်ဇီးမားက နည်းပြဒက်ချမ့်လုပ်ရပ်အပေါ် ဒေါသထွက်ခဲ့ခြင်းဖြစ်သည်။

ဘင်ဇီးမားသည် ဒဏ်ရာရရှိခဲ့ပြီးနောက် တစ်ပတ်ကြာ ဆေးကုသမှုခံယူခဲ့ပြီး လက်ရှိတွင် ကြံ့ခိုင်မှုပြန်လည်ပြည့်ဝနေပြီဖြစ်သကဲ့သို့ ၎င်း၏နေရာတွင်လည်း ကစားသမားသစ် အစားထိုးမှုမပြုလုပ်ရသေးသည့်အတွက် အသင်းနှင့်ပြန်လည်ပူးပေါင်းပြီး ဗိုလ်လုပွဲစဉ်ကို ကစားခွင့်ရှိနေသော်လည်း နည်းပြဒက်ချမ့်က ပြန်လည်ခေါ်ဆောင်ခြင်း မရှိခဲ့သကဲ့သို့ အင်တာဗျူးတွင်လည်း ဘင်ဇီးမားကို ပြန်လည်ခေါ်ယူရန်မေးမြန်းမှုကို ဖြေကြားမှုမပြုလုပ်ခဲ့သည့်အတွက် ၎င်းတို့နှစ်ဦးကြားဆက်ဆံရေးပိုမိုတင်းမာလာခဲ့ပြီး လက်ရှိတွင် ဘင်ဇီးမားက ဗိုလ်လုပွဲတွင် မကစားတော့သည့်အပြင် ဆုပေးပွဲအခမ်းအနားကိုပါ မတက်ရောက်ဘဲ ရီးရဲလ်မက်ဒရစ်အသင်းနှင့်သာ ဆက်လက် ပူးပေါင်းနေကြောင်း သိရသည်။

STA

# ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နိုင်ငံရေးအပြောင်းအလဲ ဖြစ်လာနိုင်သလား

မောင်သောင်းဝင်း(တမန်ဟောင်း)



ဘင်္ဂလားဒေ့ရှ် အမျိုးသားရေးပါတီ (BNP) သည် လက်ရှိအချိန်တွင် အိပ်မောကျနေရာမှ ပြန်လည်နိုးထလာပြီဖြစ်ကြောင်း၊ ပါတီအနေဖြင့်နိုင်ငံတစ်ဝန်းတွင် လူထုစုရုံးစီတန်းလှည့်လည်ဆန္ဒပြမှုများလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ လုပ်ဆောင်ခြင်းအားဖြင့် ပါတီခေါင်းဆောင် ခါလီဒါဇီယာနှင့် ခေတ္တဥက္ကဋ္ဌ တာကွီရာမန်တို့၏ ပုံရိပ်တက်လာမည်ဖြစ်ကြောင်း BNP ပါတီ ဝါရင့်ခေါင်းဆောင်တစ်ဦးဖြစ်သည့် အမ်နူလာအာမန်က အောက်တိုဘာ ၈ ရက်တွင် ပြောကြားသွားသည်။

BNP ပါတီအနေဖြင့် ကန်ချာပါတံတား၊ တွန်ဂီတံတား၊ မာဝါလမ်း၊ အရီချာလမ်း၊ နတ္တနက်ဖ်မှ တက်ကျူလီယာနှင့် ရှုပါရှာမှပတ်သူရီယာသို့ သွားသောလမ်းများအပါအဝင် ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း၌ ပိတ်ဆို့ဆန္ဒပြမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ရှိတ်ဟာဆီနာအုပ်ချုပ်မှုအောက်တွင် မည်သည့်ရွေးကောက်ပွဲမျှ ကျင်းပပေးသွားဖွယ်ရာ မရှိသောကြောင့် လိုအပ်ပါက မိမိတို့အနေဖြင့် ကိုယ်ကျိုးစွန့် အနစ်နာခံသွားမည်ဖြစ်ကြောင်း၊ လက်ရှိအစိုးရကိုဖယ်ရှားပြီးမှသာ အိမ်သို့ ပြန်မည်ဖြစ်ကြောင်း အာမန်က ပြောကြားသွားသည်။

အောက်တိုဘာ ၈ ရက်တွင် အာမန်၏ကြေညာချက် ထွက်ပေါ်လာပြီးနောက်ပိုင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အဓိကအတိုက်အခံပါတီကြီးဖြစ်သည့် BNP သည် လူထုစုရုံးဆန္ဒပြမှုများ လုပ်ဆောင်လျက်ရှိသည်။ လက်ရှိအချိန်ထိ ငြိမ်းချမ်းစွာဆန္ဒပြမှု သုံးကြိမ်ထိ လုပ်ဆောင်ခဲ့ပြီးဖြစ်သည်။ အစိုးရသည် လူထုစုရုံးဆန္ဒပြမှု၌ပါဝင်မည့် ပြည်သူများသွားလာသည့်လမ်းကြောင်းတွင် ပြည်သူ့ပို့ဆောင်ရေးလုပ်ငန်းများကို ပိတ်သိမ်းခြင်းအပါအဝင် အတားအဆီးများ ပိတ်ဆို့ချထားရန် နည်းလမ်းရှာဖွေခဲ့သော်လည်း ပြည်သူများစွာသည် ဆန္ဒပြပွဲများသို့ပါဝင်ခဲ့ကြသည်။

ဘင်္ဂလားဒေ့ရှ်၏ အာဏာရပါတီဖြစ်သော အဝါမီလိဂ် (AL) ပါတီသည် ၂၀၀၉ ခုနှစ်ကတည်းက တိုင်းပြည်ကို အုပ်ချုပ်လျက်ရှိသည်။ ထိုအချိန်မှစ၍ AL အစိုးရသည် တိုင်းပြည်အတွင်း အိမ်စောင့်အစိုးရ၏ အုပ်ချုပ်မှုဖြင့်သာ ရွေးကောက်ပွဲများပြုလုပ်သည့်စနစ်ကို ဖျက်သိမ်းခဲ့သည်။ အမှန်တော့ အိမ်စောင့်အစိုးရသည် ဘက်မလိုက်အစိုးရဖြစ်ပြီး အထွေထွေရွေးကောက်ပွဲများ ကျင်းပပေးရန် တိုင်းပြည်အုပ်ချုပ်ရေးတာဝန်ကို သုံးလကြာ ထမ်းဆောင်ရလေ့ရှိသည်။

၂၀၁၄ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တို့တွင် ဘင်္ဂလားဒေ့ရှ်၌ပြုလုပ်ခဲ့သော အထွေထွေရွေးကောက်ပွဲနှစ်ခုကို AL အစိုးရအုပ်ချုပ်မှုအောက်တွင်သာ ကျင်းပခဲ့ခြင်းဖြစ်သည်။ ရွေးကောက်ပွဲတွင် မဲမသမာမှုများရှိခဲ့သောကြောင့် BNP ပါတီအပါအဝင် အတိုက်အခံပါတီများက ရွေးကောက်ပွဲများကို သပိတ်မှောက်ခဲ့ကြသည်။ အမှန်တော့ ရွေးကောက်ပွဲများ၌ အတိုက်အခံများကို ဘေးဖယ်ထားရေးသည် AL အစိုးရ၏ အဓိကရည်မှန်းချက် ဖြစ်နိုင်ပေသည်။ ထို့ကြောင့် အတိုက်အခံပါတီများအား ဆန္ဒပြခွင့်တားမြစ်ခဲ့ပြီး ပါတီခေါင်းဆောင်များကို ဖမ်းဆီးခဲ့သည်။

ထို့ကြောင့် BNP ပါတီသည် အားသစ်လောင်းသည့်လှုပ်ရှားမှုများ ပြန်လည်စတင်ကာ နိုင်ငံတစ်ဝန်း၌ လူထုစုရုံးဆန္ဒပြမှုများ လုပ်ဆောင်လာခြင်းဖြစ်သည်။ BNP ပါတီထူထောင်မှု ၄၄ နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ယခုနှစ် ဇူလိုင် ၃၁ ရက်တွင် နရာယန်ဂန်၌ လူထုစုရုံးဆန္ဒပြပွဲပြုလုပ်ခဲ့ရာ နိုင်ငံရေးတက်ကြွလှုပ်ရှားသူတစ်ဦး သေဆုံးခဲ့ပြီး အခြားသူများမှာလည်း ဒဏ်ရာများရရှိခဲ့ကြသည်။ နိုင်ငံတစ်ဝန်း စီးပွားရေးကျပ်တည်းမှုများသည် လူမှုရေးဆိုင်ရာ အခက်အခဲများဖြစ်လာပြီး ဆန္ဒပြပွဲများအတွက် ပြည်သူများကို အလွယ်တကူစည်းရုံးလာနိုင်သည်။

ဆိုရလျှင် စီးပွားရေးနှင့်အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးသည် AL အစိုးရ၏မူဝါဒများတွင် အရေးပါသော အစိတ်အပိုင်းအဖြစ် ပါဝင်လျက်ရှိသည်။ AL အစိုးရသည် ပတ်မာတံတားစီမံကိန်း၊ မြို့ပြရထားပို့ဆောင်ရေးစီမံကိန်း၊ ရွှတ်ပါစွမ်းအင်စက်ရုံစီမံကိန်းနှင့် ကာနာဖူလီဥမင်လိုဏ်ခေါင်းစီမံကိန်းများအပါအဝင် အကြီးစားစီမံကိန်းများစွာကို အကောင်အထည်ဖော်လျက်ရှိပြီး ဘင်္ဂလားဒေ့ရှ် ပြည်သူအားလုံးကို လျှပ်စစ်စွမ်းအင်ဖြန့်ဖြူးပေးနိုင်အောင် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် AL အစိုးရသည် တိုင်းပြည်ကို ဝင်ငွေနိမ့်ပါးသောနိုင်ငံအဆင့်မှသည် အလယ်အလတ်အဆင့် ဝင်ငွေရှိသောနိုင်ငံအဖြစ်သို့ ရောက်ရှိစေရန် အသည်းအသန် ကြိုးပမ်းလျက်ရှိသည်။ 'ဒီမိုကရေစီထက် ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအလေးထားသည်' ဆိုသော သဘောတရားသည် AL အစိုးရစွဲကိုင်ထားသော ဆောင်ပုဒ်ပင်ဖြစ်ရာ တိုင်းပြည်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုသာ အလေးထားလုပ်ဆောင်လျက်ရှိသည်။

သို့သော် အစိုးရ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ကတိကဝတ်များသည် မကြာသေးမီလများအတွင်း ကပင် ပျက်ပြယ်သွားပြီဖြစ်သည်။ လောင်စာဆီဈေးနှုန်းများသည် ၅၀ ရာခိုင်နှုန်း တက်သွားခဲ့သည်။ ထို့ကြောင့် အခြေခံလူသုံးကုန်ပစ္စည်းများလည်း ဈေးနှုန်းမြင့်တက်လာခဲ့သည်။ ငွေကြေးဖောင်းပွမှုနှုန်း ၁၀ ရာခိုင်နှုန်းထိရှိလာခဲ့ပြီး ဝင်ငွေနိမ့်သူများနှင့် အလယ်အလတ်အဆင့် ဝင်ငွေရှိသည့်ပြည်သူများအပေါ် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည်။ ဘင်္ဂလားဒေ့ရှ်ငွေကြေးဖြစ်သည့် တာကာသည် အမေရိကန်ဒေါ်လာနှင့် လဲလှယ်ရာတွင် ဈေးနှုန်းများစွာ ကျဆင်းလာခဲ့သည်။ တိုင်းပြည်၏ နိုင်ငံခြားအရန်ငွေသည် ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် အမေရိကန်ဒေါ်လာ ၄၈ ဘီလီယံရှိခဲ့ရာမှ ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် ၃၉ ဒသမ ၉၅ ဘီလီယံသာ ရှိတော့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လျှပ်စစ်စွမ်းအင်လိုအပ်ချက်မြင့်မားလျက်ရှိသည်။ AL အစိုးရသည် ပြည်သူအားလုံးကို လျှပ်စစ်ဖြန့်ဖြူးနိုင်ရေး အာမခံချက်ပေးလျက်ရှိသော်လည်း ဘင်္ဂလားဒေ့ရှ်ပြည်သူများကြားတွင် နေ့စဉ် လျှပ်စစ်စွမ်းအင်လိုအပ်ချက် မြင့်တက်လျက်ရှိသည်။ လက်ရှိအချိန်တွင် အစိုးရသည် နိုင်ငံခြားငွေကြေး ချွေတာမှုလုပ်ဆောင်သည့်အနေဖြင့် လောင်စာဆီတင်သွင်းမှု လျှော့ချလျက်ရှိသောကြောင့် ပြည်သူများ၏ လျှပ်စစ်စွမ်းအင်လိုအပ်ချက်ကို ဖြေရှင်းပေးနိုင်ဦးမည် မဟုတ်ချေ။ စီးပွားရေးအကျပ်အတည်းသည် AL အစိုးရပုံရိပ်ကို ကျဆင်းစေလျက်ရှိသည့်အပြင် ပြည်သူများကလည်း အစိုးရ၏ စွမ်းဆောင်ရည်အပေါ် သံသယဝင်လာပြီဖြစ်သည်။

စင်စစ်အားဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ဒေသတွင်း၌ ပထဝီနိုင်ငံရေးအရ အရေးပါလျက်ရှိသည်။ အမေရိကန်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို လေးနိုင်ငံလုံခြုံရေးဆွေးနွေးမှု မိတ်ဖက်အဖွဲ့ (Quad)သို့ ဝင်ရောက်လာစေရန် ဆန္ဒရှိနေသော်လည်း ဘင်္ဂလားဒေ့ရှ်ဆိုင်ရာ တရုတ်သံအမတ်ကြီး လီဂျင်အင်းကမူ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် Quad အဖွဲ့တွင် ဝင်ရောက်မည်ဆိုလျှင် တရုတ်နိုင်ငံနှင့်ဆက်ဆံရေး တင်းမာလာမည်ဖြစ်ကြောင်း ၂၀၂၁ ခုနှစ် မေလတွင် သတိပေးပြောကြားခဲ့သည်။ ထို့ပြင် တရုတ်နိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးမှုလုပ်ငန်း (GDI) နှင့် ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးလုပ်ငန်း (GSI)တို့ ပါဝင်ဆောင်ရွက်စေလိုသော ဆန္ဒရှိနေသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် အမေရိကန်နှင့် တရုတ်တို့ကြား ဗျာများလျက်ရှိသောကြောင့် အမေရိကန်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အလျင်အမြန်တုံ့ပြန်ရေးတပ်ရင်းနှင့် ၎င်းတပ်ရင်းမှအရာရှိကြီး ခုနစ်ဦးတို့ကို ပိတ်ဆို့မှုများချမှတ်လျက် ဒါကာအပေါ် ဖိအားပေးလာခဲ့သည်။ ထို့ပြင် အမေရိကန်က ယခုနှစ်အစောပိုင်း၌ ထုတ်ပြန်ခဲ့သည့် နိုင်ငံအလိုက် လူ့အခွင့်အရေးကျင့်သုံးမှု အစီအရင်ခံစာ (၂၀၂၁) တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ကျင်းပခဲ့သော ၂၀၁၈ ခုနှစ် အထွေထွေရွေးကောက်ပွဲများသည် လွတ်လပ်မှုနှင့် တရားမျှတမှုမရှိကြောင်း ဖော်ပြထားသည်။ AL အစိုးရသည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပသွားရန် စီစဉ်ထားရှိသော အထွေထွေရွေးကောက်ပွဲများတွင် လွတ်လပ်ပြီး တရားမျှတမှုရှိရေးနှင့်စပ်လျဉ်း၍ ဘင်္ဂလားဒေ့ရှ်အခြေစိုက် အမေရိကန်၊ ဥရောပ၊ ဂျပန်၊ ဂျာမနီသံအမတ်ကြီးများ၏ ဖိအားပေးပြောဆိုမှုများနှင့် ရင်ဆိုင်ရလျက်ရှိသည်။ လက်ရှိ ပထဝီနိုင်ငံရေးအခြေအနေသည် AL အစိုးရကို လွတ်လပ်ပြီး တရားမျှတသောရွေးကောက်ပွဲများ ကျင်းပသွားရန် ဖိအားပေးလျက်ရှိသောကြောင့် BNP သည် ရွေးကောက်ပွဲဆိုင်ရာ ကံဇာတာပွင့်လာနိုင်ပေသည်။

ကစဉ့်ကလျားဖြစ်ခဲ့သော BNP ပါတီသည် လက်ရှိအချိန်တွင် အဖွဲ့ဝင် ပိုမိုများပြားလာပြီး စည်းလုံးမှုပိုမိုရရှိလာဖွယ်ရာရှိနေသည်။ ၂၀၁၈ ခုနှစ်တွင် ပါတီခေါင်းဆောင် ခါလီဒါဇီယာသည် အဂတိလိုက်စားမှုဖြင့်ထောင်ကျခဲ့ပြီး ကျန်းမာရေးအခြေအနေအရ ၂၀၂၀ ပြည့်နှစ်တွင် ထောင်မှပြန်လည်လွတ်မြောက်လာခဲ့သော်လည်း နိုင်ငံရေးအာဏာမရှိတော့သည့်အပြင် အဂတိလိုက်စားမှုစွဲချက်များကြောင့် နိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခွင့် မရရှိတော့ပေ။ ခေတ္တပါတီခေါင်းဆောင်ဖြစ်သည့် သားဖြစ်သူ ရာမန်သည်လည်း ဝရမ်းပြေးဖြစ်နေပြီး လန်ဒန်တွင် နေထိုင်ရလျက်ရှိသည်။ လက်ရှိအချိန်တွင် ရာမန်သည် ပြည်ပမှနေ၍ BNP ပါတီအဖွဲ့ဝင်များကို လမ်းညွှန်မှုပေးနေရသည်။ AL အစိုးရ၏ စွမ်းဆောင်ရည် ညံ့ဖျင်းလာမှုများသည် BNP ပါတီကို ပိုမိုကျော်ကြားလာစေပြီး ရာမန်သည် ပါတီအဖွဲ့ဝင်များကို ပြည်ပမှနေ၍ စိတ်ခွန်အားပေးရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

ဆိုရလျှင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ စီးပွားရေးအကျပ်အတည်းနှင့် ပထဝီနိုင်ငံရေးသည် BNP ပါတီအား ပြည်သူလူထုကို စည်းရုံးလှုံ့ဆော်နိုင်ရန်အခွင့်အလမ်းပေးလျက်ရှိသည်။ AL အစိုးရအနေဖြင့်လည်း BNP ပါတီ၏ အားသစ်လောင်းလာမှုကိုတားမြစ်ရန် အခွင့်အလမ်း ရှာဖွေသွားလိမ့်မည်ဖြစ်သည်။ အစိုးရသည် BNP ပါတီ၏လှုပ်ရှားဆန္ဒပြမှုများကို တရားဥပဒေစိုးမိုးရေး အကြောင်းပြချက်ဖြင့် ဖြိုခွင်းသွားဖွယ်ရာရှိနေသည်။ ထို့ကြောင့် BNP ပါတီအနေဖြင့်လည်း ၎င်းတို့၏စုရုံးဆန္ဒပြမှုများသည် တိုင်းပြည်အတွက် ဆောင်ရွက်နေခြင်းဖြစ်ကြောင်းနှင့်အစိုးရအနေဖြင့်ဆန္ဒပြမှုများကို တားမြစ်ပိတ်ပင်မှု မလုပ်ဆောင်နိုင်အောင် နည်းလမ်းရှာကြံဆောင်ရွက်သွားရန်လိုအပ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

❖ ထို့ကြောင့် BNP ပါတီသည် အားသစ်လောင်းသည့်လှုပ်ရှားမှုများ ပြန်လည်စတင်ကာ နိုင်ငံတစ်ဝန်း၌ လူထုစုရုံးဆန္ဒပြမှုများ လုပ်ဆောင်လာခြင်းဖြစ်သည်။ BNP ပါတီထူထောင်မှု ၄၄ နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ယခုနှစ် ဇူလိုင် ၃၁ ရက်တွင် နရာယန်ဂန်၌ လူထုစုရုံးဆန္ဒပြပွဲပြုလုပ်ခဲ့ရာ နိုင်ငံရေးတက်ကြွလှုပ်ရှားသူတစ်ဦး သေဆုံးခဲ့ပြီး အခြားသူများမှာလည်း ဒဏ်ရာများရရှိခဲ့ကြသည်။ နိုင်ငံတစ်ဝန်း စီးပွားရေးကျပ်တည်းမှုများသည် လူမှုရေးဆိုင်ရာအခက်အခဲများဖြစ်လာပြီး ဆန္ဒပြပွဲများအတွက် ပြည်သူများကို အလွယ်တကူစည်းရုံးလာနိုင်သည်။ ❖

**ကိုးကား**

- **Bangladesh's Opposition Mobilizes Against the Government by The Diplomat.**

# သရုပ်ဆောင် စိုးမြတ်နန္ဒာက မွေးနေ့အလှူအဖြစ် မဟာဂန္ဓာရုံကျောင်းတိုက်ရှိ သံဃာတော်များအား အရှက်ဆွမ်းဆက်ကပ်



**ရန်ကုန် ဒီဇင်ဘာ ၁၇**

သရုပ်ဆောင် စိုးမြတ်နန္ဒာက မွေးနေ့အလှူအဖြစ် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မဟာဂန္ဓာရုံကျောင်းတိုက်ရှိ သံဃာတော်များအား အရှက်ဆွမ်းဆက်ကပ်လှူဒါန်းခြင်းကို ဒီဇင်ဘာ ၁၆ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

သရုပ်ဆောင် စိုးမြတ်နန္ဒာက ၎င်း၏အသက် ၄၃ နှစ်ပြည့်မွေးနေ့ အလှူအဖြစ် အမရပူရမြို့နယ် မဟာဂန္ဓာရုံကျောင်းတိုက်ရှိ သံဃာတော်အပါး ၁၀၀၀ ကျော်တို့အား အရှက်ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“၄၃ နှစ်ပြည့်တဲ့ မွေးနေ့အလှူ အနေနဲ့ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်မှာ သီတင်းသုံးကြတဲ့ သံဃာတော်အပါး ၁၀၀၀ ကျော်ကို အရှက်ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပါတယ်။ မနှစ်ကလဲ မဟာဂန္ဓာရုံကျောင်းတိုက်မှာ မွေးနေ့အလှူအနေနဲ့ ဆွမ်းကပ်လှူပါတယ်။ စုစုပေါင်းငွေကျပ် ၁၃ သိန်းကျော် လှူဒါန်းခဲ့ပါတယ်”ဟု သရုပ်ဆောင် စိုးမြတ်နန္ဒာက ပြောပြသည်။

သရုပ်ဆောင် စိုးမြတ်နန္ဒာသည် မွေးနေ့အလှူအဖြစ် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မဟာဂန္ဓာရုံကျောင်းတိုက်တွင် ကျောင်းတိုက်ရှိ သံဃာတော်များအား အရှက်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်းကို မွေးနေ့ရောက်တိုင်း နှစ်စဉ် ပြုလုပ်လေ့ရှိကြောင်း သိရသည်။ ASH

# Six Triple Eight ဇာတ်ကားကို ဒါရိုက်တာ တေလာပယ်ရီ ရိုက်ကူးမည်

**နယူးယောက် ဒီဇင်ဘာ ၁၇**

Six Triple Eight အမည်ရှိ ဒရာမာဇာတ်ကားကို နာမည်ကျော် ဒါရိုက်တာ တေလာပယ်ရီက Netflix ကုမ္ပဏီအတွက် တာဝန်ယူ ရိုက်ကူးပေးမည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၁၆ ရက်တွင် ရေးသားတင်ပြထားသည်။

Six Triple Eight ဇာတ်ကားသည် ဒုတိယကမ္ဘာစစ်နောက်ခံ ဇာတ်ကားဖြစ်ပြီး ရှေ့တန်းစစ်မြေပြင်၌ စာပို့တာဝန်ရယူခဲ့ရသည့် လူမည်း အမျိုးသမီးတပ်ဖွဲ့၏ အကြောင်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည်ဖြစ်သည်။

ဒုတိယကမ္ဘာစစ်သမိုင်းမဂ္ဂဇင်း ဆောင်းပါးတစ်ပုဒ်ကို အခြေခံရိုက်ကူးမည့် Six Triple Eight ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ တေလာပယ်ရီကိုယ်တိုင် ရေးသားမည်ဖြစ်သည်။

ဒါရိုက်တာ တေလာပယ်ရီသည် A Fall From Grace နှင့် A Jazzman's Blues ဇာတ်ကားများဖြင့် အောင်မြင်မှုရလာခဲ့သူဖြစ်ပြီး တေလာပယ်ရီသည် Six Triple Eight ဇာတ်ကား၏ ထုတ်လုပ်သူအဖြစ်လည်း တာဝန်ယူမည်ဖြစ်သည်။

လက်ရှိတွင် အဆိုပါဇာတ်ကား၌ ပါဝင်မည့်သရုပ်ဆောင်များနှင့် ဇာတ်ကားရိုက်ကူးမှု စတင်မည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

KKO



# သင်္ဃန်းကျွန်းမြို့နယ် ZEC Art Studio & Gallery တွင် Collection အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ ZEC Art Studio & Gallery တွင် ထင်ရှားသည့် ပန်းချီဆရာများ၏ ပန်းချီလက်ရာများကို စုစည်းပြသမည့် Collection အွန်လိုင်းပန်းချီပွဲ ပြသသွားမည်ဖြစ်ကြောင်း ZEC Art Studio & Gallery ပြခန်းမန်နေဂျာ ဦးအောင်အောင်ဇော်က ပြောပြ၍ သိရသည်။

အဆိုပါ အွန်လိုင်းပန်းချီပြပွဲကို ဒီဇင်ဘာ ၁၈ ရက်မှ ဒီဇင်ဘာ ၂၈ ရက်ထိ အွန်လိုင်းမှ ပြသပေးသွားမည်ဖြစ်ကြောင်း၊ ပန်းချီပြပွဲတွင် ပန်းချီ လှဘုန်းအောင်၊ ပန်းချီ မွန်သက်၊ ပန်းချီကျိုက်လတ်ဝင်းမောင်၊ ပန်းချီကြည်သိန်း၊ ပန်းချီ ဇော်ဇော်ကို၊ ပန်းချီမျိုးဝင်းအောင် တို့၏ ရေဆေး၊ ဆီဆေးအပါအဝင် လက်ရာစုံဖြင့် ဖန်တီးထားသည့် ပန်းချီကား ၃၆ ကားခန့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။



“ပန်းချီပြပွဲမှာ စာနယ်ဇင်းလောက၊ ပန်းချီလောကမှာ အောင်မြင်နေတဲ့ ပန်းချီဆရာတွေရဲ့ လက်ရာတွေ စုစည်းပြသမှာပါ။ ဆရာမွန်သက်၊ ဆရာ လှဘုန်းအောင်တို့လို သက်ရှိထင်ရှားပန်းချီဆရာတွေရဲ့လက်ရာတွေပါသလို ကွယ်လွန်ထင်ရှား ပန်းချီဆရာတွေဖြစ်တဲ့ ဆရာ ကြည်သိန်း၊ ဆရာ ကျိုက်လတ်ဝင်းမောင်တို့လို ပန်းချီဆရာတွေရဲ့ပန်းချီကားတွေလဲ ပါဝင်မှာပါ”ဟု ZEC Art Studio & Gallery ပြခန်းမန်နေဂျာ ဦးအောင်အောင်ဇော်က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသထားမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၁၁×၁၅) လက်မ၊ (၁၅×၂၂) လက်မ၊ (၁၈×၃၆) လက်မ၊ (၂၀×၃၀) လက်မ၊ (၂၄×၂၄) လက်မ၊ (၂၄×၃၀) လက်မ စသည့် အရွယ်အစားအစုံပန်းချီကားများပါဝင်ပြီး ပန်းချီကားများကို အနည်းဆုံး ငွေကျပ်နှစ်သိန်းမှ အများဆုံးငွေကျပ် ၁၅ သိန်းထိ ဈေးနှုန်းသတ်မှတ်ထားကြောင်း ၎င်းက ပြောပြ၍ သိရသည်။

ASH

# Ballerina ဇာတ်ကားတွင် မင်းသား နော်မန်ရီးဒပ် ပါဝင်လာ

**နယူးယောက် ဒီဇင်ဘာ ၁၇**

John Wick မူကွဲရုပ်ရှင်ဇာတ်ကားဖြစ်သည့် Ballerina ဇာတ်ကားတွင် The Walking Dead မင်းသား နော်မန်ရီးဒပ် ထပ်မံပါဝင်လာကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၁၆ ရက်တွင် ရေးသားတင်ပြထားသည်။

Ballerina ဇာတ်ကားတွင် နော်မန်ရီးဒပ်သည် မင်းသား ကီနူးရိဗ်၊ မင်းသမီး အန်နာဒီအားမက် တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Ballerina ဇာတ်ကားကို ဒါရိုက်တာ လင့်ဝိုက်မင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

Ballerina ဇာတ်ကားတွင် မင်းသား ကီနူးရိဗ်အပြင် John Wick ဇာတ်ကားများမှ အခြားဇာတ်ကောင်များလည်း အများအပြား ပြန်လည်ပါဝင်ထားသည်။

အဆိုပါဇာတ်ကားသည် John Wick: Chapter-3 Parabellum နှင့် John Wick: Chapter-4 ဇာတ်ကား နှစ်ကား၏ ဇာတ်အိမ်ကာလနှစ်ခုကြားကာလကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Ballerina ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို Lionsgate ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားခြင်းမရှိသေးကြောင်း သိရသည်။ KKO



# မြန်မာနိုင်ငံဂီတအစည်းအရုံးက ဇန်နဝါရီလပထမပတ်တွင် ဂီတလောကသားများကို ဆန်၊ ဆီ၊ စားသောက်ကုန်များ ပံ့ပိုးပေးမည်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

မြန်မာနိုင်ငံ ဂီတအစည်းအရုံးက ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ပထမပတ်တွင် ဂီတလောကသားများကို ဆန်၊ ဆီ၊ စားသောက်ကုန်များ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဂီတအစည်းအရုံးဗဟိုဥက္ကဋ္ဌ ဦးလွင်မြင့်က ပြောပြ၍ သိရသည်။


မြန်မာနိုင်ငံ ဂီတအစည်းအရုံး အနေဖြင့် ယခင်က ဂီတအစည်းအရုံးဝင်များနှင့် ဂီတလောကမှ သက်ကြီးမိဘများကိုသာ ဆန်၊ ဆီ၊ စားသောက်ကုန်နှင့် အလှူငွေများ ပံ့ပိုးခဲ့သော်လည်း လာမည့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလပထမပတ်တွင် မြန်မာနိုင်ငံ ဂီတအစည်းအရုံးအနေဖြင့် မဟာဂီတ၊ ကာလပေါ်၊ စတီရီယို၊ စက်မှုထုတ်လုပ် စသည့် ဂီတအလွှာအသီးသီးမှ ဂီတလောကသားများအားလုံးကို နိုင်ငံတော်က ဂီတလောကသားများအတွက် လှူဒါန်းထားသည့် အလှူငွေကျပ်သိန်း ၁၅၀ ဖြင့် ဆန်၊ ဆီနှင့်စားသောက်ကုန်များ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့ ဂီတအစည်းအရုံးအနေနဲ့ကတော့ ဂီတအစည်းအရုံးဝင်တွေနဲ့ သက်ကြီးဂီတပညာရှင်တွေကို လစဉ်ပံ့ပိုးနေတာတော့ ရှိပါတယ်။ အခုကတော့ နိုင်ငံတော်က လှူဒါန်းထားတဲ့ ငွေကျပ်သိန်း ၁၅၀ နဲ့ စေတနာရှင်၊ အလှူရှင်တွေ လှူဒါန်းထားတာတွေနဲ့ ပေါင်းစပ်ပြီးတော့ လက်လှမ်းမီသမျှ ဂီတလောကသားတွေကို ဆန်၊ ဆီ စတဲ့ စားသောက်ကုန်တွေ ပံ့ပိုးသွားဖို့ ရှိပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ မြန်မာနိုင်ငံဂီတအစည်းအရုံးဝင်သာမက ဂီတနဲ့ အသက်မွေးဝမ်းကျောင်းပြုနေသူ စုစုပေါင်း အယောက်၃၆၀၀ လောက်ရှိပါတယ်”ဟု ဦးလွင်မြင့်က ပြောပြသည်။

အလားတူ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဗဟိုက ( ၁၂) ကြိမ်မြောက် သက်ကြီးဂီတပညာရှင်များ ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာလ တတိယပတ်ခန့်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး သက်ကြီးဂီတပညာရှင်ဦးရေ ၁၀၀ ခန့်ကို ကန်တော့သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Farming of oyster slated to exceed target production of pearl in 2022-23 FY


An aerial view of oyster farming site in Taninthayi Region.

**Nay Pyi Taw December 17**

The Myanma Pearl Enterprise stated that it will produce pieces of pearl beyond the target in farming oysters in 2022-23 fiscal year.

Eleven pearl camps are being jointly operated by the government and the private sector and one more camp is being operated by the government. All these camps are located in Taninthayi Region.

These camps are targeted to produce 699,500 mommes of pearl in 2022-23 fiscal year.

During the seven-month period from April to end-October 2022, these camps have produced 7922,298 pieces of pearl weighing 46,819.88 mommes.

Such produce accounted for 67 per cent against the target. So, it is expected to produce pearl beyond the target.

At present, the enterprise is arranging the plans to produce better quality pieces of pearl and improve the Myanmar's pearl sector.

Private sector joins with the government in hatching oysters, nurturing oysters and farming them to produce pearl in Tanintayi Region.

Oyster farming is a long term beneficial for producers. Efforts are being made to produce golden and silver pieces of pearl. Experts are also collecting the quality strains of oysters and hatching them, conducting Phytoplankton Culture and collector for production of the high quality pieces of pearl in the long term. 336

# Myanmar companies invited to take part in International Horticultural Expo 2023

**Yangon December 17**

Myanmar companies were invited to showcase agricultural produce at the International Horticultural Expo 2023 to be held in Doha of Qatar in October 2023, said deputy director U Htet Aung Lin of the Trade Development Branch of Myanmar Trade Promotion Organization.

MTPO will take a booth representing Myanmar to showcase the products at the International Horticultural Expo 2023 to be held from 2 October 2023 to 28 March 2024.

"Myanmar agricultural companies have been invited to join the International Horticultural Expo 2023. The title of expo will be Green Dessert, Better Environment. Global countries will showcase products at the expo under the different titles on modern agricultural techniques, innovation, environmental awareness and sustainable conservation," said the deputy director.

Myanmar companies are invited to contact the Trade Development Branch of MTPO for taking part in the expo. ASH



A billboard advertising International Horticultural Expo 2023 to be held in Doha.

# Hotel and lodge near Shwezigon Pagoda to be leased in long term contract

**Bagan December 17**

The hotel and lodge own by Shwezigon Pagoda Board of Trustees will be rent in long tern contract, according to the board on 14 December 2022.

These are Khayay Lodge near Shwezigon Pagoda in NyaungU Township and Aungmingala Hotel in the southern part of the pagoda.

Khayay Lodge will be rent under the five-year contract as of 1 January 2023 and Aungmingala Hotel under the ten year contract. Khayay Lodge is purposed for local travellers.

Khayay Lodge can be operated in addition to the souvenir shop and fast food shop. It will be rent through competitive bidding system.

Those wishing to rent the lodge may contact the pagoda board of trustees not later than 28 December.

Likewise, businesspersons may contact the board not later than 4 pm on 28 December for operating Aungmingala Hotel.

Those applicants need to pay K20 million as deposit for auction of the lodge and hotel.

The auctions for both lodge and hotel will be held at the office of the Shwezigon Pagoda Board of Trustees at 1 pm on 29 December 2022.

For further information for disciplines of the auctions, dial 09-2043548 and 061-2460825.

336

# Pacifist Japan unveils biggest military build-up since World War Two

**Tokyo December 17**

Japan on Friday unveiled its biggest military build-up since World War Two with a $320 billion plan that will buy missiles capable of striking China and ready it for sustained conflict, as regional tensions and Russia's Ukraine invasion stoke war fears.

The sweeping, five-year plan, once unthinkable in pacifist Japan, will make the country the world's third-biggest military spender after the United States and China, based on current budgets.

Prime Minister Fumio Kishida, who described Japan and its people as being at a "turning point in history", said the ramp-up was "my answer to the various security challenges that we face". His government worries that Russia has set a precedent that will encourage China to attack Taiwan, threatening nearby Japanese islands, disrupting supplies of advanced semiconductors and putting a potential stranglehold on sea lanes that supply Middle East oil.

"This is setting a new heading for Japan. If appropriately executed, the Self-Defense Forces will be a real, world-class effective force," said Yoji Koda, a former Maritime Self Defense Force admiral, who commanded the Japanese fleet in 2008. Reuters

# In COVID-hit Beijing, funeral homes with sick workers struggle to keep up

**Beijing December 17**

Funeral homes across China's COVID-hit capital Beijing, a city of 22 million, scrambled on Saturday to keep up with calls for funeral and cremation services as workers and drivers testing positive for the novel coronavirus called in sick.

After declaring that the Omicron strain has weakened, and unprecedented public protests against a zero-COVID policy championed by President Xi Jinping, China abruptly shifted its COVID management protocols more than a week ago.

Moving away from endless testing, lockdowns and heavy travel restrictions, China is realigning with a world that has largely reopened to live with COVID. China has told its population of 1.4 billion to nurse their mild symptoms at home unless symptoms become severe, as cities across China brace for their first waves of infections.

In Beijing, which has yet to report any COVID deaths since the policies changed on Dec. 7, sick workers have hit the staffing of services from restaurants and courier firms to its roughly one dozen funeral parlours. Reuters


Workers in protective suits transfer a body in a casket at a funeral home, amid the coronavirus disease (COVID-19) outbreak in Beijing, China December 17, 2022.

# More than 770,000 tons of containers handled from January to November 2022



Yangon port seen with international cargo ships.

**Yangon December 17**

The Ministry of Transport and Communications stated that more than 770,000 tons of containers were handled in Myanmar trade sector from January to November 2022 due to increasing the maritime trade process.

The Myanma Port Authority serves smooth process of export and import measures to increase the maritime trade of the country and help businesspersons timely distribute the imported goods and domestic products to the market.

The Ministry of Commerce, the Customs Department and relevant departments and businesspersons are joining hand in convenient docking of international container carriers at the international ports of Yangon.

As such, number of ocean-liners and cargo ships dock the ports in Yangon.

A total of 483 container ships carried 694,016 tons of containers in 2021, compared to 595 container ships from January to November of 2022.

As such, MPA increased handling of 776,727 tons of containers within 11 months.

Likewise, 315 cargo ships docked at international ports of Yangon in 2021, where the MPA handled 4,206,942 tons of cargos.

The MPA arranged dredging of sandbanks in the waterway of Yangon River for safely arrival and departure of international ocean-liners to the international ports of Yangon.

Currently, container carriers, fuel tankers and cargo ships with 10 metres in depth of draught and 30,000 tons of weight can enter the waterway to the international ports of Yangon smoothly. 336

# 140,000 tons of rice sent to Bangladesh till 12 December

**Nay Pyi Taw December 17**

Export of 140,000 tons of rice to Bangladesh used 19 ships till 12 December, according to the Myanmar Rice Federation on 13 December.

Directorate General of Food (Ministry of Food) of Bangladesh and Myanmar Rice Federation signed an MoU on 8 September 2022 to send 200,000 tons of rice with five per cent broken.

So far, the federation has sent 143,225 tons of rice to Bangladesh by 19 ships till 12 December 2022.

A total of 48 rice companies will export rice to Bangladesh under the supervision of the Myanmar Rice Federation to meet the demand of 200,000 tons of rice from October 2022 to January 2023.

Arrangements were made to export 200,000 tons of rice in three batches as of early October 2022.

The first batch of rice was exported from 11 October to 7 November and the second batch from 8 November to 15 December.

The third batch exportation will be carried out from 16 December 2022 to 31 January 2023.

The export and import branch of Trade Department issued the export licence to businesspersons to export rice to Bangladesh. So far, 42 export licences have been issued to 41 companies. 336

# Maungtaw border trade camp handles export of Myanmar freshwater fish to Bangladesh

**Sittway December 17**

Myanmar freshwater fish rohu weighing 5,195.2 tons was exported to Bangladesh through Maungtaw border trade camp in the first half of the 2022-23 fiscal year from April to September, said general secretary U Aung Aung of the Rakhine State Chambers of Commerce and Industry.

Sittway and Maungtaw border trade camps handled the largest volume of marine products to Bangladesh in 2022-23 fiscal year, accounting for 65 per cent and 35 per cent of dried groceries. Most of them were freshwater fish Rohu.

"Myanmar sent 5,195.2 tons of rohu to Bangladesh through Maungtaw border trade camp for meeting the high demand, exceeding 14.6 tons in comparison with that of the same period last fiscal year," said U Aung Aung.



Rohu fish to be exported to Bangladesh.

In exporting rohu to Bangladesh, businesspersons collected such kind of fish from Central Sanpya Fish Market, Shwepadauk fish market and other fish markets in Yangon Region, fish farms in Twantay Township. Then, these fish were transported from Yangon to Sittway along Yangon-Sittway road. The fish was exported from Shwemingan port of Sittway to Teknaf of Bangladesh by ship. Moreover, the stocks were sent from Kanyinchaung border trade zone of Maungtaw via Sittway-Angumaw-Maungtaw road. ASH

# Agricultural machinery provided to cooperative society member farmers from three smart villages

**Mandalay December 17**

Necessary agricultural machinery were provided to farmers who are members of cooperative societies in three smart villages of three townships in Mandalay Region for their convenience in farming works, said assistant director U Hlaing Moe of Mandalay Region Cooperative Department.

The department delivered seven Daedong machines o farmers of cooperative societies to grow crops in time.

"Agricultural machinery were provided to farmers to transform the manual farming to the mechanized one with the State fund. The State fund contributed 50 per cent of value for the machinery and farmers, 50 per cent in cash down system this fiscal year. Remaining 15 items of machinery were also delivered to them so that farmers cultivate crops in time for improvement of their socio-economic life," said the assistant director.

Smart villages are being established in Nandamyaung Village in Patheingyi Township, Pyukan Village in TadaU Township and East Ywathit Village in Ngazun Township this fiscal year. Two Daedong agricultural machinery were delivered to Patheingyi Township, three to TadaU Township and two to Ngazun Township. 185



A tractor operating in a paddy field.

# Myanmar exports clam to Thailand through border trade route

**Myeik December 17**

Clam, one of the marine products, is exported to Thailand through border trade route, said central executive committee member U Tin Tun of Taninthayi Region Chambers of Commerce and Industry.

Local and foreign travellers visiting festivals in Thailand in December this year consume clams as seafood, so its demand is high in Thai market.

"We regularly export clam to Thailand in December getting good prices. It is sold at K35,000 per kilo in the market. Clam becomes growth within eight months in the breeding farms. Farmers do not need to spend any cost for feedstuff but get good price. Fresh and alive clam gets good price without need to test the quality. The marine product is restricted at less than 1 per cent of tariff for import tax in Thailand," said U Tin Tun.

Local farmers breed clam in groups on a manageable scale in Myeik Township of Taninthayi Region. Clam gets K4,000 to K10,000 per kilo in the domestic market depending on size.

ASH

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ရုရှားဒုံးကျည်တပ်ဖွဲ့များကို တာတိုပစ်ဒရုန်းများဖြန့်ကြက်ချထားသော ဝေဟင်ကင်းထောက်ရေးအဖွဲ့များဖြင့်အားဖြည့်သွားမည်



ရုရှားဒုံးကျည်တပ်ဖွဲ့များကို တာတိုပစ်ဒရုန်းများ ဖြန့်ကြက်အသုံးပြုထားသော ဝေဟင်ကင်းထောက်ရေး အဖွဲ့များဖြင့် အားဖြည့်သွားမည်ဖြစ်ကြောင်း မဟာဗျူဟာမြောက် ဒုံးကျည်တပ်ဖွဲ့အကြီးအကဲ ဗိုလ်ချုပ်ကြီး ဆာဂျီကာရာကာယက်ဗ်က မဟာဗျူဟာမြောက် ဒုံးကျည်တပ်ဖွဲ့နေ့ မတိုင်မီ Krasnaya Zvezda (Red Star) သတင်းစာနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားခဲ့သည်။

မဟာဗျူဟာမြောက် ဒုံးကျည်တပ်ဖွဲ့ အကြီးအကဲ ဗိုလ်ချုပ်ကြီး ဆာဂျီကာရာကာယက်ဗ်၏အဆိုအရ မဟာဗျူဟာမြောက် ဒုံးကျည်တပ်ဖွဲ့များသည် ထောက်လှမ်းခြင်းနှင့် လမ်းကြောင်းပြခြင်းဆိုင်ရာ ရည်ရွယ်ချက်များအတွက် ဒရုန်းများကို အသုံးပြုခြင်းအပြင် အကြမ်းဖက်ခြိမ်းခြောက်မှုများကိုတိုက်ဖျက်ရန်အတွက် တိုက်ခိုက်ရေးလေ့ကျင့်မှုများ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့်လည်း အသုံးပြုသွားမည်ဟု သိရသည်။

"ကျွန်တော်တို့ဟာ ဒုံးကျည်တပ်ဖွဲ့တွေအတွင်း တာတိုပစ်ဒရုန်းတွေတပ်ဆင်ပေးတဲ့ ဝေဟင်ကင်းထောက်ရေးအဖွဲ့တွေ ဖွဲ့စည်းဖို့ ကြိုးပမ်းမှုတွေနဲ့ လေယာဉ်ငယ်တွေဖွံ့ဖြိုးတိုးတက်ဖို့ အလားအလာတွေကို အဓိကထား ချိတ်ဆက်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ အကာအကွယ်ပေးရမဲ့နယ်မြေတွေ ချဲ့ထွင်ဖို့၊ ဝေဟင်စောင့်ကြည့်ရေးမစ်ရှင်တွေတိုးချဲ့လုပ်ဆောင်နိုင်ဖို့နဲ့ မဟာဗျူဟာမြောက်ဒုံးကျည်စနစ်တွေထံ အချိန်နဲ့တစ်ပြေးညီ လိုအပ်တဲ့သတင်းအချက်အလက်တွေ ပေးဆောင်နိုင်စေမှာဖြစ်ပါတယ်"ဟု ဗိုလ်ချုပ်ကြီး ဆာဂျီကာရာကာယက်ဗ်က မှတ်ချက်ပြုပြောကြားခဲ့သည်။

မဟာဗျူဟာမြောက် ဒုံးကျည်တပ်ဖွဲ့များရှိ Typhoon-M တိုက်ခိုက်ရေးယာဉ်တွင် တာတိုပစ် မောင်းသူမဲ့လေယာဉ်များ တပ်ဆင်ပေးထားရာ ၎င်းသည် ဒုံးကျည်တပ်ခွဲများနှင့် တပ်ရင်းများကို ပိုမိုကာကွယ်နိုင်စေမည်ဖြစ်ပြီး ရန်သူ့အဖျက်အမှောင့်နှင့် ကင်းထောက်အဖွဲ့များကို ချက်ချင်းတန်ပြန်ထောက်လှမ်းနိုင်စေမည်ဖြစ်သည်။ ယခုနှစ်တွင် မဟာဗျူဟာမြောက်ဒုံးကျည်တပ်ဖွဲ့များသည် မောင်းသူမဲ့လေယာဉ်များ၏စွမ်းဆောင်ရည်ကို အကဲဖြတ်ရန်အတွက် ပြီးပြည့်စုံသောစစ်ဘက်နည်းပညာဆိုင်ရာစမ်းသပ်မှုများစွာတွင် ပါဝင်လုပ်ဆောင်ခဲ့ကြောင်း ဗိုလ်ချုပ်ကြီး ဆာဂျီကာရာကာယက်ဗ်က ပြောကြားခဲ့သည်။

ရုရှားမဟာဗျူဟာမြောက် ဒုံးကျည်တပ်ဖွဲ့များသည် တိုက်ပွဲဝင်၊ ကင်းထောက်စစ်ဆင်ရေး လမ်းကြောင်းများပေါ်တွင် မိုဘိုင်း(ယာဉ်တင်) ဒုံးပစ်လောင်ချာများအားလုံးကို တစ်ပြိုင်နက်တပ်ဖြန့်လေ့ကျင့်မှုများပြုလုပ်ခဲ့ကြောင်း၊ ဤသည်မှာ မဟာဗျူဟာမြောက်ဒုံးကျည်တပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များထဲမှ တစ်ခုဖြစ်ကြောင်း၊ ထို့အတွက် အပြည့်အဝလေ့ကျင့်လုပ်ဆောင်နိုင်ခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုတွင် ချူကလီးယားလက်နက်များ တပ်ဆင်ထားသောယာဉ်တင်တပ်ဖွဲ့ကြီး၏ ကြီးကြပ်ကွပ်ကဲမှုဌာနချုပ်များနှင့် ပေါင်းစပ်ညှိနှိုင်းလုပ်ဆောင်ခြင်းများအပြင် ဒုံးကျည်နှင့် အထူးစစ်လက်နက် ပစ္စည်းကိရိယာများအပေါ် ယုံကြည်စိတ်ချရမှုမြင့်မားစေရန်စစ်မြေပြင်အခြေအနေများတွင် ရည်မှန်းချက်တာဝန်များအတိုင်း ကျွမ်းကျင်စွာလုပ်ဆောင်ရန် ဒုံးကျည်တပ်ဖွဲ့များကို တိုက်ပွဲဝင်အသင့်လေ့ကျင့်ခန်းများပါ လုပ်ဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ဗိုလ်ချုပ်ကြီး ဆာဂျီကာရာကာယက်ဗ်က အတည်ပြုပြောကြားခဲ့သည်။

ထို့ပြင် ရုရှားနိုင်ငံမဟာဗျူဟာမြောက် ဒုံးကျည်တပ်ဖွဲ့တွင် စစ်လက်နက်များပြန်လည်ပြုပြင်၊ ပြင်ဆင်၊ အဆင့်မြှင့်တင်တပ်ဆင်ပေးခြင်းဆိုင်ရာ စဉ်ဆက်မပြတ်ကြိုးပမ်းလုပ်ဆောင်မှုများကိုလည်း အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ်တွင် Kozelsk ဒုံးကျည်တပ်ဖွဲ့ကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ၎င်းကို Silo-based Yars ဒုံးကျည်စနစ်များတပ်ဆင်ပေးခဲ့ကာ Yasny ဒုံးကျည်တပ်ဖွဲ့ကိုလည်း Avangard ဒုံးကျည်စနစ်များဖြင့် ပြန်လည်ပြင်ဆင်အားဖြည့်ဖွဲ့စည်းပေးခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**Aerial surveillance teams equipped with short-range drones to join Russian missile units ကို ဘာသာပြန်ဆိုထားပါသည်။**

## အိန္ဒိယလေတပ်က ပြင်သစ်ထုတ် Rafale တိုက်လေယာဉ် ၃၆ စင်းအနက် နောက်ဆုံးတစ်စင်းကို လက်ခံရရှိခဲ့

အိန္ဒိယလေတပ်သည် ၎င်းတို့ဝယ်ယူထားသည့် ပြင်သစ်ထုတ် Rafale တိုက်လေယာဉ် ၃၆ စင်းအနက် နောက်ဆုံးတစ်စင်းကို လက်ခံရရှိခဲ့ပြီဖြစ်ကြောင်း ဒီဇင်ဘာ ၁၅ ရက်တွင် တွစ်တာ၌ ရေးသားဖော်ပြခဲ့သည်။

တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံနယ်စပ် Tawang ပဋိပက္ခအပြီး အရှေ့ပိုင်းနယ်စပ်တွင် တင်းမာမှုများဖြင့်တက်နေချိန်၌ ယခုသတင်းထွက်ပေါ်လာခြင်းလည်းဖြစ်သည်။ ယူအေအီးလေတပ်မှ ဝေဟင်ဆီဖြည့်လေယာဉ်ဖြင့် ဆီဖြည့်ပြီးနောက် IAF Rafale တိုက်လေယာဉ် ၃၆ စင်း၏ နောက်ဆုံးတစ်စင်းသည် အိန္ဒိယနိုင်ငံသို့ ဆင်းသက်နိုင်ခဲ့ခြင်းဖြစ်သည်။ အာရေဗျဘာသာဖြင့် Shukranjazeelanကျေးဇူးတင်ပါသည်ဟု အိန္ဒိယလေတပ်(IAF)က ဖော်ပြခဲ့သည်။

အဆိုပါတိုက်လေယာဉ် ၃၆ စင်းမြောက် Rafale တိုက်လေယာဉ်ကို တရုတ်နှင့် အိန္ဒိယပဋိပက္ခ အထွတ်အထိပ်တွင် အိန္ဒိယလေတပ်သို့ လျင်မြန်စွာတပ်တော်ဝင်ခဲ့ပြီး Ladakh ကိုရောက်ရှိပြီး တစ်ပတ်အတွင်း စတင်တာဝန်ထမ်းဆောင်နိုင်ခဲ့သည်။ နောက်ဆုံး Rafale တိုက်လေယာဉ်တွင် ဝေဟင်မှဝေဟင်လောင်စာဆီဖြည့်သွင်းခြင်းဖြင့် ယူအေအီးလေတပ်မှဝေဟင်ဆီဖြည့်လေယာဉ်ဖြင့် ဆီဖြည့်ခဲ့ခြင်းလည်းဖြစ်သည်။ "Rafale တိုက်လေယာဉ်အားလုံး အိန္ဒိယမြေပေါ်ဆင်းသက်နိုင်ခဲ့ပြီး ကိရိယာအစုံတွေ့ရတာဂုဏ်ယူပါတယ်"ဟု အိန္ဒိယနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး Emmanuel Lenain က ဒီဇင်ဘာ ၁၅ ရက်က ပြောကြားခဲ့သည်။

အိန္ဒိယလေတပ်သည် လေကြောင်းစွမ်းအား ပိုမိုအားကောင်းစေရန်ရည်ရွယ်၍ Sukhoi Su-30MKI၊ ပြင်သစ်ထုတ် Mirage နှင့် အိန္ဒိယထုတ် Tejas LCA တို့အပြင် Rafale တိုက်လေယာဉ်များကို ၃၆ စင်း ဝယ်ယူအားဖြည့်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် ပြင်သစ်နိုင်ငံမှ Rafale လေယာဉ် ၃၆ စင်းကို မှာယူခဲ့ပြီး Rafale လေယာဉ်အုပ် နှစ်အုပ်စာ ဖွဲ့စည်းတည်ဆောက်ခဲ့ခြင်းလည်းဖြစ်သည်။ ပထမတစ်အုပ်မှာ Ambala ခရိုင်၊ Haryana ပြည်နယ်တွင် တပ်စွဲထားပြီး ဒုတိယတစ်အုပ်သည် Hasimara ခရိုင်၊ West Bengal ပြည်နယ်တွင်တပ်ဖြန့်ထားကြောင်း သိရသည်။ ပထမတိုက်လေယာဉ်အုပ်မှာ အနောက်နယ်စပ်မှ တိုက်ခိုက်မှုမှန်သမျှကို တန်ပြန်ရန် ရည်ရွယ်ထားခြင်းဖြစ်ပြီး West Bengal ပြည်နယ်ရှိ လေယာဉ်အုပ်သည် နိုင်ငံအရှေ့ခြမ်းမှခြိမ်းခြောက်မှုများအတွက် အာရုံစိုက်လုပ်ဆောင်ထားခြင်းလည်းဖြစ်သည်။



တစ်ချိန်တည်းမှာပင် အိန္ဒိယလေတပ်သည် Rafale တိုက်လေယာဉ်များကို အမြင့်ဆုံးစံနှုန်းအဖြစ် အသုံးပြုနိုင်ရန် အဆင့်မြှင့်တင်မှုများ စတင်လုပ်ဆောင်လျက်ရှိရာ အိန္ဒိယလေတပ်က ဦးစားပေးအာရုံစိုက်မှုအပိုင်းများတွင် အဆင့်မြှင့်တင်မှုများအားလုံးကို တပ်ဆင်အသုံးပြုသွားမည်လည်းဖြစ်သည်။ ပြင်သစ်ကုမ္ပဏီ Dassault Aviation သည် အာမခံဝန်ဆောင်မှုအတွက် ၇၅ ရာခိုင်နှုန်းကျော် တာဝန်ယူထားပြီး တိုက်လေယာဉ်များ ကြံ့ခိုင်ပြုပြင်ထိန်းသိမ်းရာတွင် ပါဝင်လုပ်ဆောင်ပေးမည်ဖြစ်သည်။

**Indian Air Force receives last of 36 Rafale fighters amidst border tensions with China ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# မော်လမြိုင်ကျွန်းမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံဧက ၄၀၀ စိုက်ပျိုးပြီးစီး



**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံဧက ၄၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မော်လမြိုင်ကျွန်းမြို့နယ်တွင် စားဖိုဆောင်သီးနှံ ၄၃၈၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဒီဇင်ဘာလပထမပတ်က စတင်စိုက်ပျိုးလျက်ရှိရာ ယနေ့ထိ စားဖိုဆောင်သီးနှံ ဧက ၄၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ စားဖိုဆောင်သီးနှံတွေလဲ စိုက်ပါတယ်။ စားဖိုဆောင်သီးနှံကတော့အစုံဖြစ်ပါတယ်။ စားဖိုဆောင်သီးနှံ ၄၃၈၂ ဧကထိ လျာထားစိုက်ပျိုးမှာဖြစ်တယ်။ စောစောစိုက်တဲ့သူတွေရှိတာကြောင့် လက်ရှိဧက ၄၀၀ ထိ စိုက်ပျိုးပြီးဖြစ်ပါတယ်။ ကျန်တဲ့ဧကတွေကို လျာထားချက်အတိုင်းပြည့်မီစေဖို့ ဆက်လက်စိုက်ပျိုးနေပါတယ်။ စိုက်နည်းစနစ်နဲ့ အခြားနည်းပညာတွေဆောင်ရွက်ပေးနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် စားဖိုဆောင်သီးနှံ ၄၃၈၂ ဧက စိုက်ပျိုးရာတွင် ဆလတ်၊ ဂေါ်ဖီ၊ မုန်လာ၊ ငရုတ်၊ နံနံ၊ ပိန်းဥ၊ ကန်စွန်းဥ၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ တိုင်ထောင်ပဲ၊ ပဲပုစွန်၊ ဘူးသီး၊ ရွှေဖရုံသီး စသည့်သီးနှံများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ အဆိုပါသီးနှံများကို မော်လမြိုင်ကျွန်းမြို့နယ် ပူထိကျေးရွာ၊ ဖောင်ရိုးချောင်းကျေးရွာ၊ ဝဲဒေါင့်ကျေးရွာ၊ ပုလွန်စာကျေးရွာ၊ ကြူချောင်းကျေးရွာ၊ စခန်းကြီးကျေးရွာ၊ အလယ်ရေကျော်ကျေးရွာ၊ ကျိုက်ပိကျေးရွာ၊ ကျော်ဇံကျေးရွာ၊ ညောင်တုန်းစုကျေးရွာ၊ ဘုရားကြီးကျေးရွာ၊ သစ်တိုဆိပ်ကျေးရွာတို့တွင် အများဆုံး စိုက်ပျိုးကြကြောင်း မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# ဟိုပန်မြို့နယ် စင်ကျိုင်း-ဖတ်ဟာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း စစ်ဆေး

**ဟိုပန် ဒီဇင်ဘာ ၁၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဟိုပန်ခရိုင် ဟိုပန်မြို့နယ် စင်ကျိုင်း-ဖတ်ဟာလမ်းတွင် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်း၊ ဟိုပန်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးစကြည်အေးတို့က ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၉၄ ဒသမ ၈၃၇ သန်းဖြင့်ဆောင်ရွက်သည့် စင်ကျိုင်း-ဖတ်ဟာလမ်းတွင် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းက လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်း ပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ဟိုပန်မြို့နယ် စင်ကျိုင်း-ဖတ်ဟာလမ်းအရှည် ငါးမိုင်တွင် လမ်းအရှည် ၃ ဒသမ ၄ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၅ လက်မရှိ ကတ္တရာခင်းခြင်းလုပ်ငန်းကို ဟိုပန်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက စက်တင်ဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ၆၂ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ဒေသခံပြည်သူများ ရာသီမရွေး သွားလာအသုံးပြုနိုင်မည်ဖြစ်ကြောင်း ဟိုပန်ခရိုင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**

# စလင်းမြို့နယ် ကံသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း ဒီဇင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကံရွှေကူကျေးရွာအုပ်စု ကံသာကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးခိုင်က စီမံကိန်းရည်ရွယ်ချက်များ၊ အကောင်အထည်ဖော်ဆောင်ရွက်ပုံအဆင့်ဆင့်၊ ကော်မတီဝင်နှင့် ချေးငွေရယူသူတို့ လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများနှင့် တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံ ဒေါ်ဇင်မာမြင့်က ယခုနဝမအကြိမ်မြောက် ချေးငွေရယူသူများကို တစ်လလျှင် အတိုးနှုန်း သုည ဒသမ ၅ ရာခိုင်နှုန်းဖြစ်ကြောင်း၊ အရင်းပေးဆပ်ရန်ကာလမှာ ၁၂ လဖြစ်ပြီး အတိုးပေးသွင်းရက်များကို သတ်မှတ်ရက်အတိုင်း နောက်မကျဘဲ ပေးသွင်းရမည်ဖြစ်ကြောင်း၊ မိမိတို့အတိုးရငွေများဖြင့် ကျေးရွာမှ လိုအပ်သောဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးစိုးခိုင်က ကံသာကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၉ ဒသမ ၆ သန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့က ကံသာကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၂၉ ဦးကို ငွေကျပ် ၄၉ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးခိုင်က ပြောပြ၍ သိရသည်။

**သန်းသန်းစိုး**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၇-၁၂-၂၀၂၂**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၂၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၄၂၈၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧွှေဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၅၀၀/၇၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၆၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၄၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၈၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၁၉၄၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၀၂၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) အဖွဲ့တို့က သွားရောက်ဂုဏ်ပြုဖျော်ဖြေ



နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများက တေးသီချင်းများဖြင့် ဖျော်ဖြေစဉ်။



မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) မှ အဖွဲ့သူ၊ အဖွဲ့သားများက တေးသီချင်းများဖြင့် ဖျော်ဖြေစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာစွာဖြင့် နေ့မအား ညမနားထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ၎င်းတို့၏မိသားစုများအပေါ် လွမ်းဆွတ်သတိရသည့်စိတ်များ ခေတ္တခဏမျှပြေပျောက်စေရန်နှင့် စိတ်ပျော်ရွှင်ကြည်နူးစေရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)မှ အဖွဲ့သူ၊ အဖွဲ့သားများက တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ရှေ့တန်းစခန်းများနှင့် နယ်မြေခံ တပ်ရင်းဌာနချုပ်များသို့ အလှည့်ကျသွားရောက်၍ ကိုယ်ချင်းစာစိတ်အပြည့်အဝဖြင့် ဂုဏ်ပြုဖျော်ဖြေသီဆိုကပြလျက်ရှိသည်။

ထိုသို့ သွားရောက်ဂုဏ်ပြုသီဆိုကပြဖျော်ဖြေလျက်ရှိရာ ဒီဇင်ဘာ ၁၆ ရက်တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေရှိ ကသာမြို့၊ ဝန်းသိုမြို့နှင့် အင်းတော်မြို့တို့ရှိ နယ်မြေခံတပ်ရင်းဌာနချုပ်များနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေ မော်လမြိုင်မြို့ရှိ နယ်မြေခံတပ်ရင်းဌာနချုပ်များသို့ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV)မှ အဖွဲ့သူ၊ အဖွဲ့သားများက စစ်ချီတေး၊ စစ်သည်တေးသီချင်းများ၊ ခေတ်ပေါ်နှင့် ခေတ်ဟောင်းတေးသီချင်းများဖြင့် ဖျော်ဖြေကြရာ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက စိတ်လက်ပျော်ရွှင်ကြည်နူးချမ်းမြေ့စွာဖြင့် ကြည့်ရှုအားပေး၍ အချို့စစ်သည်များနှင့် မိသားစုများက လွတ်လပ်ပေါ့ပါးစွာဖြင့် အတူတကွ ပါဝင်သီဆိုကြပြီး အမှတ်တရ စုပေါင်းဓာတ်ပုံများရိုက်ကြသည်။

ထိုကဲ့သို့ လာရောက်သီဆိုဖျော်ဖြေပေးကြသည့် အဖွဲ့သူ၊ အဖွဲ့သားများကို နယ်မြေခံတပ်များမှ တာဝန်ရှိသူများနှင့် မိသားစုဝင်များက ဒေသထွက်လက်ဆောင်ပစ္စည်းများပေးအပ်ကြပြီး ဒေသထွက်အစားအစာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သတင်းရရှိသည်။



သီဆိုဖျော်ဖြေပေးကြသည့် အဖွဲ့သူ၊ အဖွဲ့သားများကို နယ်မြေခံတပ်မှ တာဝန်ရှိသူတစ်ဦးက ဒေသထွက်လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



ရောဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်ရှိ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင်ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၀၁၉ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ဒေသခံပြည်သူ ၃၃၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ကျောင်းသား၊ ကျောင်းသူ ဦးရေ ၉၀ တို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စိစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာ ၁ ရက်မှ ယနေ့ထိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီနှစ်ခုက ယာဉ်ငါးစီးဖြင့် နှာခေါင်းစည်း (Mask) ၄၆ ဒသမ ၄၀ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်း၊ ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းသည် ဝန်ဆောင်မှုအခြေခံလုပ်ငန်းဖြစ်သဖြင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာကဏ္ဍများ၏ အရည်အသွေးကောင်းမွန်တိုးတက်ရန် အရေးကြီး



**နေပြည်တော် ဒီဇင်ဘာ ၁၇**

ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

အဆိုပါသင်တန်းကို နေပြည်တော် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း၏ စီစဉ်ကြီးကြပ်မှုဖြင့် ဖွင့်လှစ်ခြင်းဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်၊ ဌာနဆိုင်ရာအရာရှိကြီးများ၊ နေပြည်တော်ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသည် ဝန်ဆောင်မှုအခြေခံလုပ်ငန်း ဖြစ်သဖြင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ကဏ္ဍများ၏ အရည်အသွေး ကောင်းမွန်တိုးတက်ရန် အရေးကြီးကြောင်း၊ ဧည့်သည်များ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သောနေရာ တစ်ခုအဖြစ် ဖန်တီးပေးနိုင်ရန်လိုအပ်ကြောင်း၊ ခရီးသွားလုပ်ငန်းတွင် ဧည့်သည်၏ စိတ်ကျေနပ်မှုမှာ အရေးကြီးသောကြောင့် မိမိတို့ဘက်မှ အဆိုပါအရည်အသွေးများ ပြည့်ဝအောင် လေ့ကျင့်သင်ကြားကြရန် လိုအပ်ကြောင်း၊ ယနေ့ဖွင့်လှစ်မည့်သင်တန်းတွင် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ဘာသာရပ်လေးမျိုးကို သင်ကြားသွားမည်ဖြစ်သောကြောင့် သင်တန်းသား၊ သင်တန်းသူများအနေဖြင့် လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိပြန်လည်အသုံးချနိုင်ရေး ကြိုးစားသင်ယူသွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နေပြည်တော်ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူးက သင်တန်းဖြစ်မြောက်လာပုံနှင့် သင်တန်းဖွင့်လှစ်ပို့ချရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းပို့ချနေမှုကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၄၅ ဦးတက်ရောက်ကြပြီး ဧည့်ကြိုဝန်ဆောင်မှု၊ အစားအစာနှင့် အဖျော်ယမကာဧည့်ခံကျွေးမွေးမှု၊ စီမံခင်းကျင်းမှု၊ အိပ်ခန်းဆောင်ထိန်းသိမ်းမှု စသည့် ဘာသာရပ်လေးမျိုးကို နှစ်လကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ရှိဟိုတယ်များ၏ အော်ဂဲနစ် အသီးအနှံထုတ်ကုန်များ၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာခင်းကျင်းပြသမှုများနှင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်အသုံးချနေမှု အစီအမံများကို ကြည့်ရှုအားပေးပြီး အရည်အသွေးရှိသော ထုတ်ကုန်များဖြစ်လာစေရေးကြိုးစားကြရန် မှာကြားသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း စနစ်တကျ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနယ်ပယ်ရှိ လုပ်ငန်းလုပ်ကိုင်သူများ၏ အရည်အသွေးများ ဖွံ့ဖြိုးတိုးတက်လာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိလာပြီး တစ်ဦးချင်းဝင်ငွေတိုးတက်ရရှိရေး၊ ခရီးသွားလုပ်ငန်းမှတစ်ဆင့် ဆင်းရဲမှုလျှော့ချနိုင်ရေး တို့ကိုရည်ရွယ်၍ ဟိုတယ်နှင့်ခရီးသွားဝန်ဆောင်မှုသင်တန်းများနှင့် ဘာသာစကားသင်တန်းများကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် စဉ်ဆက်မပြတ်ဖွင့်လှစ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်လှစ်

**မန္တလေး ဒီဇင်ဘာ ၁၇**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေး မဟာအောင်မြေမြို့နယ်ရှိ လမ်း၆၀၊ ၃၅လမ်းနှင့် သိပ္ပံလမ်း နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်လှစ်မည့် မုခ်ဦးနေရာသို့ရောက်ရှိပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မြို့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် မြို့တော်ကို သန့်ရှင်းသာယာလှပရေး၊ မြို့နေလူထုစိတ်ချမ်းမြေ့စေရေးတို့အတွက် လမ်းပိုင်းများအား AC လမ်းအဖြစ် အဆင့်မြှင့်တင်ပြုပြင်ပေးခြင်း၊ မြို့ကွက်သစ်များတွင် ကွန်ကရစ်လမ်း၊ ကျောက်အမာခံလမ်းများအဖြစ် မြို့နယ်ဒေသအလိုက် လမ်းများကို ဦးစားပေး အဆင့်လိုက်ပြုပြင်ပေးခြင်း၊ လမ်းအူကြောင်း ဖောက်လုပ်ပေးခြင်းများအပြင် လမ်းပိုင်းတစ်လျှောက် လျှပ်စစ်မီးထွန်းခြင်းနှင့် လမ်းဘေးဝဲယာ ရေနုတ်မြောင်း ဖောက်လုပ်ခြင်းများကို နှစ်အလိုက် ကောက်ခံရရှိသည့် ဘဏ္ဍာငွေပေါ်မူတည်၍ ဆောင်ရွက်ပေးနေကြောင်း၊ နိုင်ငံတော်က ဆောင်ရွက်ပေးမှုအပေါ် မြို့နေလူထုကလည်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆက်လက်ထိန်းသိမ်း ဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းက လမ်းဖြစ်မြောက်ရေးအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအမံဖြင့် မြို့တော်စည်ပင်သာယာရေးအဖွဲ့မှ လုပ်ငန်းဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားပြီး မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့်ရပ်မိရပ်ဖတို့က နိုင်လွန်ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ အထိမ်းအမှတ်အလံပေးအပ်ပြီး လမ်းသစ်တစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်းနှင့် ယနေ့ဖွင့်လှစ်သည့် နိုင်လွန်ကတ္တရာလမ်းသည် အရှည် ပေ ၅၈၉၀ နှင့် အကျယ် ၃၆ ပေ AC လမ်းအမျိုးအစားဖြစ်ပြီး ခန့်မှန်းကုန်ကျငွေကျပ် ၇၈၉ ဒသမ ၄၁ သန်းဖြစ်ကြောင်း သတင်းရရှိသည်။



**မျိုးကျော်**

# ဘူးသီးတောင်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်း အားပေးစကားပြောကြားပြီး ဆေးရုံတက်လူနာများကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်သည်။



**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူတစ်ဦးကို စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်စဉ်။**

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

## ဒီဇင်ဘာ ၁၇ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ရှစ်ဦး တွေ့ရှိ

### ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူစုစုပေါင်း | ၆၃၃၅၅၁ ဦး |
| သေဆုံးသူ | ၁၉၄၈၈ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၈၁၁၂ ဦး |

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ဒီဇင်ဘာ ၁၆ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၄၁၂၇ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် ရှစ်ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# အချိုးကျကိုယ်စားပြုစနစ် Proportional Representation System (PR) အကြောင်း သိကောင်းစရာ စကားဝိုင်းဆွေးနွေးပွဲ

မြဝတီ




ယမန်နေ့မှအဆက်

**အစီအစဉ်တင်ဆက်သူ- လာမယ့်ရွေးကောက်ပွဲတွေမှာ ပြောင်းလဲကျင့်သုံးတော့မယ့် Closed List PR စနစ်နဲ့ ပတ်သက်ပြီး မဲဆန္ဒရှင်တွေက မဲဘယ်လိုပေးရမယ်၊ ဆန္ဒမဲတွေကို အချိုးကျကိုယ်စားပြုစနစ်နဲ့ ဘယ်လိုတွက်ချက်ရမယ်ဆိုတာကို မဲဆန္ဒရှင်တွေသိရှိသွားအောင် ရှင်းပြပေးပါခင်ဗျား။**

**ဦးခင်မောင်ဦး -** Closed List PR စနစ်နဲ့ကျင်းပတဲ့ရွေးကောက်ပွဲမှာ မဲဆန္ဒနယ်အလိုက် ရွေးကောက်တင်မြှောက်ရမယ့် ကိုယ်စားလှယ်အရေအတွက်အတိုင်း နိုင်ငံရေးပါတီများက ကိုယ်စားလှယ်လောင်းအမည်စာရင်းကို ဦးစားပေးအစီအစဉ်အတိုင်း ကော်မရှင်ကိုတင်ပြရပါမယ်။ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းတွေကလည်း အမည်စာရင်းတင်သွင်းရမှာဖြစ်ပါတယ်။ မဲဆန္ဒရှင်က ဆန္ဒမဲလက်မှတ်မှာ မိမိနှစ်သက်ရာ ပါတီအမည် သို့မဟုတ် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းအမည်ကို တစ်ကြိမ်သာဆန္ဒပြုရမှာဖြစ်ပါတယ်။

ပါတီအသီးသီးနဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများရရှိတဲ့ ထောက်ခံဆန္ဒမဲအပေါ် မူတည်ပြီးတော့ ရွေးကောက်တင်မြှောက်ခံရတဲ့ ကိုယ်စားလှယ်အရေအတွက်ကို အချိုးကျစနစ်နဲ့ တွက်ချက်ရမှာဖြစ်ပါတယ်။ (The Largest Remainder) ကြွင်းကျန်မဲအများဆုံးစနစ်နဲ့ မဲရေတွက်မှာဖြစ်ပါတယ်။ ဆန္ဒမဲများရေတွက်ခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်အနေနဲ့ကတော့ -

- ♦ လွှတ်တော်ကိုယ်စားလှယ် ၈ ဦး ရွေးကောက်တင်မြှောက်ရမည့် မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီ ၄ ပါတီနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးတို့၏ ခိုင်လုံမဲများကိုစုပေါင်း၍ ယင်းမဲဆန္ဒနယ်တစ်ခုလုံး၏ ခိုင်လုံမဲစုစုပေါင်းအဖြစ် တွက်ချက်ရမည်။ ခိုင်လုံမဲစုစုပေါင်း ၄၀၀,၀၀၀ ဖြစ်ပါသည်။
- ♦ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအတွက် အနည်းဆုံးရရှိရမည့်အခြေခံမဲ (Threshold)ကို ပထမဦးစွာ တွက်ချက်ရမည်။ ခိုင်လုံမဲစုစုပေါင်းကို ယင်းမဲဆန္ဒနယ်တွင် ရွေးကောက်တင်မြှောက်ရမည့် (ကိုယ်စားလှယ်အရေအတွက် + ၁)ဖြင့် စားခြင်းရလဒ်အား (+ ၁)ထပ်ပေါင်းတွက်ချက်၍ ရရှိသောမဲအရေအတွက်ကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအတွက် အနည်းဆုံးရရှိရမည့် အခြေခံမဲ (Threshold)အဖြစ် သတ်မှတ်ရမည်။ အခြေခံမဲမှာ ၁၀၀,၀၀၁ ဖြစ်ပါသည်။ (ဒသမရှေ့ဂဏန်းကိန်းပြည့်ကိုသာယူရန်)
- ♦ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအတွက် သတ်မှတ်ထားသည့် အခြေခံမဲဖြင့် နိုင်ငံရေးပါတီတစ်ခုစီနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီရရှိသည့် ခိုင်လုံမဲကို စားခြင်းရလဒ်ဖြင့် တွက်ချက်ရာ အခြေခံမဲအရ (A)ပါတီ ၃ ဦး၊ (B) ပါတီ ၁ ဦး၊ (D) ပါတီ ၂ ဦးဖြင့် ကိုယ်စားလှယ်အရေအတွက် ၆ ဦးကို ရွေးကောက်နိုင်ပါသည်။
- ♦ နိုင်ငံရေးပါတီ ၄ ပါတီနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးတို့၏ ကြွင်းကျန်သောမဲအရေအတွက်မှာ ကြွင်းကျန်မဲအများအနည်းအရ ဦးဘ (တစ်သီးပုဂ္ဂလ)က အများဆုံး၊ (B)ပါတီက ဒုတိယအများဆုံး၊ (C)ပါတီက တတိယအများဆုံး၊ (A)ပါတီက စတုတ္ထအများဆုံးနှင့် (D)ပါတီက အနည်းဆုံးဖြစ်ပါသည်။
- ♦ သတ်မှတ်လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၈ ဦး ပြည့်မီခြင်းမရှိသဖြင့် နိုင်ငံရေးပါတီအသီးသီးနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ကြွင်းကျန်သောမဲများကို အများအနည်းအလိုက် တန်းစီဇယားအရ ကြွင်းကျန်မဲအများဆုံးဖြစ်သော ဦးဘ(တစ်သီးပုဂ္ဂလ)နှင့် (B)ပါတီက လွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီ ထပ်ဆောင်းရရှိသဖြင့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၈ ဦးကို တွက်ချက်ရရှိမည်ဖြစ်ပါသည်။
- ♦ အဆိုပါတွက်ချက်မှုများအရ (A) ပါတီရရှိသော ကိုယ်စားလှယ်အရေအတွက် ၃ ဦး၊ (B) ပါတီရရှိသော ကိုယ်စားလှယ်အရေအတွက် ၂ ဦး၊ (D) ပါတီရရှိသော ကိုယ်စားလှယ်အရေအတွက် ၂ ဦး၊ ဦးဘ (တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်) ၁ ဦး စုစုပေါင်း ၈ ဦး ရွေးကောက်တင်မြှောက်ခံရမှာ ဖြစ်ပါတယ်။

**အစီအစဉ်တင်ဆက်သူ-နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့ ရွေးကောက်ပွဲစနစ်များ၊ မြန်မာနိုင်ငံမှာ ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲများနဲ့ လာမယ့်ရွေးကောက်ပွဲများမှာ ပြောင်းလဲကျင့်သုံးမယ့် စာရင်းပိတ်အချိုးကျကိုယ်စားပြုစနစ် (Closed List PR) အကြောင်းကို အကျယ်တဝင့် ဆွေးနွေးပေးခဲ့ပြီး ဖြစ်ပါတယ်။**

**Closed List PR စနစ်ဖြင့် ဆန္ဒမဲပေးခြင်းနဲ့ ဆန္ဒမဲများရေတွက်ခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်ကိုလည်း မဲဆန္ဒရှင်များ သိရှိအောင် နမူနာဇယားတွေနဲ့ ရှင်းလင်းဆွေးနွေးပေးခဲ့ပြီး ဖြစ်ပါတယ်။ နိုင်ငံချုပ်အနေနဲ့ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ရွေးကောက်ပွဲစနစ်ပြောင်းလဲကျင့်သုံးလိုက်ခြင်းဖြင့် နိုင်ငံတော်နဲ့ နိုင်ငံသားများအတွက် ရရှိလာမယ့်အကျိုးကျေးဇူးများနဲ့ သတိပြုရမယ့်အချက်များကို အနှစ်ချုပ် သုံးသပ်ဆွေးနွေးပေးပါခင်ဗျာ။**

**ဦးခင်မောင်ဦး-** ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေးဦးတည်ချက်ကတော့ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် **စာမျက်နှာ ၂၁ သို့**

## ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ



## လွှတ်တော်ကိုယ်စားလှယ် ၈ ဦး ရွေးကောက်တင်မြှောက်ရမည့် မဲဆန္ဒနယ်၌ ပါတီများအလိုက် ကြိုတင် တင်ပြထားရမည့် ကိုယ်စားလှယ်ဦးစားပေးအစီအစဉ် (နမူနာပုံစံ)

| (A)ပါတီ | (B)ပါတီ | (C)ပါတီ | (D)ပါတီ | တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| ၁။ ဦးအေး | ၁။ ဦးတင် | ၁။ ဦးခ | ၁။ ဦးမျိုး | ၁။ ဦးဘ |
| ၂။ ဦးအောင် | ၂။ ဦးမှန် | ၂။ ဦးသူရ | ၂။ ဦးတိုး | |
| ၃။ ဦးမောင် | ၃။ ဦးကြိုင် | ၃။ ဦးလှလှ | ၃။ ဒေါ်မူမူ | |
| ၄။ ဒေါ်လှလှ | ၄။ ဒေါ်ထွေး | ၄။ ဒေါ်လှိုင် | ၄။ ဒေါ်ကြိုင် | |
| ၅။ ဦးလှ | ၅။ ဒေါ်တင့် | ၅။ ဒေါ်မိုး | ၅။ ဦးကျော် | |
| ၆။ ဦးဝေ | ၆။ ဒေါ်တင် | ၆။ ဦးချစ် | ၆။ ဦးသူ | |
| ၇။ ဦးမြင့် | ၇။ ဦးခင် | ၇။ ဦးစိုး | ၇။ ဦးရ | |
| ၈။ ဦးသိန်း | ၈။ ဦးမင် | ၈။ ဦးမိုး | ၈။ ဦးထွန်း | |

### အချိုးကျကိုယ်စားပြု (Closed List ) စနစ်ဖြင့် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မဲလက်မှတ်နမူနာပုံစံ

ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်အမှတ်(၁)

- ❖ မဲရုံတွင် မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ပါတီ / ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် "✔" အမှန်အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။
- ❖ မဲဆန္ဒနယ်ပြင်ပကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ပါတီ / ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်ကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှန်အမှတ်အသား "✔" ခြစ်ပေးပါ။
- ❖ ပါတီ / ကိုယ်စားလှယ်လောင်းတစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| (A)ပါတီ |  | |
| (B) ပါတီ |  | |
| (C) ပါတီ |  | |
| (D) ပါတီ |  | |
| ဦးဘ (တစ်သီးပုဂ္ဂလ) |  | |

မဲရုံမှူးလက်မှတ် ---------------
အမည် ---------------------

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန် ၂၉ ဇုန်မှ ထုတ်ကုန်ပစ္စည်းများပြပွဲသို့ သွားရောက်ကြည့်ရှုအားပေး



**ရန်ကုန် ဒီဇင်ဘာ ၁၇**

စက်မှုဇုန်(၂၉)ဇုန်မှ ထုတ်ကုန်ပစ္စည်းများပြပွဲကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ(MCC) ခန်းမ၌ ကျင်းပလျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း သွားရောက်ကြည့်ရှုအားပေးသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်း၊ (MSME)များသည် နိုင်ငံ့စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် များစွာအထောက်အကူပြုမည်ဖြစ်၍ အလေးထားပြီး ဆောင်ရွက်ကြရန် နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန်မှာကြားထားသည့်အတွက် ရန်ကုန်မြို့ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ (MCC)ခန်းမ၌ ဒီဇင်ဘာ ၁၅ ရက်မှ ၁၈ ရက်ထိ ခင်းကျင်းပြသလျက်ရှိသည့် ထုတ်ကုန်ပစ္စည်းများပြပွဲတွင် စက်မှုဇုန် ၂၉ ဇုန်မှ ထုတ်လုပ်သော အိမ်သုံးဆေးဝါးများ၊ တိုင်းရင်းဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ အီလက်ထရွန်နစ်ဆက်စပ်ပစ္စည်းများ၊ ဟိုတယ်နှင့် အိမ် မီးဖိုချောင်နှင့် ဧည့်ခန်းသုံးပစ္စည်းများကို ဆိုင်ခန်းပေါင်း ၈၈ ခန်းဖြင့် ခင်းကျင်းပြသရောင်းချလျက်ရှိရာ အများပြည်သူ လာရောက်ကြည့်ရှုဝယ်ယူအားပေးလျက်ရှိသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန် ၂၉ ဇုန်မှ ထုတ်လုပ်သော ထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယမန်နေ့ညပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အတူ ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စတူဒီယို (အေ)တွင် ကျင်းပသော (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် “တူယှဉ်ခွဲဖျော် ဂီတပွဲတော်” Seson-2 ပွဲစဉ်(၁၆) ဒုတိယအဆင့် Level-2 ပြိုင်ပွဲ Result Show ကို တက်ရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် ဂီတပွဲတော်သို့ တက်ရောက်လာကြသည့် ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် ဂီတပွဲတော် အကဲဖြတ်ဒိုင်များ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်မှ အနုပညာရှင်များ၊ ပြိုင်ပွဲတွင် ပါဝင်သီဆိုဖျော်ဖြေကြသည့် ပြိုင်ပွဲဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ တူယှဉ်ခွဲဖျော် ဂီတပွဲတော် နောက်ဆုံးယှဉ်ပြိုင်မှုနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စတူဒီယို(အေ)၌ ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**စာမျက်နှာ ၂၀ မှအဆက်**

ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေးပဲဖြစ်ပါတယ်။ ဒီမိုကရေစီရဲ့အနှစ်သာရမှာ လွတ်လပ်ခြင်း၊ တရားမျှတခြင်းနှင့် ကိုယ်စားပြုခြင်းတို့ပါဝင်ပြီး ဖက်ဒရယ်စနစ်ရဲ့ အခြေခံသဘောတရားကတော့ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် မတူကွဲပြားတဲ့ တိုင်းရင်းသားလူမျိုးစုတွေ အတူတကွ ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းနဲ့ လုပ်ကိုင်နိုင်ခွင့်တွေကို ခွဲဝေကျင့်သုံးခြင်းဆိုတဲ့ သဘောတရားပဲဖြစ်ပါတယ်။

ရွေးကောက်ပွဲများဟာ ဒီမိုကရေစီရဲ့ အခြေခံအုတ်မြစ်ဖြစ်ပြီး ရွေးကောက်တင်မြှောက်လိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်များက ဥပဒေပြုရေးနဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေမှာ ပါဝင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ FPTP ရွေးကောက်ပွဲစနစ်အရ ပါတီတစ်ခုတည်းကသာ အာဏာသုံးရပ်လုံးကို ချုပ်ကိုင်ခဲ့တာဖြစ်ပေမယ့် ယခုပြောင်းလဲကျင့်သုံးတဲ့ PR စနစ်အရဆိုရင် ပါတီကြီး၊ ပါတီငယ်၊ တိုင်းရင်းသားများ၊ လူနည်းစုများအားလုံးက ဥပဒေပြုရေးမှာရော အုပ်ချုပ်ရေးကဏ္ဍမှာပါ အချိုးကျကိုယ်စားပြု ပါဝင်လာတော့မှာဖြစ်တဲ့အတွက် မျှတတဲ့ကိုယ်စားပြုမှုနဲ့ ခွဲဝေကျင့်သုံးနိုင်မှုတို့ကို တိုးမြှင့်ဖော်ဆောင်နိုင်တော့မှာဖြစ်ပါတယ်။ ဒီနေရာမှာ သတိပြုစေလိုတာကတော့ ဗဟုနိုင်ငံရေးစနစ် ပိုမိုပေါ် လွှင်လာမှာဖြစ်တဲ့အတွက် မတူကွဲပြားမှုများမှသည် တူညီသော စုစည်းမှုအင်အားများရရှိနိုင်အောင် နိုင်ငံရေးအမြင်၊ အမျိုးသားရေးအမြင်ဖြင့် တည်ဆောက်နိုင်ဖို့လိုပါတယ်။

ပါတီတွေက အရည်အချင်းရှိတဲ့ ကိုယ်စားလှယ်တွေကို ဦးစားပေးဖို့လိုပါမယ်။ ပါတီစုံပါဝင်လာတော့မှာဖြစ်တဲ့အတွက် နိုင်ငံရေးအစွန်းရောက်မှု၊ လူမျိုးရေး၊ ဘာသာရေး၊ ဝါဒရေးအစွန်းရောက်မှုများကို နိုင်ငံရေးအသိ၊ နိုင်ငံရေးအမြော်အမြင်ရှိရှိဖြင့် သတိပြုရှောင်ရှားနိုင်ဖို့လိုအပ်မည်ဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်လိုက်ပါတယ်။

### နိုင်ငံရေးပါတီများနှင့်တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများ ရရှိသည့် ခိုင်လုံမဲများအရ ကိုယ်စားလှယ်ဦးရေ တွက်ချက်ခြင်းနည်းလမ်း

### (လွှတ်တော် ကိုယ်စားလှယ် ၈ ဦး ရွေးကောက်တင်မြှောက်ရမည့် မဲဆန္ဒနယ်အတွက် နမူနာပုံစံ)

ကိုယ်စားလှယ်တစ်ဦးအတွက် အနည်းဆုံး ရရှိရမည့် အခြေခံမဲ **(Threshold)** $= \frac{(\text{ခိုင်လုံမဲစုစုပေါင်း})}{(\text{ကိုယ်စားလှယ်အရေအတွက်} + ၁)} + ၁$

$= \frac{(၉၀၀၀၀၀)}{(၈ + ၁)} + ၁$

$=$ ၁၀၀၀၀၁ မဲ

| ပါတီ | ရရှိသည့် ဆန္ဒမဲပေါင်း | ပထမ ရရှိသည့် ကိုယ်စားလှယ် ဦးရေ | ကြွင်း ကျန်မဲပေါင်း | ကြွင်းကျန်မဲမှ ထပ်မံရရှိသည့် ကိုယ်စားလှယ်ဦးရေ | ကိုယ်စားလှယ် ဦးရေပေါင်း |
|---|---|---|---|---|---|
| (A)ပါတီ | ၃၃၀,၀၀၀ | ၃ | ၂၉,၉၉၇ | - | ၃ |
| (B)ပါတီ | ၁၉၀,၀၀၀ | ၁ | ၈၉,၉၉၉ | ၁ | ၂ |
| (C)ပါတီ | ၆၀,၀၀၀ | - | ၆၀,၀၀၀ | - | - |
| (D)ပါတီ | ၂၂၀,၀၀၀ | ၂ | ၁၉,၉၉၈ | - | ၂ |
| ဦးဘ (တစ်သီးပုဂ္ဂလ) | ၁၀၀,၀၀၀ | - | ၁၀၀,၀၀၀ | ၁ | ၁ |
| **စုစုပေါင်း** | **၉၀၀,၀၀၀** | **၆** | | **၂** | **၈** |

### ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ပါတီများအလိုက် ရွေးကောက်ခံရသည့် ကိုယ်စားလှယ်များ (နမူနာပုံစံ)

| (A)ပါတီ | (B)ပါတီ | (C)ပါတီ | (D)ပါတီ | တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| ၁။ ဦးအေး | ၁။ ဦးတင် | ၁။ ဦးခ | ၁။ ဦးမျိုး | ၁။ ဦးဘ |
| ၂။ ဦးအောင် | ၂။ ဦးမှန် | ၂။ ဦးသူရ | ၂။ ဦးတိုး | |
| ၃။ ဦးမောင် | ၃။ ဦးကြိုင် | ၃။ ဦးလူလှ | ၃။ ဒေါ်မူမူ | |
| ၄။ ဒေါ်လှလှ | ၄။ ဒေါ်ထွေး | ၄။ ဒေါ်လှိုင် | ၄။ ဒေါ်ကြိုင် | |
| ၅။ ဦးလှ | ၅။ ဒေါ်တင့် | ၅။ ဒေါ်မိုး | ၅။ ဦးကျော် | |
| ၆။ ဦးဝေ | ၆။ ဒေါ်တင် | ၆။ ဦးချစ် | ၆။ ဦးသူ | |
| ၇။ ဦးမြင့် | ၇။ ဦးခင် | ၇။ ဦးစိုး | ၇။ ဦးရ | |
| ၈။ ဦးသိန်း | ၈။ ဦးမင် | ၈။ ဦးမိုး | ၈။ ဦးထွန်း | |

☆ ကျောဖုံးမှအဆက်

လက်နက်၊ ခဲယမ်းများနှင့် ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများ သယ်ဆောင်လာကြောင်းနှင့် ၎င်းအဖွဲ့များသည် နမ့်ဆန်မြို့နယ် ကုန်းသာရွာတစ်ဝိုက် ရောက်ရှိခိုအောင်းနေကြောင်း အကြမ်းဖက်မှုကို မလိုလားသည့် ဒေသခံတောင်ပေါ်ကျေးရွာ တိုင်းရင်းသားအချို့၏ သတင်းပေးပို့ချက်အရ ဒီဇင်ဘာ ၇ ရက်တွင် တပ်မတော်စစ်ကြောင်းများက လေကြောင်းချီစစ်ဆင်လျက် ဝိုင်းပတ်ပိတ်ဆို့၍ အဆိုပါပစ္စည်းများသိမ်းဆည်းရမိရေးဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၂ ရက်ထိ ထိတွေ့တိုက်ပွဲ အကြိမ်ကြိမ်ဖြစ်ပွားခဲ့ပြီး PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူတို့ထံမှ အလောင်းများနှင့် လက်နက်၊ ခဲယမ်းများ၊ ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများ သိမ်းဆည်းရရှိခဲ့ပြီး ပစ္စည်းအချို့ကို





တပ်မတော်စစ်ကြောင်းများ၏ အရှိန်မီတိုက်ခိုက်မှုကြောင့် သိမ်းဆည်းရမိခဲ့သော PDF အမည်ခံအကြမ်းဖက်အဖွဲ့များထံမှ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ရန် သယ်ဆောင်လာသည့် လက်နက်၊ ခဲယမ်းများ၊ ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများကို တွေ့ရစဉ်။

သိမ်းဆည်းရမိခဲ့သည့်နေရာတွင် ဖောက်ခွဲဖျက်ဆီးခဲ့သည်။ ဖြစ်စဉ်တွင် တပ်မတော်မှ အရာရှိ၊ စစ်သည်အချို့ ကျဆုံး၊ဒဏ်ရာရရှိခဲ့သည်။





တပ်မတော်စစ်ကြောင်းများ၏ အရှိန်မီတိုက်ခိုက်မှုကြောင့် သိမ်းဆည်းရမိခဲ့သော PDF အမည်ခံအကြမ်းဖက်အဖွဲ့များထံမှ အဖျက်အမှောင့်လုပ်ငန်းများလုပ်ဆောင်ရန် သယ်ဆောင်လာသည့် လက်နက်၊ခဲယမ်းများ၊ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများကို တွေ့ရစဉ်။

အကြမ်းဖက်အဖွဲ့များကို ဝင်ရောက်တိုက်ခိုက်ရာတွင် အစောပိုင်း၌ TNLA တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းမှ ပလောင်ဒေသအတွင်း ဖြစ်ပွားမှုအပေါ် နားလည်မှုလွဲမှားပြီး ပစ်ခတ်မှုအချို့ဖြစ်ပွားခဲ့သော်လည်း ယခုဖြစ်စဉ်နှင့်ပတ်သက်၍ တပ်မတော်အနေဖြင့် ပြည်သူအပေါ် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေသည့် NUG၊ CRPH၊ PDF တို့နှင့်သာ သက်ဆိုင်ကြောင်း ရှင်းလင်းအသိပေးခဲ့သဖြင့် နောက်ပိုင်းတွင် TNLA အနေဖြင့် အသိပေးရှင်းလင်းမှုအပေါ် သဘောပေါက်နားလည်လက်ခံခဲ့ကြောင်း သိရှိရသည်။


အဆိုပါ PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် လက်ခံမှုမရှိဘဲ ကြောက်ရွံ့စိုးရိမ်မှုများဖြစ်ပေါ်လျက်ရှိကာ ၎င်းတို့၏လှုပ်ရှားမှုသတင်းများကို အချိန်မီပေးပို့ခဲ့မှုကြောင့်သာ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်မည့် လက်နက်၊ခဲယမ်းများကို ယခုကဲ့သို့ အချိန်မီ ဖမ်းဆီးနိုင်ခြင်းဖြစ်ကြောင်းနှင့် အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှုသတင်းများရရှိပါက နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာသတင်းပေးပို့နိုင်ရန်နှင့် ရပ်ရွာတည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူတစ်ရပ်လုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးနိုင်ရန် သတင်းထုတ်ပြန်အပ်ပါသည်။

# KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကသာမြို့နယ်ရှိ နောင်ပင်ကျေးရွာ၊ မိုးဒါးကြီးကျေးရွာနှင့် ဟဲနားကျေးရွာ(ရွာဟောင်း)အတွင်းရှိ နေအိမ်များကို မီးရှို့ဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်နေသောတပ်ဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင် နောင်ပင်ကျေးရွာ၊ မိုးဒါးကြီးကျေးရွာနှင့် ဟဲနားကျေးရွာ(ရွာဟောင်း)များအနီးသို့အရောက်၌ KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကျေးရွာအတွင်း လူနေအိမ်များကို အကာကွယ်ရယူပြီး လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်အဖွဲ့များသည် ကျေးရွာများအတွင်းမှ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ၎င်းတို့ဆုတ်ခွာသွားစဉ်ကျေးရွာများအတွင်းရှိ နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သဖြင့် နောင်ပင်ကျေးရွာတွင် လူနေအိမ် ၁၁ လုံးခန့်၊ မိုးဒါးကြီးကျေးရွာတွင် လူနေအိမ် ၄၃ လုံးခန့်၊ ဟဲနားကျေးရွာ(ရွာဟောင်း)တွင် လူနေအိမ် ၁၀ လုံးခန့် စုစုပေါင်း လူနေအိမ် ၆၄ လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။

**ကသာမြို့နယ်အတွင်း KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးခဲ့သည့် ကျေးရွာများပြပုံ**




KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုများကြောင့် ယခုနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးရွာ ၂၆ ရွာမှ အိမ်ခြေ ၇၁၇ လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ပြီဖြစ်ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များတွင် မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများနှင့် ပါဝင်ပတ်သက်သူများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်း၊ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ယခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် မြို့သစ်ကြီးရပ်ကွက်နေ စည်သူရဦးသည် ၎င်းအသုံးပြုသည့် "Sithuya Oo" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁၉)ရပ်ကွက်နေ အောင်မြင့်ဇော်သည် ၎င်းအသုံးပြုသည့် "Aung Myint Zaw" Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထို့ကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ချီလီနိုင်ငံတွင် တောမီးလောင်ကျွမ်းမှု ထိန်းချုပ်ရခက်သည့်အဆင့်သို့ရောက်ရှိ



**ဆန်တီယာဂို ဒီဇင်ဘာ ၁၇**

ချီလီနိုင်ငံ အလယ်ပိုင်းနှင့် တောင်ဘက်ပိုင်းတို့တွင် အပူလှိုင်းဖြတ်သန်းကာ တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး တောမီးမှာထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေကြောင်း ချီလီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Stuff သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

တောမီးလောင်ကျွမ်းမှုသည် ဒီဇင်ဘာ ၁၅ ရက်က စတင်ခဲ့ခြင်းဖြစ်ပြီး နေရာ ၁၈ နေရာတွင် လောင်ကျွမ်းမှုဖြစ်ပွားနေခြင်းဖြစ်သည်။ အပူချိန်မြင့်တက်မှုကြောင့် တောမီးလောင်ကျွမ်းမှုအခြေအနေမှာ ဒီဇင်ဘာ ၁၆ ရက်တွင် ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိခဲ့ပြီး လေကြောင်းအကူအညီကို ရယူထားကြောင်း ချီလီအမျိုးသားသစ်တောကော်ပိုရေးရှင်းက ထုတ်ပြန်ခဲ့သည်။ တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဧက ၇၀၀၀ ကျော်ထိပျက်စီးခဲ့ပြီး တောမီးလောင်ကျွမ်းသဖြင့် ထွက်ပေါ်လာသည့် မီးခိုးငွေ့များကြောင့်လည်း ဆန်တီယာဂိုမြို့တွင် လေထုညစ်ညမ်းမှုဖြစ်ပေါ်နေကြောင်း ချီလီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"တောမီးလောင်ကျွမ်းရာက ထွက်ပေါ်လာတဲ့ မီးခိုးငွေ့တွေကြောင့် လေထုညစ်ညမ်းမှုတွေဖြစ်ပေါ်နေပါတယ်။ ဆန်တီယာဂိုမှာရှိတဲ့ လူဦးရေခြောက်သန်းလောက်က လေထုညစ်ညမ်းမှုပြဿနာကို ရင်ဆိုင်သွားရဖွယ်ရှိနေပါတယ်"ဟု ဆန်တီယာဂိုအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ကွန်စတာတန်ဇာက ပြောကြားခဲ့သည်။

တောမီးလောင်ကျွမ်းမှုသည် ချီလီနိုင်ငံအလယ်ပိုင်း ဒေသများတွင် အဓိကလောင်ကျွမ်းနေခြင်းဖြစ်ပြီး တောင်ဘက်ပိုင်းတွင် လောင်ကျွမ်းနေသည့်တောမီးမှာ ပြင်းထန်မှုမရှိပေ။ တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေသည့် ဧရိယာများအနီးတွင် နေထိုင်သည့်ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ချီလီအာဏာပိုင်အဖွဲ့အစည်းက ညွှန်ကြားထားပြီး ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသည့် ဒေသခံအရေအတွက်ကို စိစစ်နေဆဲဖြစ်ကြောင်း၊ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသည့် ဒေသခံအများစုမှာ ဗယ်ပါရိုင်ဆိုနယ်မြေမှ ဒေသခံများဖြစ်ပြီး ဒီဇင်ဘာ ၁၆ ရက်တွင် လူနေအိမ်ခြေ ၄၀ မှဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း ချီလီအာဏာပိုင်အဖွဲ့အစည်းက အတည်ပြုခဲ့သည်။ တောမီးလောင်ကျွမ်းမှုကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသည့် ဒေသခံတချို့မှာ ကူရာကာဗီမြို့မှ ဒေသခံများအပြင် တိရစ္ဆာန်ကောင်ရေ ၁၂၀ ကျော်ကိုလည်း ဘေးလွတ်ရာရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

**နိုင်းဆက်**

# ကွန်ဂိုနိုင်ငံတွင် ရေကြီးရေလျှံမှု၊ မြေပြိုကျမှုကြောင့် သေဆုံးသူ ၁၆၉ ဦးထိ မြင့်တက်



**ကင်ရှာဆာ ဒီဇင်ဘာ ၁၇**

ကွန်ဂိုနိုင်ငံ ကင်ရှာဆာမြို့တွင် ဒီဇင်ဘာ ၁၃ ရက်က ရေကြီးရေလျှံမှု၊ မြေပြိုကျမှုတို့ကြောင့် ဒီဇင်ဘာ ၁၅ ရက်ထိ သေဆုံးသူ ၁၂၀ ကျော်ရှိခဲ့ပြီး ပျောက်ဆုံးနေသူများကို ကယ်ဆယ်ရေးဝန်ထမ်းများက ဆက်လက်ရှာဖွေခဲ့ရာ ဒီဇင်ဘာ ၁၆ ရက်ထိ သေဆုံးသူ ၁၆၉ ဦးထိ မြင့်တက်လာခဲ့ကြောင်း ကွန်ဂိုအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု SBS သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုတို့ကြောင့် ပျက်စီးခဲ့သည့်လူနေအိမ်ခြေနှင့် အခြေခံအဆောက်အအုံအမြောက်အမြားရှိနေပြီး လူသားချင်းစာနာထောက်ထားမှုအနေဖြင့် အကူအညီများလိုအပ်နေကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားရေးအဖွဲ့ (OCHA) က ထုတ်ပြန်ခဲ့ကြောင်း၊ ကွန်ဂိုအာဏာပိုင်အဖွဲ့အစည်းက မြေပြိုကျမှုနှင့်ပတ်သက်ပြီး ပျက်စီးဆုံးရှုံးမှုကို အသေးစိတ် ထုတ်ပြန်နိုင်ခြင်းမရှိသေးသော်လည်း ခန့်မှန်းလူနေအိမ်ခြေ ၂၈၀ ကျော်ပျက်စီးခဲ့ပြီး မော်တော်ယာဉ်အမြောက်အမြားလည်း ပျက်စီးခဲ့ကြောင်းထုတ်ပြန်ခဲ့သည်။ ကွန်ဂိုနိုင်ငံ၏ နေရှင်နယ်ဟိုက်ဝေးလမ်းမကြီးလည်း ပျက်စီးသွားခဲ့ပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှု အန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသည့် ဒေသခံ ၃၈၀၀၀ ထိရှိနေကြောင်း ကွန်ဂိုအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ရေကြီးရေလျှံမှုနဲ့ မြေပြိုကျမှုတွေကြောင့် ဒီဇင်ဘာ ၁၃ ရက်မှာ လူ ၁၂၀ ကျော်လောက်သေဆုံးခဲ့ပါတယ်။ ဒီနေ့ထိသေဆုံးသူ ၁၆၉ ယောက်ထိ မြင့်တက်လာပါတယ်။ သေဆုံးသူတွေအတွက် စိတ်မကောင်းဖြစ်ရသလို မိသားစုနဲ့ ထပ်တူဝမ်းနည်းရပါတယ်။ ပျောက်ဆုံးနေသူတွေကိုလဲ အမြန်ဆုံးရှာဖွေတွေ့ရှိဖို့အတွက် ကယ်ဆယ်ရေးဝန်ထမ်းတွေက ကြိုးစားပေးနေပါတယ်။ သေဆုံးသူနောက်ထပ်မြင့်တက်မလာဖို့ မျှော်လင့်ပါတယ်"ဟု ကွန်ဂိုနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားရေးအဖွဲ့နှင့် ကွန်ဂိုလူမှုရေးရာဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**နိုင်းဆက်**

# တက္ကဆက်ပြည်နယ်အနောက်ဘက်ပိုင်းတွင် ပြင်းအား ၅ ဒသမ ၄ မဂ္ဂနီကျူရှိ မြေငလျင်လှုပ်ခတ်

**ဝါရှင်တန် ဒီဇင်ဘာ ၁၇**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် အနောက်ဘက်ပိုင်းတွင် ယနေ့အစောပိုင်းက ပြင်းအား ၅ ဒသမ ၄ မဂ္ဂနီကျူရှိ မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့သည်ဟု အမေရိကန် မြေငလျင်စောင့်ကြည့်တိုင်းတာရေးစင်တာက ထုတ်ပြန်ခဲ့ကြောင်း US News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မြေငလျင်ပြင်းအားသည် တက္ကဆက်ပြည်နယ်တွင် လှုပ်ခတ်ခဲ့သောမြေငလျင်များအနက် ပြင်းအား စတုတ္ထအများဆုံး မြေငလျင်အဖြစ် မှတ်တမ်းဝင်ခဲ့ပြီး ဒေသခံများ အထိတ်တလန့်ဖြစ်ခဲ့ရသည်။ မြေငလျင်လှုပ်ခတ်ခဲ့သောဧရိယာနှင့်နီးကပ်သောဒေသများမှ ဒေသခံ ၁၅၀၀ ကျော်ခန့်က မြေငလျင်အန္တရာယ်သတိပေးချက်ကို လက်ခံရရှိခဲ့ပြီး သတိပေးချက်လက်ခံရရှိသည်နှင့် အမိုးအကာအောက်လွတ်သည့် နေရာများသို့ အရေးပေါ်ရှောင်တိမ်းခဲ့ရကြောင်း တက္ကဆက်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"မြေငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုတွေဖြစ်ပေါ်လာတာမရှိပါဘူး။ လောလောဆယ် မြေပြင်သတင်းပို့ချက်အရတော့ ပျက်စီးဆုံးရှုံးမှုမရှိသေးပါဘူး"ဟု အမေရိကန် အမျိုးသားမြေငလျင်သတင်းပြန်ကြားရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဂျန်နာပါစလေက ပြောကြားခဲ့သည်။

မြေငလျင် လှုပ်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုမရှိသလို ထိခိုက်ဒဏ်ရာရရှိသူလည်း မရှိခဲ့ကြောင်း၊ မြေငလျင်ကြောင့် လူနေအိမ်ခြေများ၊ အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုမရှိခဲ့သော်လည်း လမ်းမကြီးတချို့ အသေးစားပျက်စီးမှုများဖြစ်ပေါ်နိုင်ကြောင်း၊ မြေငလျင်လှုပ်ခတ်ခဲ့သည့်ဧရိယာများသို့ ကယ်ဆယ်ရေးဝန်ထမ်းတချို့သွားရောက်စစ်ဆေးမှုပြုလုပ်နေကြောင်း တက္ကဆက်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**နိုင်းဆက်**

# နမ့်စောင်းဝေါင်းချောင်း ကမ်းပြိုကာကွယ်ရေးနှင့် မယ်ဆိုင်ချောင်း ရေကြီးရေလျှံမှုကာကွယ်ရေးလုပ်ငန်းများ ယခုဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပေးသွားမည်

**တောင်ကြီး ဒီဇင်ဘာ ၁၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ်တွင် နမ့်စောင်းဝေါင်းချောင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် မယ်ဆိုင်ချောင်း ရေကြီးရေလျှံမှုကာကွယ်ရေးလုပ်ငန်းများကို ယခုဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဒီဇင်ဘာ ၁၆ ရက် သတင်းများအရ သိရသည်။

ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ(၁၂)၊ ရှမ်းပြည်နယ်ရုံးမှ ကျောက်မဲမြို့နယ်တွင် နမ့်စောင်းဝေါင်းချောင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းနှင့် တာချီလိတ်မြို့နယ်တွင် မယ်ဆိုင်ချောင်းရေကြီးရေလျှံမှု ကာကွယ်ရေးလုပ်ငန်းများကို ယခုဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ၎င်းလုပ်ငန်းများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ သဘာဝဘေးခွင့်ပြုရန်ပုံငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ လိုအပ်သောလုပ်ငန်းသုံး ပစ္စည်းများအတွက် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်ဆောင်ရွက်သွားမည်ဖြစ်ပြီး တင်ဒါအဆိုပြုလွှာများကို ဒီဇင်ဘာ ၁၉ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂ ရက်ထိ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ (၁၂)၊ ရှမ်းပြည်နယ်ရုံး၊ ကံကြီးရပ်ကွက်၊ တောင်ကြီးမြို့တွင် ဝယ်ယူတင်သွင်းနိုင်ကြောင်း သိရသည်။

တင်ဒါအဆိုပြုလွှာများကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီ မိနစ် ၃၀ ထိ တင်သွင်းနိုင်မည်ဖြစ်ပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃ ရက် မွန်းလွဲ ၁ နာရီတွင် တင်ဒါဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံး၊ ဖုန်း ၀၈၁- ၂၁၃၂၂၇၁ နှင့် ၀၉-၄၄၇၃၃၀၈၀၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**ချမ်းချမ်း**

## မြေပြိုခြင်းအတွက်ကြိုတင်ပြင်ဆင်ရန်များ


၁။ မိမိပတ်ဝန်းကျင်ရှိဆင်ခြေလျှောများ၊ ချောင်းစပ်ရေစပ်များတွင် မြေဆီလွှာထိန်းသိမ်းကာကွယ်ရန် သစ်ပင်များစိုက်ပျိုးပါ



၂။ မြေထိန်းနံရံများ တည်ဆောက်ထိန်းသိမ်းမှုများတွင် မိမိတတ်စွမ်းသရွေ့ပါဝင်ပါ။



၃။ ရွှေ့ပြောင်းတောင်ယာစနစ်အစား လှေကားထစ်စိုက်ပျိုးရေးစနစ်ကိုကျင့်သုံးပါ။



၄။ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများတွင် အစိုးရ ရပ်ရွာလူမှုအဖွဲ့အစည်းများနှင့်အတူပူးပေါင်းဆောင်ရွက်ပါ။



0w Kw d @

# အလိုချင်ဆုံးအရာ

ဆောင်းမာန်ဝင့်အောင်(တောင်ကြီး)



(၁)

"ဒေါ်စိန် အဖေနဲ့အမေ မလာသေးဘူးလားဟင်"

ညစာအတွက် ထမင်းပွဲပြင်ဆင်နေသည့် ဒေါ်စိန်တစ်ယောက် နောက်ကစကားသံကြောင့် လုပ်လက်စအလုပ်များကို ရပ်လိုက်သည်။

"သမီးအမေကတော့ ဒီညနေ မွေးနေ့ပွဲသွားစရာရှိတယ်ဆိုပြီး သွားလိုက်တယ်။ သမီးအဖေကလဲ အလုပ်က နောက်ကျမှာမို့ အပြင်မှာပဲ စားလိုက်တော့မယ်ဆိုပြီး ဖုန်းဆက်တယ်သမီးရေ"

ဒေါ်စိန့်စကားကြောင့် သက်ထားရင်ထဲ နင့်နေအောင် ခံစားလိုက်ရသည်။ သူ သိတတ်စအရွယ်မှစ၍ မိုးလင်းက မိုးချုပ်သည်ထိ အလုပ်များလွန်းလှသော မိဘနှစ်ပါးကို မျက်နှာချင်းဆိုင်ဖို့ဆိုသည်မှာ ခဲယဉ်းခဲ့သည်။ ယခု သက်ထားကိုးတန်းကျောင်းသူဖြစ်နေပြီ။ အကောင်းစားကျောင်း၊ အကောင်းစားဂိုက်ဆရာများနှင့် အားလပ်ချိန်မရှိအောင် မိဘများဆန္ဒအရ စာထဲမှာပင် အချိန်ကုန်နေရသည်။ အဖေက ကုမ္ပဏီလုပ်ငန်း၊ အမေက ရွှေဆိုင်။ အပေါင်းအသင်းစီးပွားဖက်များနှင့် ငွေကို အသည်းအသန်ရှာနေကြသည်။ သက်ထားဆိုသည့် သူတို့သမီးလေးကို ရှိတယ်လို့ထင်ပုံမရ။ လိုအပ်သည်များဖြည့်ဆည်းပေးရုံနှင့် တာဝန်ကျေနေပြီဟု ထင်ပုံရသည်။

"သမီး လိုအပ်တာဝယ်။ လိုတာပြော။ ကျောင်းကိုတော့ မလိုက်နိုင်ဘူး။ အကျိုးပေးတုန်း အလုပ်ထဲနှစ်နေရမယ် သမီးရေ"

"အဖေ့သမီးအတွက် ကျောင်းသွားဖို့ကားသီးသန့်။ အကြို၊ အပို့ လိုလေးသေးမရှိပါဘူးသမီးရာ။ အဖေကနယ် ခဏခဏသွားရတာ အဖေ့အလုပ်လေ။ အားချိန်မရှိဘူး"

"သမီး ဒရိုင်ဘာနဲ့ သီးသန့်သွားတော့။ အဖေ တခြားဝင်စရာရှိတယ်။ ဟုတ်ပြီလား"

"အမေလဲ သွားတော့မယ်သမီးရေ။ စားပြီးကျောင်းသွားဖို့ပြင်။ လိုအပ်တာ ဒေါ်စိန့်ကိုပြောနော်"

ပိတ်ရက်များသည်သကြန်လို အချိန်မှာတောင် အလုပ်တစ်ပုံကြီးနှင့် အခန်းထဲက မထွက်နိုင်သည့် မိဘနှစ်ပါးကိုကြည့်ပြီး သက်ထားအံ့သြမိသည်။ အစုစပ်ရှယ်ယာများစွာနှင့် နွေမိုးဆောင်း အလုပ်ထဲ ရှင်သန်နေကြပြီး-

"သမီးရေ သမီးလေးလို့"

တီတီတာတာမခေါ်ပြောနိုင်လောက်သည်ထိ ငွေနောက်လိုက်နေကြသော မိဘနှစ်ပါးနှင့် သက်ထားအသက်အရွယ်ရလာလေ ပို၍ဝေးကွာသလိုခံစားရသည်။ အစောကြီးအလုပ်သွားကြ။ နောက်ကျမှပြန်ရောက်။ အားလပ်ရက်ကလေးတောင် စာရင်းဇယားများနှင့် အလုပ်ရှုပ်နေကြသော မိဘနှစ်ပါးနှင့်သက်ထားအတူတူနေနေပေမဲ့ တစ်ကမ္ဘာဆီခြားနေသလို ခံစားရသည်။

(၂)

"ဒေါ်စိန်ထမင်းပြင်လိုက်ရမလား သမီးသက်ထား"

အတွေးများလွန်နေရာမှ ဒေါ်စိန့်စကားကြောင့် အတွေးစများရပ်သွားရသည်။

"ဟင့်အင်း ဒေါ်စိန်။ သမီး မစားချင်တော့ဘူး။ မပြင်နဲ့တော့"

"ဒါဆို ဒေါ်စိန်တို့ထမင်းသွားစားတော့မယ်နော်။ အဖေကြီးနဲ့ သားသမီးတွေ စောင့်နေပြီမို့"

"ဟုတ်ဒေါ်စိန် ဟင်းတွေယူသွားလေအများကြီးကို"

သက်ထားစကားကို ဒေါ်စိန်အပြုံးလေးနှင့်တုံ့ပြန်ရင်း-

"မယူတော့ပါဘူးသမီးသက်ထားရယ်။ ဒေါ်စိန်ချက်ထားပြီးပါပြီကွယ်။ သွားတော့မယ်နော်။ သမီးစားချင်ရင်လာပြောနော်။ ဒေါ်စိန် အားလုံးပြင်ပေးမယ်"

"ဟုတ်ကဲ့ ဒေါ်စိန်"

ဖွယ်ဖွယ်ရာရာထမင်းဝိုင်းလေးကို သေချာသိမ်းဆည်း၍ အိမ်နောက်ဘက် အလုပ်သမားများနေသည့် အဆောင်ဘက်သို့ထွက်သွားသော ဒေါ်စိန့်ကိုကြည့်၍ သက်ထား ခေါင်းညိတ်ကာကျန်ခဲ့သည်။

(၃)

သက်ထားသိတတ်စအရွယ်ကတည်းက ဒေါ်စိန်တို့လင်မယားကို သည်အိမ်ကြီးမှာတွေ့ရသည်။ ဒေါ်စိန့်ယောကျ်ားက ခြံစောင့်။ ဒေါ်စိန်က အိမ်ဖော်။ အကြောင်းစုံလို့ ပေါင်းဖက်ကြတော့ အဖေနှင့် အမေက လက်ထပ်ပေးခဲ့ကာ ဝန်ထမ်းတန်းလျားမှာပင်ထားခဲ့သည်။ သူတို့အတွက် လခနှင့်နေစရာပေး၍ အစားအသောက်ကိုမူ သူတို့ကိုယ်တိုင် ချက်စားကြရသည်။ ဒေါ်စိန်တို့မှာ အသက်ကြီးမှ အိမ်ထောင်ကျပေမဲ့ သားတစ်ယောက်၊ သမီးတစ်ယောက်ရှိသည်။ သက်ထားထက်တော့ ငယ်ကြသည်။ အိမ်အလုပ်ကို စေတနာပါပါလုပ်တတ်ကြ၍ အဖေနှင့်အမေကလည်း ဒေါ်စိန်တို့လင်မယားကို ယုံကြည်စိတ်ချသည်။ ရိုးသားကြ၍လည်း အစစအရာရာယုံကြည်စွာ တစ်အိမ်လုံးပုံအပ်ထားသည်။

ကလေးများကိုလည်း ရပ်ကွက်ကျောင်းလေးတွင်ထားထားသည်ဟု ဒေါ်စိန်ပြောဖူးသည်။ အတွေးများလွန်နေရင်း နာရီကြည့်လိုက်တော့ ည ၆ နာရီသာ ထိုးသေးသည်။ ဂိုက်ဆရာက ၇ နာရီထိုးမှလာမည်မို့ အချိန်ရသေး၍ သက်ထားခြံထဲဆင်းပြီး လမ်းလျှောက်နေမိသည်။ အိမ်နောက်ဘက်အဆောင်တန်းလျားလေးဆီက ပျော်ရွှင်ရယ်မောသံလေးကိုကြားရ၍ သက်ထားတန်းလျားလေးဆီ စိတ်ဝင်စားစွာ ရောက်လာခဲ့သည်။

(၄)

"အဖေကြီးရေထည့်စား။ ဒါလေးက ကြက်ဥချက်တော့။ ချဉ်ရည်ဟင်းလေးလဲ အရည်ကျမို့ ကောင်းတယ်တော့။ ငါးပိရည်ကတော့ သိတဲ့အတိုင်း ကျွန်မလက်ရာ။ အတို့အမြှုပ်ကအစုံတော့"

"ကဲရော့ အမေ့သမီးကြီးက ကြက်ဥကြိုက်တယ်"

"အမယ် အမေကြီး။ ကျုပ်သားကလဲ နေ့တိုင်းကြက်ဥစားရတာတောင် အသားနဲ့မလဲဘူးတဲ့ဗျ"

"ဟုတ်တယ် အမေ။ သားက အသားဟင်းထက် အမေချက်ကျွေးတဲ့ ကြက်ဥဟင်းကို ပိုကြိုက်တာ"

"သမီးကောပဲ"

"ဟား ဟား အမယ်လေး အမေ့လက်ရာမြှောက်နေတာနော်။ မောင်လေးမသိရင်ခက်မယ်"

"တကယ်ပြောတာပါမရော။ သားက မညာဘူး"

ရယ်ရယ်မောမောပျော်ပျော်ရွှင်ရွှင်နှင့် ပကာသနမပါသည့် ဒေါ်စိန်တို့ထမင်းဝိုင်းလေးကိုကြည့်ပြီး သက်ထားတစ်ယောက် ဝမ်းနည်းလွန်း၍ မျက်ရည်များ ပိုးပိုးပေါက်ပေါက်ကျလာသည်။ ဟင်းပေါင်းစုံ အလျှံပယ်ပြင်ဆင်ထားသည့်ထမင်းဝိုင်း။ အရာရာပြီးပြည့်စုံပြီး ကောင်းပေ့ဟင်းလျာများ ပြင်ဆင်ထားပေမဲ့ ပျော်ရွှင်မှုမရှိ၊ စကားသံများတိတ်ဆိတ်ပြီး အထီးကျန်လှသည့် မိမိထမင်းဝိုင်းလေးနှင့် နှိုင်းယှဉ်ကြည့်ကာ ဝမ်းနည်းမှုက ပို၍တိုးလာခဲ့သည်။

"သမီးရေ အမေသွားပြီနော်။ ညနေလဲ ထမင်းစားစောင့်မနေနဲ့။ စိန်ပွဲစားတစ်ယောက်နဲ့ အရောင်းအဝယ်ရှိတော့ အပြင်မှာပဲစားဖြစ်မယ်"

"ငါလဲအတူတူပဲဟေ့။ ပစ္စည်းအသစ်တွေဝင်မှာမို့ ညနေ အပြန်နောက်ကျမယ်ဟေ့"

မနက်စာကို အတူတူမစားနိုင်၍ ညနေစာလေးတော့အတူတူစားနိုင်မလားလို့ တောင့်တခဲ့ပေမဲ့ ညစာလဲ အတူတူမစားနိုင်သည့် မိဘနှစ်ပါးကို သက်ထားယခုချိန်တွင် ပို၍ တမ်းတမိသည်။

(၅)

သူတို့မိသားစုလေးနှင့် သက်ထားဘဝကို တွေးမိနေရင်း လှည့်ထွက်မည်အလုပ် နောက်ဘက်က ပြောဆိုစကားသံလေးများက စိတ်ဝင်စားစရာမို့ သက်ထားရှေ့ကိုမလှမ်းဖြစ်ပဲ ရပ်ပြီးနားထောင်နေမိသည်။

"အမေ သမီး ဒီလပတ်စာမေးပွဲမှာ ဒုတိယဆုရတယ်။ ဆရာမက ကွန်ပါဘူးဆုချတယ်အမေ"

"တော်လိုက်တာ ငါ့သမီးလေးရယ်"

"သားက အဆင့်ငါးရလို့ ဆရာမက ခဲတံဆုချတယ်အမေ"

"ဒါမှ ငါ့သားကွ"

"တယ်တော်တဲ့ ငါ့သားနဲ့သမီးကို ဆုချတဲ့အနေနဲ့ ဒီတစ်ပတ်နားရက်မှာ ရုပ်ရှင်လိုက်ပြမယ်။ ပြီးရင် ပန်းခြံလိုက်ပို့မယ်ကွာ"

"တကယ်နော် အဖေ။ ပျော်လိုက်တာ"

"ဒါမှ တို့ဖေကြီးကွ။ ဒါကြောင့် ဖေကြီးကို တအားချစ်တာ"

"အမေကတော့ သားနဲ့သမီးကို ဆုချတဲ့အနေနဲ့ ကြက်သားကြော်ကျွေးမယ်"

"တကယ်နော် အမေ"

"အဲဒီနေ့ အဝစားပြီပဲ"

အပျော်များနှင့် ထမင်းဝိုင်းကိုကြည့်ပြီး သက်ထားဆက်လက်နားထောင်ရန် အားမရှိတော့ပေ။ မျက်ရည်များနှင့် ပြေးထွက်လာရင်း အခန်းထဲဝင်ကာ ငိုနေမိသည်။ သူ လပတ်စာမေးပွဲမှာ အဆင့် နှစ်ရတုန်းက မိဘနှစ်ပါးကို ဂုဏ်ယူစွာ ပြောခဲ့မိသည့် အဖြစ်ကလေးကို သတိရကာ မျက်ရည်များက အတားအဆီးမဲ့စွာ ကျလာတော့၏။

"အမေ သမီး ဒီတစ်ပတ် အဆင့်နှစ်ရတယ် အမေ"

"အမယ်လေး မိသက်ထား။ ညည်း ဘာလုပ်ရလို့ အဆင့်နှစ်ရတာလဲ။ အကောင်းစားကျူရှင်။ အကောင်းစားဂိုက်တွေ ခေါ်ပေးထားတာအေ။ စာလေးတောင် ဂရုမစိုက်နိုင်ဘူး။ မနက်ပိုင်း ဂိုက်ထပ်ခေါ်ရမယ်"

"ကောင်းတယ် မိန်းမရေ။ ဒါမှ အဆင်ပြေမှာ"

အားပေးပျော်ရွှင်ဖို့ထက် အပြစ်တင်စကားသံများနှင့်သာပြီးဆုံးသွားသည့် သက်ထား၏အောင်မြင်မှုသည် ဒေါ်စိန့်သားသမီးများ၏ဘဝလို ပျော်ရွှင်မှုမရပါလားလို့ ပြန်လည်တွေးရင်း သက်ထားဝမ်းနည်းစွာ ငိုနေမိသည်။

"ပြည့်စုံတယ်အမေ။ ဘာမှမလိုဘူး။ အပေါ်ယံ ပစ္စည်းဥစ္စာတွေ သုံးမကုန်အောင် ပေါလွန်းတယ်။ သမီး အခုလိုနေတာ အဲဒီ အရာတွေမဟုတ်ဘူး။ မိသားစုနွေးထွေးမှု၊ ပျော်ရွှင်မှု၊ သမီးအပေါ် အလိုက်သင့်လေး ဖေးမလိုက်လျောမှုလေးနဲ့ မိဘရဲ့မေတ္တာတရားတွေလိုချင်တာအဖေနဲ့ အမေရဲ့"

"အီး ဟီး ဟီး"

အခန်းထဲတွင် ရှိုက်ကြီးတငင်ငိုကြွေးရင်းသက်ထားတစ်ယောက် ရင်ဖွင့်ကာ အော်ငိုတော့သည်။

"အခုတော့ အောင်မြင်မှုကိုလဲ အသိအမှတ်မပြု။ မိဘရဲ့နွေးထွေးတဲ့ မေတ္တာတရားနဲ့ သားသမီးအပေါ် ဂရုမစိုက်မှုတွေက ရွှေဘုံပေါ်မှာနေနေရပေမဲ့ သက်ထားမပျော်ဘူးအမေ။ သံပတ်ပေးခံရတဲ့စက်ရုပ်ကြီးတစ်ရုပ်လို ဘဝသေနေတဲ့အတိုင်းပဲ။ သမီးလိုချင်တာ တစ်နေ့မှာ အချိန်တစ်ခုတည်းပါ။ မိသားစုပျော်ပျော်ရွှင်ရွှင်ထမင်းဝိုင်းလေးနဲ့ နေ့တစ်နေ့ရဲ့အဆုံးသတ်ကလေးကို ဖြတ်သန်းချင်တယ်အဖေနဲ့ အမေရယ်။ သက်ထား အဲဒီအခွင့်အရေးလေးရဖို့ ဘာတွေပေးဆပ်ရပေးဆပ်ရ ပေးဆပ်နိုင်ပါတယ်"

ရင်ဖွင့်အော်ငိုနေပေမဲ့ သက်ထား၏စကားကို ဘယ်သူမှမကြားပေ။ ကျန်ရှိနေသည့်နေ့ရက်ကလေးများတွင် သက်ထား၏ အလိုအပ်ဆုံးအရာလေးရရှိဖို့ ဘယ်လိုအကောင်အထည်ဖော်မလည်း စဉ်းစားရင်း ၇ နာရီထိုးပြီမို့ စာသင်ချိန်အမီ သက်ထားသွားရတော့မည်။ သက်ထားစိတ်ထဲမှာတော့ ဒေါ်စိန်တို့ထမင်းဝိုင်းလေးကိုမြင်ယောင်ရင်း မပြည့်စုံပေမဲ့ မေတ္တာတရားများ ပြည့်နေသည့် ပကာသနမပါ ထမင်းဝိုင်းလေးကိုသာ အားကျနေမိတော့သည်။

# ပြည်မြို့ရှိ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီးတွင် မဟာဆေးပဌာန်းပူဇော်ပွဲ ကျင်းပပြုလုပ်သွားမည်



**ပြည် ဒီဇင်ဘာ ၁၇**

ပြည်မြို့ရှိ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး တွင် ဒုတိယအကြိမ် မဟာဆေး ပဌာန်းပူဇော်ပွဲ ကျင်းပပြုလုပ်သွား မည်ဖြစ်ကြောင်း ရွှေဆံတော်စေတီ တော် ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့၏သတင်းများအရ သိရသည်။

ပြည်မြို့ရှိ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး တွင် ပထမအကြိမ်မဟာဆေးပဌာန်း ပူဇော်ပွဲကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ဦးဆောင်မှု၊ လေးဆူ ဓာတ်ပျော်ရွှေဆံတော်စေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများက ကြီးမှူး၍ သံဃာတော်အရှင်သူမြတ် များက ယခုနှစ် ဇန်နဝါရီ ၁၄ ရက် နံနက် ၆ နာရီမှ ဇန်နဝါရီ ၁၇ ရက် နံနက် ၆ နာရီထိ သုံးရက်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ပြီး ယခု ဒုတိယ အကြိမ်အဖြစ် မဟာဆေးပဌာန်း ပူဇော်ပွဲကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီမှ ဇန်နဝါရီ ၅ ရက် နံနက် ၉ နာရီထိ ငါးရက် တိုင်တိုင် ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

ဒုတိယအကြိမ် မဟာဆေး ပဌာန်းပူဇော်ပွဲကြီးကို လေးဆူ ဓာတ်ပျော်၊ ရွှေဆံတော်စေတီတော် မြတ်ကြီး၏ ရင်ပြင်တော်ရှိ မြတ် စွယ်တော်တိုက်တွင် ငါးရက်တိုင် တိုင် စဉ်ဆက်မပြတ်ရွတ်ဖတ်ပူဇော် သွားမည်ဖြစ်ကြောင်း၊ လှူဒါန်းရရှိ သောဆေးပစ္စည်းများနှင့် ဒါတဗ္ဗ ဝတ္ထုအစုစုအား စာသင်ကျောင်း တိုက်ကြီးများနှင့်သီလရှင်ကျောင်း တိုက်များသို့ သွားရောက်လှူဒါန်း ပူဇော် ဆောင်ရွက်သွားမည်ဖြစ် ကြောင်း သိရသည်။

ပထမအကြိမ်မဟာဆေးပဌာန်း ပူဇော်ပွဲတွင် ရွတ်ဖတ်ပူဇော်ချီးမြှင့် ပေးတော်မူကြမည့် သံဃာတော် အရှင်သူမြတ်များအတွက် ဆွမ်း၊ ခဲဘွယ်၊ ဘောဇဉ်၊ ဆေးပစ္စည်း နှင့် ဒါတဗ္ဗဝတ္ထုအစုစုတို့ကိုလည်း ဆက်ကပ်ပူဇော်လှူဒါန်းသွားမည် ဖြစ်ကြောင်း သိရသည်။

**ချမ်းချမ်း**

## မုန့်ဆန်း

\- ငွေဝန်းငယ်ခပါလို့
လစန္ဒာခေါင်သနင်းဆီက
ရောင်လင်းလို့ ဝင်းဝါပြီ၊

\- နတ်တော်လမှာဖြင့်
ကောက်လှော်စပါးကိုတဲ့
နောက်တော်ပါးတွေပေါင်းစု
ထုထောင်းလက်ညီ၊

\- ကောက်သစ်တဲ့ စွဲခေါ်အမည်
ပွဲတော်တည်မုန့်ဆန်း၊

\- ဘယ်မပျင်းပါဘု
သူငယ်ချင်းတွေ ငဲ့ကာကူ
မယ့်ရွာသူ အပျိုချောတွေနဲ့
သောသောညံ ညသန်းခေါင်ချဉ်းပါရော့
နှင်းကျလို့ခေါင်းမှာစို
ဆောင်းစရာမလို တောရွာဓလေ့ပေမို့
ပန်းသရွေ့ မနွမ်းသော်ကြောင့်
ချမ်းမြေ့ရွှင်လန်း။ ။

**မိုးမြင့်မေ(သ.က.ဟ.အ)**

# ဒိုက်ဦးမြို့နယ် ဖျိုင်းချယ်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဒိုက်ဦး ဒီဇင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေး ပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနက ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ် မူလခွင့်ပြုရန်ပုံငွေဖြင့် ဖျိုင်းချယ် ကျေးရွာ၌ ဆိုလာရေတင်စနစ် ဖြင့် စက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေ အနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး ခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် ညောင်လေးပင်ခရိုင် ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီး၊ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက စက် ရေတွင်း တူးဖော်ခြင်းလုပ်ငန်း၊ ဆိုလာရေတင်စနစ်ဖြင့် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည် ဆောက်ရေးလုပ်ငန်း ဆောင်ရွက် ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး က ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေးအတွက် စက်ပစ္စည်းများကို စနစ်တကျသုံးစွဲ နည်း၊ အသုံးပြုနည်းများ၊ ထိန်းသိမ်း နည်းများကို ကျေးရွာရေကော်မတီ ထံ သင်ကြားပြသပြီး စနစ်တကျ ကိုင်တွယ်အသုံးပြုစေနိုင်ရန် ဆွေး နွေးမှာကြားသည်။

ဒိုက်ဦးမြို့နယ် ဖျိုင်းချယ်ကျေး ရွာ၌ အကျယ် ၄ ဒသမ ၅ လက်မ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်း တူးဖော်ခြင်း၊ ဆိုလာရေတင်စနစ် ဖြင့် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့် ရေစင် တည်ဆောက်ရေးလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မူလ ခွင့်ပြုရန်ပုံငွေကျပ် ၂၅ ဒသမ ၇ သန်းဖြင့် တင်ဒါအောင်မြင် သည့် ငွေရတနာဆန်းသစ်ကုမ္ပဏီက ဇွန်လတတိယပတ်က စတင် အကောင်အထည်ဖော် ဆောင်ရွက် ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီး ပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ဖျိုင်းချယ် ကျေးရွာရှိ အိမ်ခြေ ၂၃၅ အိမ်၊ လူ ၁၃၂၂ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်တို့ အတွက် နွေကာလသောက်သုံးရေ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုလှိုင်**



# မိုးညိုမြို့နယ် ဇီးပင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**မိုးညို ဒီဇင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး သာယာ ဝတီခရိုင် မိုးညိုမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန က ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် ဇီးပင်ကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများ ကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူ များ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် မိုးညိုမြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးမင်းသိဒ္ဓိ၊ မိုးညို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်သန်းသန်းခိုင်နှင့် ဝန်ထမ်းများက ဇီးပင်ကျေးရွာ၌ ကုန်ထုတ်လမ်း ဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကုန် ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုအခြေ အနေများကို ကြည့်ရှုစစ်ဆေးပြီး မိုးညိုမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းသိဒ္ဓိက လမ်းရေရှည် တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်း သိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ဇီးပင်ကျေးရွာ၌ ကုန်ထုတ်လမ်း အရှည်ပေ ၃၄၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မ ဂဝံမြေနီ ခင်းခြင်းလုပ်ငန်းနှင့် အလျား ၁၈ ပေ၊ အနံ သုံးပေ၊ အမြင့် နှစ်ပေ ခြောက်လက်မရှိ Box Culvert တည်ဆောက်ခြင်း လုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၆၃ ဒသမ ၃၉ သန်းဖြင့် တင်ဒါ အောင်မြင်သည့် မိုးညိုအောင် ကုမ္ပဏီက ဇူလိုင်လပထမပတ် က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်း ပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကုန်ထုတ်လမ်းလုပ်ငန်း များ ရာနှုန်းပြည့်ဆောင်ရွက်နိုင်မှု ကြောင့် ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေး ကွက်သို့ အချိန်မီတင်ပို့ရောင်းချ နိုင်တော့မည်ဖြစ်ကြောင်း မိုးညို မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင် က ပြောပြ၍ သိရသည်။ **သန္တာ**

# ရွာငံမြို့နယ် ကျေးရွာသုံးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ရွာငံ ဒီဇင်ဘာ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ် အကောင် အထည်ဖော် ဆောင်ရွက်သည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ဖြင့် မြောက်လက် ကုန်းကျေးရွာ၊ လက်ပံပင်ကျေးရွာ နှင့် ကျောက်ပုံကျေးရွာများ၌ ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက် ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်း ဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန ဒေသဦးစီးမှူး ဦးသီဟန်လင်း၊ ရွာငံမြို့နယ် ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းမြတ် ထိုက်နှင့် အင်ဂျင်နီယာဝန်ထမ်းများ က မြောက်လက်ကုန်းကျေးရွာ၌ ကျေးရွာအဝင်လမ်း အရှည်ပေ ၁၅၀၀၊ အကျယ် ၁၂ပေ၊ အမြင့် ရှစ်လက်မ ကျောက်ချောလမ်းခင်း ခြင်းလုပ်ငန်း၊ လက်ပံပင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၃၈၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် သုံးလက်မ သဲဖြုန်းခင်းခြင်းလုပ်ငန်း နှင့် ကျောက်ပုံကျေးရွာ၌ အလျား ပေ ၄၀၊ အနံပေ ၂၀၊ အမြင့် ၁၂ ပေရှိ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်း ဆောင် ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဒေသဦးစီးမှူး က ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်း များ ရေရှည်တည်တံ့အောင် ဝိုင်း ဝန်းထိန်းသိမ်းကြရန် ဆွေးနွေး မှာကြားခဲ့သည်။

အဆိုပါ ကျေးရွာသုံးရွာ၌ ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံ ကိန်းပံ့ပိုးရန်ပုံငွေကျပ် ၃၀၀ သိန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၅၃ သိန်းအသုံးပြုကာ ဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေး ရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇူလိုင်လ စတုတ္ထပတ်က စတင် အကောင်အထည်ဖော် ဆောင်ရွက် ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးသိန်းမြတ်ထိုက် ထံမှ သိရသည်။ **ရိုးသန်းညွန့်**

**ပလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

# အောင်မြင်ခြင်း၏ အမှတ်တံဆိပ်

**ဈာန်လေး(ပညာရေး)**

လောကၥ လူရယ်လို့ဖြစ်လာလျှင် မည်သူမဆို မိမိဘဝကို အောင်မြင်မှုများစွာ လိုလားသူများ ဖြစ်ကြသည်။ ဤသည်မှာ လူသားတိုင်း၏ စိတ်ထဲတွင် စိုက်ထူထားသော ရည်ရွယ်ချက်နှင့် ရည်မှန်းချက်ပင်ဖြစ်သည်။ သို့မှလည်း လူ့ဘဝ၏ အနှစ်သာရဖြစ်သော ဘဝ၏အဓိပ္ပာယ်ကို ပိုမိုပီပြင်လာမည်မဟုတ်ပါလော။ လောကနီယာမအရ အောင်မြင်မှုကို လိုလားကြသူများတွင် ပုံစံအမျိုးမျိုးဖြင့် တစ်ဦးနှင့်တစ်ဦး ကြိုးစားမှုမတူညီကြဘဲ လူတချို့က မကောင်းသော၊ မတရားသောနည်းလမ်းများဖြင့်လည်းကောင်း၊ တရားမရှိသော နည်းလမ်းများဖြင့်လည်းကောင်း ကြိုးစားအားထုတ်ကြသည်။ တရားမျှတမှုရှိရှိ နည်းလမ်းကောင်းများဖြင့် ကြိုးစားအားထုတ်သူများလည်းရှိကြသည်။ သို့သော် လူအနည်းစုပင်ဖြစ်သည်။ မိမိအောင်မြင်မှုတစ်ခုအတွက် ဖြတ်လမ်းသုံးကာ သူတစ်ပါးမျက်ရည်ကျ၍ မတရားသော နည်းလမ်းများဖြင့် သူတစ်ပါး၏ဘဝကို လှေကားထစ်လုပ်ကာ နင်းတက်သွားမည်ဆိုပါက ထိုအောင်မြင်မှုမျိုးသည် အဓွန့်ရှည်တည်တံ့နိုင်မည်မဟုတ်ပေ။

အောင်မြင်မှုဆိုသည်မှာ အလွယ်တကူရနိုင်သည့်အရာ မဟုတ်သလို မိမိလျှောက်လှမ်းရမည့်လမ်းကို မြင်နေသော်လည်း ပန်းတိုင်ကိုရှာဖွေနိုင်ရန် ခက်ခဲနေတတ်သည်။ ထို့ကြောင့် မိမိဘဝ အောင်မြင်လိုသူများအတွက် အောင်မြင်မှုပန်းတိုင်ကို သေချာပေါက်ရောက်နိုင်မည့် နည်းလမ်းကောင်းများကို ဖော်ပြလိုက်ပါသည်။

၁။ မိမိ၏ပျော်ရွှင်မှု
၂။ မိမိ၏ယုံကြည်မှု
၃။ မိမိ၏စိတ်အားထက်သန်ခြင်း
၄။ မိမိ၏လွှမ်းမိုးမှု
၅။ မိမိ၏အမြင်
၆။ မိမိ၏ကျင့်ဝတ်
၇။ မိမိသည်အကောင်းအဆိုးကိုလက်ခံတတ်ခြင်း
၈။ မိမိသည်လူသားဆန်တတ်ခြင်း
၉။မိမိသည် ရည်မှန်းချက်ကြီးမားစွာထားတတ်ခြင်း စသည်တို့ဖြစ်သည်။

**၁။ မိမိ၏ပျော်ရွှင်မှု**

လောကၥ ပျော်ရွှင်မှုဆိုသည်မှာ မဖြစ်မနေလိုအပ်သည်။ ထိုပျော်ရွှင်မှုသည် ခံစားမှုတစ်ခုမဟုတ်ပေ။ မိမိဘဝ၏ ချမှတ်သင့်သော လမ်းစဉ်တစ်ခုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သင်သည် အလုပ်တစ်ခုကို စွဲစွဲမြဲမြဲပြုလုပ်ရာတွင် သင်လုပ်နေသော အလုပ်၌ ပျော်ရွှင်မှုမရှိခဲ့ပါက အောင်မြင်မှုအရသာကို အဘယ်မှာခံစားနိုင်ပါမည်နည်း။ မိမိကိုယ်တိုင်ထုဆစ်နေသော မိမိ၏ဘဝအစိတ်အပိုင်းတစ်ခုကို ပျော်ရွှင်မှုရှိ၍ မိမိလုပ်နေသော အလုပ်များကိုချစ်မြတ်နိုးနိုင်ခြင်းဖြစ်မည်။

**၂။ မိမိ၏ယုံကြည်မှု**

လူတစ်ဦး၏ ယုံကြည်မှုသည် အလွန်အရေးကြီးလှသည်။ ယုံကြည်မှုမရှိပါက တစ်ဦးနှင့်တစ်ဦး လက်တွဲ၍အလုပ်လုပ်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် သင့်အနေဖြင့် မဖြစ်မနေယုံကြည်တတ်ရန် လိုအပ်သည်။ လူတစ်ဦး၏ ကံကြမ္မာကို မယုံကြည်နိုင်လောက်အောင် ပြောင်းလဲနိုင်ရန်အတွက် ယုံကြည်မှုသာလျှင် တစ်ခုတည်းသောခွန်အားပင်ဖြစ်သည်။ မိမိဘဝကို တည်ဆောက်ရာတွင် ယုံကြည်မှုသည် မရှိမဖြစ်လိုအပ်သော အစွမ်းထက်လက်နက်ကောင်းဖြစ်သည်။ ယုံကြည်မှုကို မိမိ၏ သွေးသောက်ရဲဘော်အဖြစ်သတ်မှတ်ကာ အောင်မြင်မှုဟူသောစစ်ပွဲကို ဆင်နွှဲနိုင်ပေမည်။ အောင်မြင်မှုဆိုသည်မှာ "တစ်နေရာတည်းတွင် ရပ်နေခြင်းမျိုးမဟုတ်ဘဲ နေ့စဉ်နှင့်အမျှ တစ်နေ့နှင့်တစ်နေ့ မတူအောင် ပုံမှန်ကြိုးစားအားထုတ်၍ ရှေ့ဆက်နေခြင်းပင်ဖြစ်သည်။ ထိုသို့ရှေ့ဆက်၍ ကြိုးစားအားထုတ်နေသရွေ့ သင့်အနေဖြင့် မိမိကိုယ်ကို ယုံကြည်မှုရှိရန် အလွန်အရေးကြီးလှပေသည်။

**၃။ မိမိ၏စိတ်အားထက်သန်ခြင်း**

ယုံကြည်မှုတစ်ခုအတွက် ရည်မှန်းချက်ပန်းတိုင်ကိုအရောက်သွားပါ။ အတတ်နိုင်ဆုံး စိတ်ကူးယဉ်အိပ်မက်များကို အကောင်အထည်ဖော်ပေးပါ။ စိတ်ကူးယဉ်နေရုံသက်သက်ဖြင့် လက်တွေ့ဘဝတွင် အကျိုးမရှိနိုင်ပေ။ ဘာပဲလုပ်လုပ် အကောင်းဆုံးဖြစ်အောင်လုပ်ပါ။ အဖြစ်ရှိအောင်လုပ်ပါ။ ငါလုပ်လိုက်ရင် အမှားများပါသွားမလား၊ ဖြစ်နိုင်ပါ့မလားဟူသော ကြောက်စိတ်ကိုဖျောက်ပါ။ "အမှန်တရားအတွက် အမှားဖိနပ်တစ်ရန်ကို သင်စီးရပေလိမ့်မည်"။ လူတိုင်းသည် အမှားနှင့်မကင်းနိုင်ပေ။ အမှားထဲက အမှန်ကို သင်ရှာဖွေနိုင်ခြင်းသည်လည်း အောင်မြင်ခြင်းတစ်ခုပါပဲ။ အလုပ်တစ်ခုအတွက် ဘယ်သောအခါမှ အလွယ်တကူအရှုံးမပေးလိုက်ပါနဲ့။ သင်သည် အားကစားသမားတစ်ဦးကဲ့သို့ ရေကူးရေခန်းကြိုးစားပါမှ အောင်မြင်ခြင်း၏ အသီးအပွင့်ကို ခံစား၊ စံစားရပါမည်။ လူတစ်ဦး၏ အောင်မြင်ခြင်းကို ပိတ်ဆို့တားဆီးနေသောအရာသည် ကြောက်စိတ်ပင်ဖြစ်သည်။

❖ မိမိအောင်မြင်တိုးတက်ရန်အတွက် တစ်ဖက်ပိတ်အတွေးနှင့် တစ်ကိုယ်ကောင်းဆန်ကာ စောင့်ထိန်းရမည့်ကျင့်ဝတ်များကို မစောင့်ထိန်းဘဲ ကျင့်ဝတ်များကို အကြိမ်ကြိမ်အခါခါချိုးဖောက်ပစ်ပါက အောင်မြင်မှုဆိုသည်နှင့် ဝေးသည်ထက်ဝေးနေရပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ဒါတွေအားလုံးသည် သင့်ကို လူအားလုံးနှင့်ဝေးရာသို့ ဆွဲခေါ်သွားစေနိုင်ပြီး အားလုံးနှင့်မတူညီနိုင်တော့ဘဲ တစ်ဦးတည်းကွဲပြားနေစေမည့်အချက်ဖြစ်သည်။ ထို့ကြောင့် လိုအပ်မှုတစ်ခုကြောင့် စောင့်ထိန်းရမည့်ကျင့်ဝတ်များကို လေးလေးစားစားစောင့်ထိန်းတတ်ရပါမည်။ ❖

**၄။ မိမိ၏လွှမ်းမိုးမှု**

လွှမ်းမိုးမှုဆိုသည်မှာ မိမိအပေါ် အကြောက်တရားများ လွှမ်းမိုးစေခြင်းမျိုးမဟုတ်ပေ။ မိမိလွှမ်းမိုးနိုင်မည့်အရာတစ်ခုကို ရှာဖွေကြည့်စေခြင်းဖြစ်သည်။ ထိုအရာက သင့်ကို ကောင်းကောင်းလမ်းပြပေးပါလိမ့်မည်။ မိမိကိုယ်ကို အကြောက်တရားဖြင့် လွှမ်းမိုးကာ ကြိုးစားအားထုတ်ခြင်းမျိုးမဟုတ်ဘဲ သတိရှိရှိရဲရင့်ပြတ်သားစွာ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားပြီး ယုံကြည်မှုတစ်ခုကို အရင်းပြုကာ ကြိုးစားအားထုတ်နိုင်ပါက သင်သည် အောင်မြင်မှုကို ဆွတ်ခူးနိုင်မည်မှာ မြေကြီးလက်ခတ်မလွဲပေ။ ထို့ကြောင့် မိမိကိုလမ်းပြပေးနိုင်သော လွှမ်းမိုးမှုအရာတစ်ခုကို ရှာဖွေခြင်းဖြင့် ထိုလမ်းပြမှုအောက်၌ တရားသော နည်းလမ်းဖြင့် မိမိ၏ဘဝကို တိုးတက်ကောင်းမွန်ပြီး အောင်မြင်မှုရရှိနိုင်အောင် အထူးပင်ကြိုးစားအားထုတ်သင့်ပါသည်။

**၅။ မိမိ၏အမြင်**

မိမိဘဝကို ဘယ်လိုအရာက ပြောင်းလဲပေးနိုင်မည်၊ ဘယ်လိုအရာက မပြောင်းလဲပေးနိုင်ဘူးဆိုသည်ကို မိမိ၏ရှုထောင့်၊ မိမိ၏အမြင်ဖြင့် ကောင်းကောင်းနားလည်ပြီး ကြိုးစားအားထုတ်ရပါမည်။ မိမိလက်ရှိကြိုးစားအားထုတ်နေသောနေရာသည် မိမိ၏ဘဝကို ဘယ်လိုပုံစံဖြစ်လာစေချင်သလဲဆိုသည့် အမြင်တစ်ခုကို မိမိဘက်က သတ်မှတ်ရပါမည်။ ထိုအမြင်များထဲက မိမိ၏စိတ်ကူးများကို လက်တွေ့ဘဝတွင် မိမိအနေဖြင့် မဖြစ်မနေအကောင်အထည်ဖော်ပေးရပါမည်။ ထိုသို့အကောင်အထည်ဖော်ရာတွင် မိမိ၏အမြင်သည် လမ်းလွဲသို့မရောက်သွားစေရန် မိမိကိုယ်ကို ထိန်းကျောင်းတတ်ရပါမည်။ လူတစ်ဦးနှင့်တစ်ဦးသည် အမြင်များမတူညီနိုင်ပေ။ တစ်ဦးကအဖြူဆိုနောက်တစ်ဦးက အမည်းဖြစ်ကောင်းဖြစ်နေပါလိမ့်မည်။ မည်သို့ပင်ဆိုစေကာမူ အောင်မြင်မှုပန်းတိုင်ကို ရောက်ချင်နေကြခြင်းကတော့ တူညီပါလိမ့်မည်။ မိမိ၏အမြင်ဖြင့် ကောင်းသောအောင်မြင်မှု၊ ရေရှည်တည်တံ့ခိုင်မြဲသော အောင်မြင်မှုမျိုးကိုသာ လက်ခံရရှိရန်အတွက် မိမိ၏အမြင်သည် တစ်ဖက်စောင်းအတွေးမျိုးမဟုတ်ဘဲ သမာသမတ်ကျကျ နည်းလမ်းကောင်းနှင့် အောင်မြင်မှုကောင်းကိုသာ လက်ဝယ်တွင်ပိုင်ဆိုင်ထားရန် အလွန်အရေးကြီးပေသည်။ သို့မှသာလျှင် နောင်ရေးကိုလည်း စိတ်အေးချမ်းသာယာမှုရှိစေနိုင်သည်။

**၆။ မိမိ၏ကျင့်ဝတ်**

လူတစ်ဦး၏ ကျင့်ဝတ်နှင့် သိက္ခာတရားသည်လည်း အောင်မြင်မှု၌ အရေးပါအရာရောက်ပေသည်။ ကျင့်ဝတ်မရှိ၊ သိက္ခာမရှိသောသူကို ဘယ်သူမှ ပေါင်းသင်းဆက်ဆံကြမည်မဟုတ်ပေ။ ကျင့်ဝတ်ကို မစောင့်ထိန်းတတ်သော လူများအတွက် ထိုသူတို့၏အောင်မြင်မှုလမ်းကြောင်းသည်လည်း အလွန်တိုတောင်းလွန်းလှသည်။ အဘယ်ကြောင့်ဆိုသော် ထိုအရာသည် ဖြတ်လမ်းနည်းဟုဆိုနိုင်ပါသည်။

မိမိအောင်မြင်တိုးတက်ရန်အတွက် တစ်ဖက်ပိတ်အတွေးနှင့် တစ်ကိုယ်ကောင်းဆန်ကာ စောင့်ထိန်းရမည့်ကျင့်ဝတ်များကို မစောင့်ထိန်းဘဲ ကျင့်ဝတ်များကို အကြိမ်ကြိမ်အခါခါချိုးဖောက်ပစ်ပါက အောင်မြင်မှုဆိုသည်နှင့် ဝေးသည်ထက်ဝေးနေရပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ဒါတွေအားလုံးသည် သင့်ကို လူအားလုံးနှင့်ဝေးရာသို့ ဆွဲခေါ်သွားစေနိုင်ပြီး အားလုံးနှင့်မတူညီနိုင်တော့ဘဲ တစ်ဦးတည်း ကွဲပြားနေစေမည့်အချက်ဖြစ်သည်။ ထို့ကြောင့် လိုအပ်မှုတစ်ခုကြောင့် စောင့်ထိန်းရမည့် ကျင့်ဝတ်များကို လေးလေးစားစားစောင့်ထိန်းတတ်ရပါမည်။

**၇။ မိမိသည်အကောင်းအဆိုးကိုလက်ခံတတ်ခြင်း**

လောကၥ အကြောင်းကြောင့် အကျိုးဖြစ်လာခြင်းဖြစ်သည်။ သင်သည် အောင်မြင်မှုတစ်ခုအတွက် ကြိုးစားနေချိန်အတွင်း ပတ်ဝန်းကျင်က ပြောဆိုလာသော အဆိုး၊အကောင်းများကို သင့်အနေဖြင့် ရင်ဆိုင်ကျော်ဖြတ်ရပေမည်။ လက်ခံသင့်သည်ကို လက်ခံထား၍ လက်မခံသင့်သောအရာများကို လုံးဝဖြုတ်ချထားပြီး သင့်ခေါင်းထဲက အပြီးအပိုင်ထုတ်ထားလိုက်ပါ။ သင်သည် ပတ္တမြားမှန်ခဲ့လျှင် ဘယ်သောအခါမှ နွံမနစ်သွားဘူးဆိုသည်ကို ယုံကြည်ထားလိုက်ပါ။

ထို့ကြောင့် မိမိသည် တစ်ခါတစ်ရံ ပတ်ဝန်းကျင်မှရရှိသော သင်ခန်းစာများကို ဆိုးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ မိမိသည် အဆိုး၊ အကောင်းများကို ကောင်းမွန်စွာလက်ခံတတ်ရန် အလွန်အရေးကြီးသည်။

**၈။ မိမိသည်လူသားဆန်တတ်ခြင်း**

လူတစ်ဦးက လူတစ်ဦးအပေါ် လူသားဆန်တတ်ခြင်းသည် မွန်မြတ်သောမင်္ဂလာတစ်ပါးဖြစ်သည်။ အောင်မြင်မှုတစ်ခုတည်းအတွက်နှင့် တစ်ပါးသူ၏ အားနည်းချက်ကို အကျပ်မကိုင်ပါနှင့်။ ကောင်းသောယှဉ်ပြိုင်ခြင်းနှင့်သာ မိမိအောင်မြင်မှုကို ဂုဏ်ယူဝင့်ကြွားသင့်သည်။ မနက်ဖြန်ဆိုသည်မှာ မသေချာသည့်အရာမို့ လက်ရှိသင်ပိုင်ဆိုင်ထားသော အချိန်ကို လေးစားသောအားဖြင့် လူသားဆန်တတ်သောအကျင့်နှင့် အများကိုဆောင်ရွက်ခြင်းသည်လည်း အောင်မြင်မှု၏သော့ချက်တစ်ခုဖြစ်သည်။

မိမိသည် ကောင်းသောအလုပ်ကို လုပ်ဆောင်ပါက ကောင်းသောအကျိုးကို ပြန်လည်ခံစား၊ စံစားရသည်မှာ လောကနီယာမတရားပင်ဖြစ်သည်။ ထို့ကြောင့် သင်သည် ဘယ်လောက်ပင် အောင်မြင်နေပါစေ တစ်ကြိမ်တစ်ခါတော့ အရှုံးဆိုသည့်အရာနှင့် ကြုံရတတ်ပေသည်။ ထို့ကြောင့် မိမိအောင်မြင်နေချိန်အတွင်း၊ မိမိအဆင်ပြေနေချိန်အတွင်း တစ်ပါးသူအပေါ်ကို လူသားဆန်တတ်ရန် မမေ့လိုက်ပါနှင့်။

**၉။ မိမိသည် ရည်မှန်းချက်ကြီးမားစွာထားတတ်ခြင်း**

ဦးတည်ချက်မရှိ၍ ရည်မှန်းချက်ပန်းတိုင်မရှိသော လူတစ်ဦးသည် ပင်လယ်ထဲတွင် ဦးတည်ရာမရှိ ရွက်လွှင့်နေသော လှေငယ်လေးနှင့်တူပေသည်။ "အနာခံမှ အသာစံရ" ဆိုသလို ဘဝတွင် ကြုံတွေ့လာသော အခက်အခဲအတားအဆီးများကို သံမဏိစိတ်ဓာတ်ဖြင့် ကြံ့ကြံ့ခံကာ ဖြိုဖျက်ပစ်ရပါမည်။ လောကဓံ၏ ခက်ခဲကြမ်းတမ်းမှုဒဏ်နှင့် ရိုက်ခတ်မှုဒဏ်ကို ကြံ့ကြံ့ခံ၍ မကြောက်မရွံ့နောက်မဆုတ်ဘဲ ဇွဲသတ္တိအပြည့်နှင့် မိမိ၏ရည်မှန်းချက်ကို အကောင်အထည်ဖော်သင့်သည်။

ထို့ကြောင့် မိမိသည် ရည်မှန်းချက်ကြီးစွာထားတတ်ရပါမည်။ ရည်မှန်းချက်မရှိသော လူတစ်ဦး၏ ဘဝသည် ဘာမှဖြစ်လာမည်မဟုတ်ပေ။ မိမိဖြစ်ချင်သောအရာကို ကြိုတင်ရည်မှန်းထားပါမှ ဖြစ်ချင်သည်များ ဖြစ်လာနိုင်မည်ဖြစ်သည်။ မိမိကိုယ်ကို ယုံကြည်မှုအပြည့်အဝရှိမှသာလျှင် ထိုယုံကြည်မှုကပဲ မိမိနှင့်ထိုက်တန်သောနေရာကို ပေးပါလိမ့်မည်။ ထို့ကြောင့် မိမိကိုယ်ကို ယုံကြည်မှုရှိခြင်းသည် အတိုင်းအဆမရှိသော ခွန်အားများစွာကို လက်ဝယ်ပိုင်ဆိုင်ထားခြင်းပင်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုသော် မိမိသည် လောကကြီးနှင့်အသားကျရန်ဆိုသည်မှာ အရင်ဆုံး မိမိကိုယ်ကို လက်ခံတတ်ရန်လိုအပ်သည်။ မိမိကိုယ်ကို လက်ခံတတ်ပါက ယုံကြည်မှုအပြည့်နှင့် ဘဝကိုသိသိသာသာပြောင်းလဲသွားစေမည်ဖြစ်သည်။ လူတစ်ဦး၏အတွေးသည် ထိုလူ၏ပျော်ရွှင်မှုပင်ဖြစ်သည်။ တစ်နည်းအားဖြင့် ထိုလူ၏ အောင်မြင်ခြင်းအမှတ်တံဆိပ်လည်းဖြစ်သည်။ ထို့ကြောင့် လူတိုင်းလူတိုင်းအနေဖြင့် အဆိုပါနည်းလမ်းကောင်းများကို လက်တွေ့အကောင်အထည်ဖော်နိုင်ကြပါစေကြောင်း ဆန္ဒပြုရေးသားလိုက်ရပါသည်။

**ကိုးကား**

– **သတိုးနွယ်၏ ပန်းတိုင်သို့ပစ်မှတ်**

# ပွင့်ဖြူမြို့နယ်၌ မိုးချည်မျှင်ရှည်ဝါ ယခင်နှစ်ကထက် ဈေးကောင်းရရှိသဖြင့် တောင်သူများအဆင်ပြေ



**ပွင့်ဖြူ ဒီဇင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ချည်မျှင်ရှည်ဝါ ၂၄၄၉ ဧက စိုက်ပျိုးလျက်ရှိရာ ယခုအခါ အဆိုပါဝါစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ခူးဆွတ်ရောင်းချနေရကာ ယခင်နှစ်ထက် ဈေးကောင်းရရှိသဖြင့် တောင်သူများ အဆင်ပြေလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ချည်မျှင်ရှည်ဝါစိုက်ပျိုးခြင်းကို ဇွန်လအတွင်း စတင်စိုက်ပျိုးခဲ့ကြောင်း၊ ထိုသို့စိုက်ပျိုးရာ၌ ဒေသခံတောင်သူတစ်ဦးချင်းအလိုက် တစ်ဧကသီးနှံအထွက်နှုန်းတိုးတက်ကောင်းမွန်စေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ချည်မျှင်ရှည်ဝါစိုက်ပျိုးသည့် တောင်သူများကို မျိုးကောင်းမျိုးသန့်စိုက်ပျိုးနိုင်ရေး ဖြန့်ဖြူးဆောင်ရွက်ပေးကြောင်း၊ ထို့ပြင် စိုက်ပျိုးရေးနည်းပညာနှင့် သွင်းအားစုပစ္စည်းများ အချိုးကျမှန်ကန်စွာ အသုံးပြုတတ်စေရေး ပံ့ပိုးကူညီပေးခြင်း၊ တောင်သူများကိုယ်တိုင် ချည်မျှင်ရှည်ဝါ မျိုးကောင်းမျိုးသန့်များ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေး မျိုးစေ့ထုတ်နည်းစနစ်များ အသိပညာပေးခြင်း လုပ်ငန်းများကို နယ်မြေအလိုက် တာဝန်ခံကွင်းဝန်ထမ်းများက စိုက်ပျိုးသည့်လယ်မြေများအရောက် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ချည်မျှင်ရှည်ဝါကို တစ်မြို့နယ်လုံး ၂၄၄၉ ဧက စိုက်ပျိုးထားရှိပါတယ်။ အခု ဒေသခံတောင်သူတွေ မိုးဦးမှာ စိုက်ပျိုးခဲ့တဲ့ဝါတွေ ခူးဆွတ်ရောင်းချနေရပြီဖြစ်ပါတယ်။ ဝါအထွက်နှုန်းအနေနဲ့ တစ်ဧကပိဿာချိန်ပျမ်းမျှ ၅၀၀ လောက်ထွက်ရှိပါတယ်။ ဝါဈေးနှုန်းကတော့ ပြီးခဲ့တဲ့နှစ်က တစ်ပိဿာကို ငွေကျပ် ၂၅၀၀ ဈေးရှိပြီး ဒီနှစ်တော့ တစ်ပိဿာကို ငွေကျပ် ၃၀၀၀ ဈေးနဲ့ ရောင်းချနေရပါတယ်။ ပြီးခဲ့တဲ့နှစ်ထက် ဝါဈေးပိုရတော့ ဒေသခံတောင်သူတွေ ပိုပြီးအဆင်ပြေပါတယ်။ ကျွန်မတို့ဒေသမှာ တောင်သူတွေ အစိုက်များတဲ့ ဝါမျိုးတွေကတော့ ချည်မျှင်ရှည်ဝါ ရွှေတောင်(၈)၊ ရွှေတောင်(၁၀) ဝါမျိုးတွေကို စိုက်ပျိုးကြပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် ချည်မျှင်ရှည်ဝါစိုက်ပျိုးခြင်းကို ကန်ပြည့်ကျေးရွာ၊ မဒဲကျေးရွာ၊ ကျောင်းကုန်းကြီးကျေးရွာ၊ ကျွဲတိကျေးရွာ၊ ကုလားဟောင်းကျေးရွာ၊ ရေပုတ်ကလေးကျေးရွာတို့တွင် စိုက်ပျိုးကြကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# မလှိုင်မြို့နယ် ရေနီနောက်ကျေးရွာတွင် VDP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဒီဇင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မလှိုင်မြို့နယ် ရေနီနောက်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဦးကျော်စိုးဝင်း၊ ဦးစီးအရာရှိ(နည်းပညာ) ဒေါ်ခင်မာလွင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ရေနီအုပ်စု ရေနီနောက်ကျေးရွာတွင် လမ်းအရှည်ပေ ၂၂၆၀၊ အကျယ်ပေ ၂၀၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ချင်းကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ အရည်အသွေးပြည့်မီအောင်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကျေးရွာတစ်ရွာလျှင် နိုင်ငံတော်ပံ့ပိုးငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေများဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ပြောပြ၍ သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

# မိုင်းရယ်မြို့နယ် နောင်လုံကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**မိုင်းရယ် ဒီဇင်ဘာ ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းခရိုင် မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နောင်မိုကျေးရွာအုပ်စု နောင်လုံကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်၊ မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းခိုင်ဦးနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ နောင်လုံကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။



အဆိုပါကျေးရွာတွင် ကျေးရွာတွင်း လမ်းအရှည်ပေ ၆၀၀၊အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၂၅ သိန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဒီဇင်ဘာလ ပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းခိုင်ဦးက ပြောပြ၍ သိရသည်။

**ကျော်ခိုး**

# လယ်ဝေးခရိုင်၌ စီမံကိန်းလုပ်ငန်းများဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဆင်း

**နေပြည်တော် ဒီဇင်ဘာ ၁၇**

နေပြည်တော် လယ်ဝေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခရိုင်၊ မြို့နယ်များမှဝန်ထမ်းများ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေလွယ်ကူစေရန်နှင့် စွမ်းဆောင်ရည်မြှင့်မားတိုးတက်စေရန် ရည်ရွယ်၍ စီမံကိန်းလုပ်ငန်းများဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းက အဆိုပါဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လယ်ဝေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးတင့်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက စီမံကိန်း လက်စွဲစာအုပ်များနှင့် သင်တန်းဆင်း လက်မှတ်များကို သင်တန်းသား၊ သင်တန်းသူများထံ လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

သင်တန်းသို့ လယ်ဝေးခရိုင်၊ လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ စုစုပေါင်း ဝန်ထမ်း ၁၅ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ VDPစီမံကိန်း၊ RBF စီမံကိန်း၊ SMART Village စီမံကိန်းနှင့် Epanet ရေးဆွဲနည်း စသည့်သင်ခန်းစာများကို ကျွမ်းကျင်ဆရာ လေးဦးက ဒီဇင်ဘာ ၁၂ ရက်မှ ၁၆ ရက်ထိ စာတွေ့၊ လက်တွေ့အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း ခရိုင်ဦးစီးမှူး ဦးမျိုးတင့်ထံမှသိရသည်။

**မောင်ခိုင်**



# ငပုတောမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၇၆၀၇ ဧက စိုက်ပျိုးမည်

**ငပုတော ဒီဇင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၇၆၀၇ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် နွေစပါးစိုက်ပျိုးရာသီ၌ စပါး ၇၆၀၇ ဧကကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် စတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ နွေစပါးများကို အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရန် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများက စပါးစိုက်ပျိုးရေး နည်းပညာများနှင့် စပါးများတွင် ကျရောက်ဖျက်ဆီးလေ့ရှိသည့် ရွှေခရုကာကွယ်ရေး နည်းပညာများကို ကွင်းဆင်းဆောင်ရွက်ပေးထားကြောင်း သိရသည်။

"ငပုတောမြို့နယ် တစ်ခုလုံး အနေနဲ့ နွေစပါး ၇၆၀၇ ဧက စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ တောင်သူတွေ စပါးကို အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ရာအတွက် ပုလဲမာတ်မြေသြဇာတွေကို အရစ်ကျစနစ်နဲ့ ရောင်းချပေးတဲ့ အစီအစဉ်တွေကို လုပ်နေပါတယ်။ ဒါ့ပြင် စိုက်ပျိုးမဲ့ စပါးတွေ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းဖို့ နည်းပညာပေးလုပ်ငန်းတွေကိုလဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါးစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့က ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# မြေငလျင်ဘေးအန္တရာယ်နှင့် ပျက်စီးဆုံးရှုံးရမှုများ

**မေဇင်ထွန်း**



မြေငလျင်များလှုပ်ခတ်ပြီးလျှင် မြေပြိုခြင်း၊ ဆူနာမီဖြစ်ပေါ်ခြင်း၊ မီးလောင်ကျွမ်းခြင်းနှင့် ပြတ်ရွေ့ကြောများ လှုပ်ရှားမှုကြောင့် မြေကြီးကွဲအက်ခြင်းတို့ကိုဖြစ်ပေါ်စေသည်။ မြေငလျင်လှုပ်သည့်အခါ မြေပြင်တွင် ပြင်းထန်သည့်လှုပ်ခါခြင်းများ ဖြစ်စေသည့်အတွက် လူသားတို့၏တန်ဖိုးကြီးမားသော ပိုင်ဆိုင်မှုများကို ဆုံးရှုံးရမှုများ ဖြစ်ပေါ်စေသည့်အပြင် လူနှင့်တိရစ္ဆာန်များ သေကျေကာ ထိခိုက်ဒဏ်ရာရမှုများကိုလည်း ဖြစ်စေသည်။

ဥပမာဆိုရလျှင် နှစ်ပေါင်းတစ်ရာအတွင်း ဆုံးရှုံးမှုငွေကြေးတန်ဖိုးအရ အများဆုံးသောငလျင်သည် ဆယ်ကြိမ်လှုပ်ခတ်ခဲ့ပြီး ၎င်းဆယ်ကြိမ်အနက် ကယ်လီဖိုးနီးယား၌ ရှစ်ကြိမ်လှုပ်ခတ်ခဲ့မှုကြောင့် လူနေအဆောက်အအုံများ၊ လမ်းများနှင့် အခြေခံအဆောက်အအုံများ ပြိုကျမှုဖြစ်ပွားခဲ့ရကာ ဒေါ်လာဘီလီယံပေါင်းများစွာ ဆုံးရှုံးခဲ့ရသည်။ အမေရိကန်နိုင်ငံ ဘူမိဗေဒဆိုင်ရာလေ့လာသုံးသပ်ချက်များ၏ အစီရင်ခံစာတွင် ရစ်ချ်တာစကေး ၆ ဒသမ ၇ သို့မဟုတ် ထိုထက်ကြီးမားသောငလျင်သည် လာမည့်နှစ်ပေါင်း ၃၀ အတွင်း ဆန်ဖရန်စစ္စကိုပင်လယ်အော်တွင် လှုပ်ခတ်နိုင်ခြေ ၇၂ ရာခိုင်နှုန်းရှိကြောင်းနှင့် ကယ်လီဖိုးနီးယားပြည်နယ် တောင်ပိုင်းတွင်လည်း လာမည့် နှစ်ပေါင်း ၃၀ အတွင်း အလားတူ ပြင်းအားရစ်ချ်တာစကေး ၆ ဒသမ ၇ ရှိသော ငလျင်လှုပ်ခတ်နိုင်ခြေသည် ၆၀ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ငလျင်လှုပ်ခတ်ခြင်းက ဘာကြောင့်အန္တရာယ်ရှိသလဲ**

မြေငလျင်ကြောင့် မြေကြီးများတုန်ခါခြင်း၊ မြေပြင်များအက်ကွဲထွက်ခြင်း၊ မြေပြိုခြင်း၊ ဆူနာမီနှင့်မြေကျွံကျခြင်းတို့ကိုဖြစ်စေသည်။ မြေငလျင်လှုပ်ခတ်ခြင်းနှင့်ဆက်စပ်ပြီး မီးလောင်ပျက်စီးရမှုသည် အကြီးမားဆုံးသော အကျိုးသက်ရောက်မှုများထဲကတစ်ခုဖြစ်သည်။ ဥပမာဆိုရလျှင် လတ်တလော ကယ်လီဖိုးနီးယားပြည်နယ် တောင်ပိုင်းတွင် ဇူလိုင် ၄ ရက်နှင့် ဇူလိုင် ၅ ရက်တို့က လှုပ်ခတ်ခဲ့သည့် ပြင်းအားရစ်ချ်တာစကေး ၆ ဒသမ ၄ နှင့် ၇ ဒသမ ၁ ရှိ ငလျင်များသည် လတ်တလောတွင် လှုပ်ခတ်သွားသည့် အကြီးစားငလျင်များဖြစ်ကြသည်။ ကယ်လီဖိုးနီးယားပြည်နယ်တွင် ပြင်းအားရစ်ချ်တာစကေး ၇ ဒသမ ၁ ရှိသောငလျင်သည် ၁၂ စက္ကန့်ကြာလှုပ်ခတ်ခဲ့ပြီး ကယ်လီဖိုးနီးယားပြည်နယ်ရှိ စခရာမန်တိုမြို့မှ ဆန်ဒီယေဂိုမြို့ထိ လူနေအိမ်ခြေ သန်း ၃၀ ခန့်ကို လှုပ်ခတ်သွားစေခဲ့ကာ လူနေအိမ်ခြေ ၆၀၀၀ ကျော်ကို လျှပ်စစ်မီးများပြတ်တောက်သွားစေခဲ့သည်။

ထို့ပြင် ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်မြို့ ဝန်းကျင်ဒေသဖြစ်သော Northridge တွင်လည်း ပြင်းအား ရစ်ချ်တာစကေး ၆ ဒသမ ၇ ရှိသည့် ငလျင်တစ်ခုလှုပ်ခတ်ခဲ့မှုကြောင့် လူ ၅၈ ဦး သေဆုံးပြီး လူဦးရေ ၉၀၀၀ ကျော်ဒဏ်ရာရရှိကာ စီးပွားရေးအရ ဆုံးရှုံးမှု ဒေါ်လာ ၄၉ ဘီလီယံကျော် ထိရှိခဲ့သည်။ ထို့ကြောင့် မြေငလျင်သည် လူသားတို့ကို ထိခိုက်သေကျေပျက်စီးကာ စီးပွားရေးအရ ပျက်စီးဆုံးရှုံးမှုများကို ဖြစ်စေသဖြင့် ငလျင်သည် များစွာအန္တရာယ်ရှိသည်။

**မြေငလျင်က ဘယ်လိုပျက်စီးမှုများကိုဖြစ်စေသလဲ**

မြေငလျင်သည် ကမ္ဘာမြေကြီးကိုကွဲအက်စေသည်။ ကြီးမားသော ငလျင်ကြီးများလှုပ်ခတ်ခြင်းကို မိုင်ရာပေါင်းများစွာ အကွာအဝေးကပင်လျှင် ခံစားသိရှိနိုင်သည်။ မြေငလျင်ကြောင့် ဖြစ်ပေါ်လာနိုင်သော ပျက်စီးမှုများကို အသေးစိတ်ဖော်ပြရမည်ဆိုလျှင်-

**မြေပြင်တုန်ခါမှုနှင့် အခြေခံအဆောက်အအုံများ ပြိုကျမှုများ**

မြေငလျင်လှုပ်ခတ်သည့်အခါတွင် မြေပြင်တုန်ခါမှုကိုဖြစ်စေသည်။ ထိုသို့ မြေပြင်တုန်ခါမှုကြောင့် မြေပြင်သည် ကွေးညွတ်လာကာ မြေကျွံခြင်းနှင့် မြေပြိုခြင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များကို ဖြစ်စေသည်။ ငလျင်ဒဏ်ကြောင့် ဖြစ်ပေါ်လာတတ်သောပျက်စီးမှုအများစုမှာ အဆောက်အအုံများ၊ လမ်းများနှင့် အခြေခံအဆောက်အအုံများ အောက်တွင် ငလျင်လှိုင်းများ ဖြတ်သွားခြင်းကြောင့် ပြိုကျပျက်စီးမှုများပင်ဖြစ်သည်။

ငလျင်၏ အဓိကအန္တရာယ်မှာ မြေမျက်နှာပြင်ကွဲအက်ခြင်းပင်ဖြစ်သည်။ မြေငလျင်လှုပ်ခတ်ခြင်းသည် မြေပြင်၏ တစ်ဖက်တစ်ချက်တွင် ဒေါင်လိုက်သို့မဟုတ် အလျားလိုက် ရွေ့လျားမှုကြောင့် ဖြစ်နိုင်သည်။ ကြီးမားသော မြေဧရိယာများကို ထိခိုက်စေနိုင်သည့်အပြင် မြေပြင်ရွေ့လျားမှုကြောင့် အဆောက်အအုံများ၊ လမ်းများ၊ ရထားလမ်းများနှင့် ပိုက်လိုင်းများ ဆိုးရွားစွာပျက်စီးစေနိုင်သည်။

**မြေပြိုခြင်း**

မြေငလျင်များကြောင့် အထူးသဖြင့် စိုစွတ်သော မြေဆီလွှာရှိသည့်နေရာများတွင် မြေပြိုခြင်းနှင့် ရွှံ့မြေပြိုခြင်းများ ဖြစ်ပွားနိုင်သည်။ မြေပြိုမှုများကြောင့် ပြိုကျလာသည့် ကျောက်တုံးများ၊ လဲကျနေသော သစ်ပင်၊ အပျက်အစီးများ၊ အဆောက်အအုံအပြိုအပျက်များသည် လူများ၊ တိရစ္ဆာန်များနှင့် ယာဉ်များကို တိုက်မိစေကာ ထိခိုက်သေကျေမှုများကို ဖြစ်စေသည်။ ၎င်းတို့သည် လမ်းများကိုပိတ်ဆို့နိုင်ပြီး ဖုန်းလိုင်း၊ မီးလိုင်းများကို အနှောင့်အယှက်ဖြစ်စေနိုင်သည်။

**မြေကျွံကျခြင်း**

မြေငလျင်လှုပ်ခြင်းကြောင့် လျော့ရဲသောမြေဆီလွှာသည် ငလျင်လှုပ်စဉ်အတွင်း နွံအသွင်သို့ပြောင်းလဲသွားနိုင်သည်။ ပျော့နေသောမြေသည် အဆောက်အအုံများ၊ တံတားများ၊ ပိုက်လိုင်းများနှင့် လမ်းများ၏ အခြေခံအုတ်မြစ်များကို ထိခိုက်စေနိုင်ပြီး မြေကြီးထဲသို့နစ်မြုပ်ကာ ပြိုကျခြင်းများကို ဖြစ်စေနိုင်သည်။

**ဆူနာမီ**

ပစိဖိတ်သမုဒ္ဒရာကြမ်းပြင်၌ လှုပ်ခတ်သည့် ငလျင်သည် အလွန်ရှည်လျားသော လှိုင်းလုံးများဖြစ်သည့် ဆူနာမီကို ဖြစ်ပေါ်စေသည့်အပြင် သမုဒ္ဒရာကြမ်းပြင်တွင် ငလျင်လှုပ်ခတ်မှုကြောင့်ဖြစ်ပေါ်လာသည့် ကြီးမားသောဆူနာမီရေလှိုင်းများသည် လူသားတို့၏ပိုင်ဆိုင်မှုနှင့် အခြေခံအဆောက်အအုံများကို အန္တရာယ်ဖြစ်စေသည်။ ကမ်းရိုးတန်းဒေသများတွင် ဆူနာမီကြောင့် ပျက်စီးဆုံးရှုံးရခြင်းများသည် ကာလရှည်အကျိုးသက်ရောက်မှုကို ဖြစ်စေနိုင်သည်။ ငလျင်လှုပ်သောအခါ မြေကြီးတုန်ခါမှုကြောင့် လျှပ်စစ်နှင့် ဓာတ်ငွေ့လိုင်းများ ပြတ်တောက်သွားတတ်သည်။ ထိုသို့ဓာတ်ငွေ့လိုင်းများ ပြတ်တောက်သွားတတ်ပြီး ၎င်းဓာတ်ငွေ့ယိုစိမ့်သောနေရာသို့ မီးတိုင်များလဲကျကာ ဓာတ်ကြိုးများ လျှပ်စစ်ရှော့ခ်ဖြစ်သည့်နေရာမှ မီးပွားတစ်ခုမှနေ မီးလောင်မှုများကိုဖြစ်စေနိုင်သည်။ နိုင်ငံတွင်းရှိ ဒေသတိုင်းသည် ငလျင်အန္တရာယ်ရှိသည်။ မြေငလျင်များသည် နေအိမ်များ၏ အခြေခံအုတ်မြစ်များကို လှုပ်ခါနိုင်ပြီး မြေဆီလွှာအတွင်းသို့ ၎င်းအဆောက်အအုံများကို စုပ်ယူလိုက်သည့်အတွက် အဆောက်အအုံပျက်စီးမှု၊ ဆုံးရှုံးမှုများဖြစ်စေသည့်အပြင် မြေပြိုမှုများကိုလည်း ဖြစ်စေနိုင်သည်။

**ကမ္ဘာမြေတုန်လှုပ်ခြင်း**

မြေငလျင်၏ ဖိအားနှင့် ငလျင်လှိုင်းများ ရုတ်တရက် ထွက်လာခြင်းကြောင့် မြေကြီးတုန်ခါမှုနှင့် မြေပြင်ရွေ့ပြောင်းခြင်းကို ဖြစ်စေနိုင်ပြီး မြေသားအက်ကွဲကြောင်းကို ဖြစ်စေသည်။ မြေဆီလွှာသည် ပျော့လာကာ နွံအဖြစ်ပြောင်းလဲသွားပြီး ကားများ၊ အဆောက်အအုံများကို စုပ်ယူနိုင်သည်။ မြေတုန်ခါခြင်းသည် အိမ်၏အုတ်မြစ်ကို ရွေ့သွားစေခြင်းကဲ့သို့သော အန္တရာယ်များနှင့် ပျက်စီးမှုမျိုးများကို ဖြစ်စေတတ်သည်။

❖ မြေငလျင်ကြောင့် မြေကြီးများတုန်ခါခြင်း၊ မြေပြင်များအက်ကွဲထွက်ခြင်း၊ မြေပြိုခြင်း၊ ဆူနာမီနှင့် မြေကျွံကျခြင်းတို့ကိုဖြစ်စေသည်။ မြေငလျင်လှုပ်ခတ်ခြင်းနှင့်ဆက်စပ်ပြီး မီးလောင်ပျက်စီးရမှုသည် အကြီးမားဆုံးသော အကျိုးသက်ရောက်မှုများထဲက တစ်ခုဖြစ်သည်။ ဥပမာဆိုရလျှင် လတ်တလော ကယ်လီဖိုးနီးယားပြည်နယ် တောင်ပိုင်းတွင် ဇူလိုင် ၄ ရက်နှင့် ဇူလိုင် ၅ ရက်တို့က လှုပ်ခတ်ခဲ့သည့် ပြင်းအား ရစ်ချ်တာစကေး ၆ ဒသမ ၄ နှင့် ၇ ဒသမ ၁ ရှိ ငလျင်များသည် လတ်တလောတွင်လှုပ်ခတ်သွားသည့် အကြီးစားငလျင်များဖြစ်ကြသည်။ ❖

**မြေမျက်နှာပြင်ကွဲအက်ခြင်း**

ငလျင်လှုပ်ခြင်းမှ တုန်ခါမှုသည် မြေပြင်ကို ရွေ့ပြောင်းခြင်းနှင့် မျက်နှာပြင် ကွဲအက်ခြင်းတို့ကို ဖြစ်စေနိုင်သည်။ မျက်နှာပြင်ကွဲအက်ခြင်းသည် လမ်းများနှင့် အဆောက်အအုံများကိုပါ ပျက်စီးစေနိုင်သည်။ ဥပမာအားဖြင့် မြေမျက်နှာပြင်တွင် ကြီးမားသော အက်ကွဲကြောင်းများ ဖြစ်ပေါ်လာခြင်းသည် ခင်းထားသောလမ်းများ ပြိုကျမှုကို ဖြစ်ပေါ်စေသည်။ ထိုသို့လမ်းများပျက်စီးမှုကြောင့် အခန့်မသင့်လျှင် လူသားများကို ထိခိုက်ဒဏ်ရာရခြင်း၊ အသက်ဆုံးရှုံးခြင်း သို့မဟုတ် သွားလာမှုများကို အဟန့်အတားဖြစ်စေနိုင်သည်။

**ငလျင်ဒဏ်ခံရမှုလျော့နည်းအောင်ဆောင်ရွက်ခြင်း**

ငလျင်ကြီးတစ်ခု လှုပ်ခတ်သွားခြင်းသည် ပတ်ဝန်းကျင်ရှိ အရာအားလုံးနီးပါးကို လှုပ်သွားစေနိုင်သည်။ ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်မြို့ရှိ UCLA တက္ကသိုလ်၏ လေ့လာမှုတစ်ခုအရ ၁၉၉၄ ခုနှစ် Northridge ငလျင်ကြောင့် ထိခိုက်ဒဏ်ရာရသူအများစုမှာ လေးလံသော ပရိဘောဂများနှင့် အိမ်သုံးပစ္စည်းများ လူတို့အပေါ်သို့ပြုတ်ကျခြင်းကြောင့်ဖြစ်သည်ဟု သိရသည်။ ထို့ကြောင့် ငလျင်လှုပ်ခတ်နိုင်ကြောင်း ကြိုတင်တွက်ဆမိထားလျှင် ပြင်ဆင်ရန်မှာ အိမ်၏ခိုင်မာမှုနှင့် လုံခြုံနိုင်မှုကို ကနဦးပြင်ဆင်ထားရမည်။ အိမ်၌မရှိမဖြစ်လိုအပ်သောပစ္စည်းများကိုသာထားရှိပြီး ထုထည်ကြီးမားသော ပရိဘောဂပစ္စည်းများကို သင့်တော်ရာနေရာများတွင် သိမ်းဆည်းထားရမည်ဖြစ်သည်။

မြေငလျင်များသည် ကမ္ဘာ့မြေမျက်နှာပြင်အောက်ရှိ ကျောက်တုံးများ ရွေ့လျားခြင်းကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ပြီး မြေပြင်ပေါ်တွင် ရုတ်တရက်လျင်မြန်စွာ လှုပ်ယမ်းခြင်း ဖြစ်ပေါ်စေပါသည်။ မြေငလျင်များသည် နေ့၊ ည အချိန်မရွေး သတိပေးချက်မရှိဘဲ လှုပ်ခတ်နိုင်သည်။

ကယ်လီဖိုးနီးယားပြည်နယ်အတွင်းရှိ မြို့တိုင်းသည် ငလျင်အန္တရာယ်နှင့်ရင်ဆိုင်နေရသည်။ ကယ်လီဖိုးနီးယားသည် ငလျင်ဒဏ်ခံရဆုံးသော ပြည်နယ်များထဲကတစ်ခုဖြစ်ပြီး ပြတ်ရွေ့ပေါင်း ၁၆၀၀၀ ခန့်နှင့် လှုပ်ရှားနေသော ပြတ်ရွေ့ပေါင်း ၅၀၀ ကျော်ရှိသည်။ အလားတူ နိုင်ငံတိုင်းသည် ငလျင်လှုပ်ခတ်ခြင်းနှင့် ရင်ဆိုင်နေကြရသည်။ ပြင်းအားအနည်းအများသာ ကွာခြားနိုင်သည်။ ထို့ကြောင့် ငလျင်လှုပ်ခတ်နိုင်လျှင် ကြိုတင်သတိပေးချက်များကို အစဉ်အမြဲနားစွင့်ကာ ဆောင်ရန်၊ ရှောင်ရန်အချက်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့် မိမိကိုယ်တိုင်နှင့် မိသားစုကို ငလျင်လှုပ်ခတ်မှုဒဏ်မှကာကွယ်နိုင်မည်ဖြစ်သည်။

ထို့ပြင် အိမ်၏ဖွဲ့စည်းပုံဆိုင်ရာများကို ငလျင်ဒဏ်ခံနိုင်စေရန် ပြင်ဆင်ဆောင်ရွက်ခြင်းများ ပြုလုပ်ခြင်းဖြင့် အိမ်များသည် ငလျင်ဒဏ်ကို ပိုမိုခံနိုင်ရည်ရှိလာမည်ဖြစ်သည်။ ထို့ပြင် အဆောက်အအုံနှင့် လူနေအိမ်များဆောက်လုပ်ရာတွင် ငလျင်ဒဏ်ခံရနိုင်ခြေနည်းအောင် သက်ဆိုင်ရာဘူမိကျွမ်းကျင်ပညာရှင်များနှင့် တိုင်ပင်ဆွေးနွေးကာ ဆောက်လုပ်သင့်သည်။ ဤသို့ဆောင်လုပ်ခြင်းဖြင့် အိမ်၏အဆောက်အအုံဆိုင်ရာများကို ငလျင်ဒဏ်မှ အထိုက်အလျောက်ကာကွယ်သွားနိုင်မည်ဖြစ်သည်။

မြေငလျင်ဘေးကင်းရေးပြင်ဆင်မှုတွင် ငလျင်လှုပ်ခတ်သည့်အခါ သင့်အိမ်အတွက် ဖြစ်ပေါ်လာနိုင်သော အဆောက်အအုံဆိုင်ရာ ခြိမ်းခြောက်မှုများအကြောင်း နားလည်ရန်လိုအပ်ပါသည်။ ငလျင်ကြောင့် ထိခိုက်ပျက်စီးစေမှုများစွာရှိသည့်အတွက် သက်ဆိုင်ရာက ချမှတ်ထားသော ငလျင်မလှုပ်ခင်နှင့် လှုပ်ပြီးဆောင်ရွက်ရမည့် နည်းလမ်းများကို လိုက်နာဆောင်ရွက်ခြင်းဖြင့် ငလျင်ဒဏ်မှ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း ရေးသားအပ်ပါသည်။

**Earthquake Damage, Danger & Destruction ကို ဘာသာပြန်ဆိုပါသည်။**

# ချစ်စရာ့အရွယ် စာဖတ်မယ်

## ကလေး စာပေကဏ္ဍ

# သူ့နေရာနှင့်သူ

မင်္ဂလာပါ ကလေးတို့ရေ. . .။ ကလေးတို့ကို မမလေးက ဒီတစ်ခါလဲ ပုံပြင်လေးတစ်ပုဒ်ပြောပြအုံးမယ်ကွဲ့။ ပုံပြင်လေးရဲ့နာမည်က "သူ့နေရာနဲ့သူ"တဲ့။ ကလေးတို့လဲ မမလေးပြောပြမဲ့ပုံပြင်လေးကို သေချာနားထောင်ကြပေါ့ကွယ်။

ကဲ. . . ပုံပြင်လေးကတော့ ဒီလိုကွဲ့။ တစ်ခါတုန်းက အိမ်တစ်အိမ်မှာ ကြောင်လေးရွှေဝါနဲ့ ခွေးကလေးငနီတို့ရှိကြသတဲ့။ သူတို့နှစ်ကောင်ကို သူတို့သခင်ကလဲ သိပ်ချစ်သတဲ့ကွယ်။ သခင်က ရွှေဝါကြိုက်တဲ့ငါးတွေ အမြဲဝယ်ကျွေးသလို ငနီကြိုက်တတ်တဲ့အသားတွေလဲ အမြဲဝယ်ကျွေးသတဲ့။ သခင်ဖြစ်သူက သူတို့လေးတွေကိုသိပ်ချစ်တော့ သူတို့ကိုလဲ အစားအစာတွေ ဝအောင်ကျွေးတာပေါ့ကွယ်။ သခင်ကလဲ ရွှေဝါနဲ့ငနီကို ချစ်ချစ်ခင်ခင်နေဖို့ အမြဲဆုံးမသတဲ့။ ဒါပေမဲ့ သူတို့နှစ်ကောင်ဟာ မတည့်ကြဘူးတဲ့ကွယ်။

တစ်ကောင်နဲ့တစ်ကောင်မနာလိုဖြစ်ပြီး တစ်ကောင်ရဲ့အပြစ်ကို တစ်ကောင်က အမြဲရှာနေတတ်သတဲ့။ တစ်နေ့မှာတော့ သူတို့နှစ်ကောင်ဆုံဖြစ်ခဲ့ကြတယ်။ အဲဒီအချိန်က ရွှေဝါက-

"ဟေ့ ငနီမင်းအဆင်ပြေရဲ့လားကွ"လို့မေးသတဲ့။

ဒါနဲ့ ငနီက-

"ပြေတာပေါ့ကွာ။ သခင်က ငါ့ကို ပိုချစ်တော့ အသားတွေမျိုးစုံဝယ်ကျွေးတော့ အခုဆိုကြည့်လေ ငါဟာ မင်းထက်ခွန်အားဗလသာတယ်"လို့ ကြွားဝါပြောသတဲ့။

ငနီ့စကားကြောင့် ရွှေဝါကလဲ ဒေါသဖြစ်သွားသတဲ့။ ဒါကြောင့် သူကလဲ အခုလိုပြန်ပြောသတဲ့။

"မဟုတ်တာဗျာ။ ငါ့ကိုပိုချစ်လို့ သခင်က အိမ်ထဲမှာထားပြီး မွေ့ရာပေါ်မှာအိပ်စေတာကွ။ အခုဆိုငါ့ကိုကြည့်စမ်းပါအုံး မွေ့ရာနဲ့အိပ်ရလို့ ငါ့အမွေးတွေတောင်ချောမွတ်အိစက်နေတာကွ"လို့ ပြန်ချေပသတဲ့။

"အလကားပါကွာ ငါဟာ ခွန်အားဗလနဲ့ပြည့်စုံပြီး အားကိုးရတာကြောင့် သခင်က ငါ့ကိုယုံကြည်လို့ ညဘက်တွေမှာ ခြံတစ်ခြံလုံးကို ငါ့လက်အပ်ပြီး စောင့်ရှောက်စေတာကွ"လို့ ကိုယ်ရည်သွေးပြီး ပြောလိုက်သတဲ့။

ငနီ့စကားကိုကြားတော့ ရွှေဝါက ဟားတိုက်ရယ်သတဲ့။

"ဒီမှာ ငနီ ငါက ညအချိန်မှာအိမ်မှာသောင်းကျန်းနေတဲ့ ကြွက်တွေကိုဖမ်းပေးပြီး သခင့်ကျန်းမာရေးကို အထောက်အကူပြုနေတာကွ"လို့ ပြောလိုက်သတဲ့။

"မင်းဖမ်းတဲ့ကြွက်တွေကို ငါကလဲဖမ်းနိုင်တယ်ကွ။ ငါ့လိုမင်းခြံမစောင့်နိုင်ဘူး"လို့ ပြောလိုက်သတဲ့။

ရွှေဝါဟာ မခံမရပ်နိုင်ဖြစ်သွားပြီး သူလဲ ခြံစောင့်နိုင်ကြောင်း အရည်အချင်းယှဉ်တဲ့အနေနဲ့ နေရာချင်းလဲဖို့ သဘောတူလိုက်ကြသတဲ့။ ညအချိန်ရောက်တော့ ကြောင်ကလေးရွှေဝါဟာ ခြံစောင့်ဖို့ အပြင်ကိုထွက်လာခဲ့သတဲ့။ ခွေးကလေးငနီကလဲ ကြွက်ခုတ်ဖို့ ချောင်းမြောင်းနေရှာသတဲ့။ ညည့်နက်ချိန်အရောက်မှာတော့ ခြံထဲကို လူတစ်ယောက်ဝင်လာတာကို ရွှေဝါလေးတွေ့လိုက်သတဲ့။ ရွှေဝါလေးဟာ "ညောင်. . . ညောင်. . ."လို့ အော်ပေမဲ့ အိမ်ရှင်တွေကမနိုးကြဘူးတဲ့။ သူခိုးကို ပြေးကိုက်မယ်ကြံတော့ ရွှေဝါလေးဟာ သေးငယ်တဲ့အတွက် မယှဉ်နိုင်ဘူးပေါ့ကွယ်။ ငနီကလဲ ကြွက်ကို ချောင်းမြောင်းနေတာပေါ့ကွယ်။ ကြွက်က အရမ်းလျင်မြန်တော့ ငနီမှာ ဖမ်းမိဖို့မလွယ်ကူဘူးပေါ့ကွယ်။ ငနီဟာ တွင်းထဲကထွက်လာတဲ့ ကြွက်ကို လှမ်းဖမ်းတာလွတ်သွားတာကြောင့် ပြေးလိုက်သတဲ့။ အဲဒီအချိန်မှာ ခြံထဲကိုခိုးဝင်လာတဲ့ သူခိုးနဲ့တွေ့ပြီး "ဝုတ်. . . ဝုတ်. . . ."လို့ ကျယ်လောင်စွာအော်ဟစ်ပြီး သူခိုးကို အားမာန်အပြည့်နဲ့ လှမ်းကိုက်လိုက်သတဲ့ကွယ်။ သူခိုးကလဲ မပြေးနိုင်ဘဲ ပစ်လဲသွားသတဲ့။ ငနီအော်သံကြောင့် အိမ်ရှင်တွေလဲ လန့်နိုးသွားပြီး သူခိုးကို ဖမ်းမိသွားတာပေါ့ကွယ်။ အဲဒီအချိန်မှာပဲ ကြောင်ကလေး ရွှေဝါဟာ အနံ့တစ်ခုရတာကြောင့် မီးဖိုထဲကို လျင်မြန်စွာခြေဖော့ပြေးပြီး မွှေနှောက်နေတဲ့ ကြွက်ကို အလွယ်တကူပဲ ခုန်အုပ်ဖမ်းလိုက်သတဲ့။ ဒါကို ငနီမြင်တော့ အလွန်အံ့ဩပြီး-



"တော်လိုက်တာ ရွှေဝါရာ ငါကတော့ ကြွက်မဖမ်းနိုင်ဘူးကွာ"လို့ ပြောသတဲ့။

"ငနီရာ မင်းက ကြွက်ဖမ်းမတော်ပေမဲ့ ငါမလုပ်နိုင်တဲ့ သူခိုးဖမ်းတာကိုလုပ်နိုင်တဲ့အတွက် ဂုဏ်ယူပါတယ်"လို့ ပြောလိုက်သတဲ့။

ငနီက "ရွှေဝါရာ ငါတို့တွေဟာ တစ်မိုးအောက်မှာနေပြီး တစ်ကောင်နဲ့တစ်ကောင် မနာလိုမုန်းထားစိတ်တွေဖြစ်နေမဲ့အစား တစ်ကောင်နဲ့တစ်ကောင် ချစ်ချစ်ခင်ခင်နေကြပြီး သခင့်အကျိုးကို အတူတကွလုပ်ဆောင်ကြတာပေါ့ကွာ"

"အေးပါ သူငယ်ချင်းငနီရာ မင်းစကားကို ငါလက်ခံပါတယ်"လို့ ရွှေဝါကလဲ ပြန်ပြောလိုက်သတဲ့။ အဲဒီနေ့ကစလို့ ရွှေဝါနဲ့ငနီဟာ သူသာတယ်၊ ငါစွမ်းတယ် မာန်မာနတွေ မပြိုင်ကြတော့ဘဲ ချစ်ချစ်ခင်ခင်နေထိုင်ကြတော့သတဲ့ကွယ်။

ကလေးတို့ရေ မမလေးပြောပြတဲ့ ပုံပြင်လေးကတော့ ဒါပါပဲကွယ်။ ကလေးတို့လဲ ပုံပြင်လေးထဲက မှတ်သားလိုက်နာဖွယ်ရာတွေကို အတုယူပြီး နေထိုင်တတ်ကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။ နောက်ထပ်လဲ ကလေးလေးတို့အတွက် ပုံပြင်လေးတွေ ပြောပြပေးအုံးမှာဖြစ်တဲ့အတွက် မမလေးကို စောင့်မျှော်အားပေးကြပါအုံးနော်။ တာ့တာပါ ကလေးလေးတို့ရေ. . .။

**မမလေး**

# အရှက်ဦးမင်္ဂလာ



◆ ငှက်ကလေးတွေ တေးသီဆို
နံနက်ခင်းကို ကြို၊
သပိတ်ကိုယ်စီ ရှင်ရဟန်း
ရွာအတွင်းကို လှမ်း။

◆ ဆွမ်းချိုင့်ထမ်းတဲ့ ကျောင်းသားတွေ
နောက်ကလိုက်ပါနေ၊
ဘွားမေလေးက ဆွမ်းတော်ခူး
ဝမ်းမြောက်စိတ်ကြည်နူး။

◆ အရုဏ်ဦးရဲ့ မင်္ဂလာ
ဂုဏ်ကျက်သရေဖြာ၊
နေ့စဉ်တိုင်းမှာ ဆွမ်းတော်လောင်း
မြန်မာ့ဓလေ့ကောင်း။ ။

**မိုးခနွဲ့ကျော်(မြစ်သား)**

# လမ်းလျှောက်စို့

◆ လမ်းလျှောက်ခြင်းရဲ့ အာနိသင်
ကျန်းမာရေးတွက် အသုံးဝင်၊
ကျန်းမာပျော်ရွှင် အလှတိုး
အားကစားလည်း ချစ်မြတ်နိုး။

◆ ဘဝတန်ဖိုး ရှိဖို့ရာ
ကိုယ်စိတ်ကျန်းမာဖို့လိုတာ၊
ကိုယ်ရောစိတ်ပါ ကျန်းမာဖို့
စောစောထလို့ လမ်းလျှောက်စို့
နေ့စဉ်မှန်မှန်ဗျို့။ ။

**ကန်မြဲ ချစ်မင်းဝေ**



# ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၉ ရက်ထိ တမူးနယ်စပ်ကုန်သွယ်ရေးစခန်းက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၂၃၇ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့




**နေပြည်တော် ဒီဇင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီးရှိ တမူးနယ်စပ်ကုန်သွယ်ရေးစခန်းက ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၉ ရက်ထိ ကာလအတွင်း ပြည်ပသို့ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၂၃၇ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးထက်အောင်ဝင်းက ပြောပြ၍ သိရသည်။

ထိုသို့ဆောင်ရွက်နိုင်ခဲ့ရာတွင် စစ်ကိုင်းတိုင်းဒေသကြီးရှိ တမူးနယ်စပ် ကုန်သွယ်ရေးစခန်းက ပြည်ပသို့ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၉ ရက်ထိ ကာလအတွင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၇ ဒသမ ၁၆ သန်းနှင့် ပြည်ပမှ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၇၇ စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၂၃၇ သန်းဖိုးထိ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးရှိ တမူးနယ်စပ်ကုန်သွယ်ရေးစခန်းက အခုဘဏ္ဍာနှစ်မှာ ပို့ကုန်အနေနဲ့ အမေရိကန်ဒေါ်လာ သန်း ၇၀ ခန့် တင်ပို့နိုင်အောင် သွင်းကုန်အနေနဲ့ အမေရိကန်ဒေါ်လာ ၄၀ သန်းခန့်နဲ့ ကုန်သွယ်မှုပမာဏ ၇၅ သန်းကျော်ရောက်ရှိရေးကို ဆောင်ရွက်နေရာမှ အခုဆိုရင် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၂၃၇ သန်းရောက်ရှိ လာပြီဖြစ်တဲ့အတွက် လျာထားဆောင်ရွက်ချက်ရဲ့ ၂၃ ဒသမ ၃၁၃ ရာခိုင်နှုန်းကို ရောက်ရှိ ဆောင်ရွက်နိုင်ပြီဖြစ်ပါတယ်" ဟု မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးထက်အောင်ဝင်းက ပြောပြ၍ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးရှိ တမူးနယ်စပ် ကုန်သွယ်ရေးစခန်းက ပြည်ပသို့ ကုန်သွယ်မှုဆောင်ရွက်ရာတွင် မြန်မာနိုင်ငံက အများဆုံး ပို့ကုန်များအနေဖြင့် ကွမ်းသီး၊ အုန်းသီး၊ တမူးမြို့နယ်ရှိ နန့်ဖာလုံဒေသထွက်ကုန်စုံနှင့် စီးကရက်တို့ဖြစ်ပြီး သွင်းကုန်များအနေဖြင့် ဓာတ်မြေသြဇာနှင့် ဆံပင်တုတို့ဖြစ်ကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးထက်အောင်ဝင်းက ဆက်လက်ပြောပြ၍ သိရသည်။

ASH

# မင်းပြားမြို့နယ် အိမ်ရှေ့မင်းကျေးရွာ၌ ဂဝံမြေသားလမ်းခင်းနေမှု စစ်ဆေး

**မင်းပြား ဒီဇင်ဘာ ၁၇**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် အိမ်ရှေ့မင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံမြေသား ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ အိမ်ရှေ့မင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၁၆၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် တစ်ပေခြောက်လက်မရှိ ဂဝံမြေသားခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သိန်းက ကျေးရွာတွင်းလမ်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သတ်မှတ်စံချိန်စံညွှန်းအတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း မှာကြားခဲ့သည်။

အဆိုပါ ကျေးရွာတွင်းလမ်း ဂဝံမြေသား ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၅ သိန်း စုစုပေါင်းငွေကျပ် ၁၁၅ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာများပံ့ပိုး၍ အနီးကပ်ကြီးကြပ်ကာ နိုဝင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၆ ရက်နေ့ထိ ၈၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ မင်းပြားမြို့နယ်အတွင်း ယခုဘဏ္ဍာနှစ်တွင် ကျေးရွာသုံးရွာ၌ VDP စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သိန်းက ပြောပြ၍ သိရသည်။

**ကိုသန်း**













## ဖခင်အမည်မှန်

သာစည်မြို့နယ်၊ အ. ထ. က ရွှေတုတ်ကုန်း၊ Grade-11တွင် ပညာသင်ကြားနေသော မောင်ညာဏ်ဖြိုး၏ ဖခင်သည် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးယဉ်နိုင်ဦး ဖြစ်ပါကြောင်း။

**ဦးယဉ်နိုင်ဦး (၉/သစန(နိုင်)၁၂၆၁၃၃)**

## တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

မန္တလေး၊ အမရပူရမြို့နယ်၊ ကံရိုးကျေးရွာနေ ဦးစန်းဝင်း-ဒေါ်ငယ် တို့၏သမီး မနေခြည်ဦး(၉/အမရ(နိုင်)၁၀၈၄၃၃) နှင့် မနေကြည်ဦး သည် တစ်ဦးတည်း ဖြစ်ပါကြောင်းနှင့် ၎င်း၏မွေးသက္ကရာဇ်အမှန်မှာ (၃၀-၇-၁၉၈၃) ဖြစ်ပါကြောင်း။

**မနေခြည်ဦး(ခ)မနေကြည်ဦး**

**၃၀-၇-၁၉၈၃**

ပျောက်ဆုံးကြောင်း

အောင်မြေသာစံမြို့နယ်နေ ဒေါ်ခင် သက်ဟင် (ဘ) ဦးမိုးဟာကော်ဟာခမ်း (၅/ ရဘန(နိုင်)၀၀၂၈၃၅)၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်း ကြားပေးပါရန်။ ၀၉-၄၃၁၀၆၀၂၂

မီး
သတိပြု

တိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

“အဂတိပယ်ခွာ ပြည်သာယာ”

**Remove Corruption, Promote Prosperity**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် ဖျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) နှင့်အညီ ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ် ...

❖ ဆူပူအကြမ်းဖက်မှုများကိုလည်း ဥပဒေနှင့်အညီသာ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ခြင်းဖြစ် ...

❖ ဖြစ်ပေါ်ခဲ့သည့် ရွေးကောက်ပွဲမသမာမှုများကို ဖြေရှင်းရန်အတွက် သက်ဆိုင်ရာအစိုးရတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏အာဏာကို အတင်းအဓမ္မရယူရန် ဆောင်ရွက်လာခဲ့သဖြင့် နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာ ထမ်းဆောင်ခဲ့ရခြင်းဖြစ် ...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များကိုတွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)**

# အဖျက်အမှောင့်လုပ်ငန်းများလုပ်ဆောင်ရန် လက်နက်၊ ခဲယမ်းများသယ်ဆောင်လာသည့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များကို ကျောက်မဲခရိုင် နမ့်ဆန်မြို့နယ် ကုန်းသာရွာအနီး တပ်မတော်စစ်ကြောင်းများက အချိန်မီတိုက်ခိုက်၊ လက်နက်၊ ခဲယမ်းများ သိမ်းဆည်းရမိ



တပ်မတော်စစ်ကြောင်းများ၏ အချိန်မီတိုက်ခိုက်မှုကြောင့် သိမ်းဆည်းရမိခဲ့သော PDFအမည်ခံအကြမ်းဖက်အဖွဲ့များထံမှ အဖျက်အမှောင့်လုပ်ငန်းများလုပ်ဆောင်ရန် သယ်ဆောင်လာသည့် လက်နက်၊ ခဲယမ်းများ၊ ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများကို တွေ့ရစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၇**

နယ်မြေတည်ငြိမ်အေးချမ်းမှုကိုပျက်ပြားစေသော လုပ်ရပ်နှင့် အကြမ်းဖက်လုပ်ဆောင်မှုကို ဆန့်ကျင်လိုကြသည့် ဒေသခံတောင်ပေါ်တိုင်းရင်းသားအချို့၏ လျှို့ဝှက်ဆက်သွယ်သတင်းပေးပို့မှုအရ NUG၊ CRPH တို့၏ ဆက်သွယ်ညွှန်ကြားမှုဖြင့် လက်နက်၊ ခဲယမ်းနှင့် ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများ သယ်ဆောင်လာသည့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ ရောက်ရှိနေကြောင်း တပ်မတော်မှသိရှိရ၍ ဒီဇင်ဘာ ၇ ရက်တွင် ကျောက်မဲခရိုင် နမ့်ဆန်မြို့နယ် ကုန်းသာရွာအနီးသို့ တပ်မတော်စစ်ကြောင်းများက လေကြောင်းချီစစ်ဆင်ကာ အချိန်မီတိုက်ခိုက်၍ လက်နက်၊ ခဲယမ်းများ သိမ်းဆည်းရရှိခဲ့သည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် ဂန့်ဂေါမြို့နယ်နှင့် မင်းကင်းမြို့နယ်အကြား တောတွင်းပုန်းအောင်း၍ အကြမ်းဖက်လုပ်ရပ်များပြုလုပ်ကာ အပြစ်မဲ့ပြည်သူများနှင့် ဝန်ထမ်းများကို ပြန်ပေးဆွဲ၊ ဖမ်းဆီးသတ်ဖြတ်လျက်ရှိသော PDF အမည်ခံအကြမ်းဖက်အဖွဲ့များသည် NUG၊ CRPH တို့နှင့်ဆက်သွယ်၍ ပလောင်ဒေသမှတစ်ဆင့် အကြမ်းဖက်လုပ်ငန်းများပိုမိုလုပ်ဆောင်ရန်

စာမျက်နှာ ၂၂ ကော်လံ ၁ ☆

**KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကသာမြို့နယ်ရှိ နောင်ပင်ကျေးရွာ၊ မိုးဒါးကြီးကျေးရွာနှင့် ဟဲနားကျေးရွာ(ရွာဟောင်း)အတွင်းရှိ နေအိမ်များကို မီးရှို့ဖျက်ဆီး**

စာမျက်နှာ - ၂၂

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ**

စာမျက်နှာ - ၈

**မန္တလေး-တကောင်း ရေလမ်းကြောင်းတစ်လျှောက်တွင် ရေလမ်းညွှန်အမှတ်အသား အခုရေ ၂၈၀ စိုက်ထူမှုပြီးစီး**

စာမျက်နှာ - ၂

Quality For You ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ Quality For You




ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၀၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၄၉